# Political Finance Regulations Around the World:

An Overview of the International IDEA Database

# ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး ဘဏ္ဍာငွေ စည်းမျဉ်းများ

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးရေးနိုင်ငံတကာအဖွဲ့အစည်း
*(International IDEA)* ၏ *Database* မှ အကျဉ်းချုပ်တင်ပြချက်



INTERNATIONAL IDEA INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများ

*ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးရေးနိုင်ငံတကာအဖွဲ့အစည်း (International IDEA) ၏ Database မှ အကျဉ်းချုံးတင်ဆက်မှု*

၂

*မက်ဂ်နပ်စ် အိုမန်*

International IDEA ၏ နိုင်ငံရေးရာ အရင်းအမြစ်များ ပါဝင်မှု

© ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာပံ့ပိုးရေး နိုင်ငံတကာအဖွဲ့အစည်း၊ ၂၀၁၅
© အင်္ဂလိပ် ဘာသာဖြင့်ထုတ်ဝေမှု၊ ၂၀၁၂

International IDEA ၏ ပုံနှိပ်ဖြန့်ချိမှုများသည် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေး သို့မဟုတ် နိုင်ငံရေးအယူအဆများနှင့် သက်ဆိုင်မှုမရှိပါ။ ဤစာအုပ်တွင် ဖော်ပြထားသော အတွေးအ မြင် အယူအဆများသည် International IDEA၊ ယင်း၏ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီအဖွဲ့ဝင်များ၏ အယူအဆများလည်း မဟုတ်ကြပါချေ။ ထို့အတူ ဤစာအုပ်တွင် အသုံးပြုထားသော မြေပုံများသည် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတစ်ခု အတွက် ဥပဒေအရသတ်မှတ်ထားသော နယ်မြေအကျယ်အဝန်းများကိုလည်း တိုက်ရိုက် ကိုယ်စားပြုခြင်းမရှိပါ။ အဆိုပါမြေပုံများသည် စာပါအကြောင်းအရာများအား ပိုမိုရှင်းလင်း စေရန်အလို့ငှာ ထည့်သွင်းဖော်ပြထားခြင်းသာဖြစ်သည်။

ယခုအစီရင်ခံစာသည် ၂၀၁၂ ဖေဖော်ဝါရီလအထိ ရရှိသမျှသော သတင်းအချက်အလက် များကို အခြေပြု၍ ပြုစုထားခြင်းဖြစ်ပါသည်။ အဆိုပါသတင်းအချက်အလက်များနှင့် မြေပုံ များကို International IDEA ၏ အင်တာနက်စာမျက်နှာပေါ်တွင် ခေတ်နှင့်အညီ မွမ်းမံပြင်ဆင် ထားပါသည်။ နောက်ဆုံးရ သတင်းအချက်အလက် များကို <http://www.idea.int/political-finance> တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။

ဤစာအုပ်၏တစ်စိတ်တစ်ပိုင်း သို့မဟုတ် အားလုံးကို ဘာသာပြန်ဆိုခြင်း သို့မဟုတ် ပြန် လည်ပုံနှိပ်ခြင်းများပြုလုပ်လိုပါက အောက်ဖော်ပြပါလိပ်စာသို့ ခွင့်ပြုချက်တောင်းခံနိုင်ပါ သည်-

Publications Office
International IDEA
SE -103 34 Stockholm
Sweden

International IDEA အနေဖြင့် ယင်းတို့၏လုပ်ဆောင်ချက်များအားပြန်လည်ဖြန့်ဝေသည် ကို တိုက်တွန်းအားပေးပါကြောင်းနှင့် ထိုကဲ့သို့တောင်းခံလာပါက အမြန်ဆုံးနည်းဖြင့် ပြန် လည်အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။

မူရင်းဒီဇိုင်းနှင့် အပြင်အဆင်- Turbo Design
မြန်မာဘာသာ ဒီဇိုင်းနှင့် အပြင်အဆင်- သွန်းနဒီ ပုံနှိပ်တိုက်
သွန်းနဒီ ပုံနှိပ်တိုက်မှထုတ်ဝေသည်။

ISBN: 978-91-87729-92-8

# မာတိကာ


**နိဒါန်း** ........................................ ၇

**Database အကြောင်းမိတ်ဆက်** ........................................ ၈

**အဓိကတွေ့ရှိချက်များ** ........................................ ၁၃

**၁။ ဒေသအလိုက်နှင့် ကမ္ဘာလုံးဆိုင်ရာခွဲခြမ်းစိတ်ဖြာခြင်း** ........................................ ၁၅

က) ကမ္ဘာ့နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများ ........................................ ၁၅

ခ) လှူဒါန်းမှုများအပေါ်တားမြစ်ချက်များ ........................................ ၁၇

ဂ) လှူဒါန်းမှုများအပေါ် ကန့်သတ်ချက်များ ........................................ ၂၆

ဃ) လူထုထည့်ဝင်ငွေအတွက် ပြဋ္ဌာန်းချက်များ ........................................ ၃၁

င) အသုံးစရိတ်အပေါ် တားမြစ်ချက်များ ........................................ ၄၅

စ) အသုံးစရိတ်အပေါ် ကန့်သတ်ချက်များ ........................................ ၄၉

ဆ) ဘဏ္ဍာရေးရှင်းတမ်း ........................................ ၅၃

ဇ) အရေးယူခြင်းနှင့် အကျိုးသက်ရောက်စေခြင်း ........................................ ၅၇

**၂။ နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများနှင့် အခြားသော ကိန်းရှင်များ** ........................................ ၆၂

က) နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းနှင့် လွတ်လပ်ခွင့်အဆင့်အတန်း ........................................ ၆၂

ခ) နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းနှင့် အကျင့်ပျက်ခြစားမှုအယူအဆ ........................................ ၆၇

ဂ) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ ........................................ ၇၁

ဃ) နိုင်ငံရေးဘဏ္ဍာငွေဆိုင်ရာ ပွင့်လင်းမြင်သာမှု ........................................ ၇၄

**နိဂုံး** ........................................ ၇၇

**နောက်ဆက်တွဲ - Database ထဲတွင်ရှိသော မေးခွန်းများစာရင်း** ........................................ ၈၀

**ကျမ်းကိုးစာရင်း** ........................................ ၈၄

**IDEA အကြောင်း တစေ့တစောင်း** ........................................ ၈၅

## ပုံနှင့်ဇယားများစာရင်း

ဇယား ၁။ မေးခွန်းအမျိုးအစားများ ........................................................ ၈
ဇယား ၂။ လျှုဒါန်းမှုများအပေါ်တားမြစ်ချက်များ၏ အကျိုးရလဒ် .............. ၂၂
ဇယား ၃။ လျှုဒါန်းမှုများအပေါ်တားမြစ်ချက်အားဒေသအလိုက် လေ့လာခြင်း . ၂၅
ဇယား ၄။ လျှုဒါန်းမှုများအပေါ်ကန့်သတ်ချက်များ၏ အကျိုးရလဒ် ............ ၂၉
ဇယား ၅။ လျှုဒါန်းမှုများအပေါ်ကန့်သတ်ချက်အားဒေသအလိုက် လေ့လာခြင်း ၃၀
ဇယား ၆။ လူထုတိုက်ရိုက်ထည့်ဝင်ငွေအတွက် အရည်အချင်းသတ်မှတ်ချက်
ပုံစံများ ...................................................................... ၃၄
ဇယား ၇။ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအား ခွဲဝေမှုပုံစံများ ....................... ၃၆
ဇယား ၈။ လူထုမှသွယ်ဝိုက်ထည့်ဝင်ငွေ ပုံစံများ .................................... ၃၈
ဇယား ၉။ လူထုထည့်ဝင်ငွေနှင့်ကျား/မ အချိုးညီမျှမှုအဆက်အစပ်အရ
လွှတ်တော်တွင်အမျိုးသမီးများအတွက် ခွဲတမ်းနေရာများ ............ ၄၁
ဇယား ၁၀။ လူထုထည့်ဝင်ငွေအတွက် ပြဋ္ဌာန်းချက်များ၏အကျိုးရလဒ် ......... .၄၂
ဇယား ၁၁။ လူထုထည့်ဝင်ငွေအတွက် ပြဋ္ဌာန်းချက်များအားဒေသအလိုက်
လေ့လာခြင်း ............................................................... ၄၄
ဇယား ၁၂။ အသုံးစရိတ်တားမြစ်မှု၏ အကျိုးရလဒ် ................................. ၄၈
ဇယား ၁၃။ အသုံးစရိတ်တားမြစ်မှုအားဒေသအလိုက် လေ့လာခြင်း ............. ၄၈
ဇယား ၁၄။ နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများအတွက်အသုံးစရိတ်
ကန့်သတ်ချက်၏ အကျိုးရလဒ် .........................................၅၁
ဇယား ၁၅။ နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများအတွက်
အသုံးစရိတ်ကန့်သတ်ချက်အားဒေသအလိုက်လေ့လာခြင်း .........၅၂
ဇယား ၁၆။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ တင်သွင်းရန်
လိုအပ်သည့်အစီရင်ခံစာ ..........................................၅၄
ဇယား ၁၇။ ဘဏ္ဍာရေးရှင်းတမ်းသတ်မှတ်ချက်၏ အကျိုးရလဒ် ................ ၅၆
ဇယား ၁၈။ ဘဏ္ဍာရေးရှင်းတမ်းသတ်မှတ်ချက်အားဒေသအလိုက်လေ့လာခြင်း ၅၇
ဇယား ၁၉။ နိုင်ငံရေးဘဏ္ဍာငွေကြီးကြပ်မှုအဖွဲ့တွင်ပါဝင်သောအဖွဲ့အစည်းများ ..၅၉
ဇယား ၂၀။ နိုင်ငံအသီးသီးအလိုက် ကျင့်သုံးသော အရေးယူမှုများ ................ ၆၀
ဇယား ၂၁။ အကျိုးသက်ရောက်စေခြင်းနှင့် အရေးယူခြင်း၏ အကျိုးရလဒ် .....၆၁
ဇယား ၂၂။ နိုင်ငံတစ်ခုချင်းစီ၏ လွတ်လပ်ခွင့်အပေါ်မူတည်၍ အကျိုးရလဒ်
ပျက်ပြားမှု အနေအထား ..........................................၆၅

ဇယား ၂၃။ နိုင်ငံတစ်ခုချင်းစီ၏ အကျင့်ပျက်ခြစားမှုအယူအဆ အဆင့်အတန်း
အပေါ်မူတည်၍ အကျိုးရလဒ်ပျက်ပြားမှုအနေအထား……………၆၉

ပုံ ၁။ Database ထဲတွင်ရှိသော နယ်မြေဒေသများ ………………………….. …၁၀

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| EMB | Electoral Management Body<br>ရွေးကောက်ပွဲစီမံခန့်ခွဲအဖွဲ့အစည်း |
| GRECO | Group of States against Corruption<br>အကျင့်ပျက်ခြစားမှုကို ဆန့်ကျင်သောနိုင်ငံများအဖွဲ့ |
| I$ | International Dollar<br>နိုင်ငံတကာသုံး ငွေကြေး (ဒေါ်လာ) |
| PR | Proportional Representation<br>အချိုးကျကိုယ်စားပြုစနစ် (ရွေးကောက်ပွဲစနစ်တစ်မျိုးဖြစ်ပါသည်) |
| TI | Transparency International<br>နိုင်ငံတကာ ပွင့်လင်းမြင်သာမှု |
| UN | United Nations<br>ကမ္ဘာ့ကုလသမဂ္ဂ |

## နိဒါန်း

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာပံ့ပိုးရေး နိုင်ငံတကာအဖွဲ့အစည်း International IDEA ၏နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းဆိုင်ရာ Database ကို ၂၀၀၃ ခုနှစ်တွင် ကနဦးစတင် တည်ထောင်ခဲ့ပြီး ထိုအချိန်မှစတင်ကာ ကမ္ဘာ့ရှေ့ဆောင် သတင်းအချက်အလက် ဆိုင်ရာ အရင်းအမြစ်တစ်ခုဖြစ်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် International IDEA က ယင်း၏ Database ကို ပြန်လည်သုံးသပ်ပြီး ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ရန်နှင့် အခြားသောနယ်ပယ်များဖြစ်သည့် ကိုယ်စားလှယ်လောင်းအတွက် ဘဏ္ဍာငွေ၊ ကျား/မ ကဏ္ဍများနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများအား အလွဲသုံးစားပြုလုပ်ခြင်း စသည်တို့ကိုပါ တိုးချဲ့ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၈၀တို့၏ နိုင်ငံရေး ဘဏ္ဍာငွေဆိုင်ရာ နောက်ဆုံးရသတင်းအချက်အလက်များကို Database တွင် ရယူ နိုင်ပြီဖြစ်ပါသည်။

ယခုအစီရင်ခံစာသည် Database အကြောင်းမိတ်ဆက်ရန်နှင့် ကမ္ဘာ့နိုင်ငံ အသီးသီး တို့၏ နိုင်ငံရေးဘဏ္ဍာငွေဆိုင်ရာ စည်းမျဉ်းများကို နှိုင်းယှဉ်လေ့လာ နိုင်စေရန်အတွက် ရည်ရွယ်ပါသည်။ ခွဲခြမ်းစိတ်ဖြာ လေ့လာရာတွင် အပိုင်း (၂) ပိုင်းဖြင့် တင်ဆက်ထား ပါသည်။ ပထမအပိုင်းဖြစ်သော **"ဒေသအလိုက်နှင့်ကမ္ဘာလုံးဆိုင်ရာခွဲခြမ်းစိတ်ဖြာ ခြင်း"**သည် Database ထဲတွင်ဖော်ပြထားသည့် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ စည်းမျဉ်း များနှင့် အခြေအနေအရပ်ရပ်တို့ကို ဖော်ပြထားပါသည်။ စည်းမျဉ်းအမျိုးမျိုးအတွက် မြေပုံအမျိုးမျိုးကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ ဒုတိယအပိုင်းဖြစ်သော **"နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများနှင့် အခြားသောကိန်းရှင်များ"** သည် Database ထဲတွင် မပါဝင်သော ကိန်းရှင်များအကြောင်းကို မိတ်ဆက်ဖော်ပြထားပြီး ၎င်းတို့သည် နိုင်ငံရေးဘဏ္ဍာငွေနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော်လည်း နိုင်ငံရေးလွတ်လပ်ခွင့် အဆင့်အတန်းနှင့် စည်းမျဉ်းပုံစံမျိုးကွဲများ စသည့် အခြေခံအကြောင်းရင်းများ အကြား ဆက်စပ်မှုရှိ/မရှိတို့ကို လေ့လာနိုင်စေရန် တင်ပြထားပါသည်။

ယခုစာအုပ်သည် သတင်းအချက်အလက်များကို စုစည်းတင်ပြထားခြင်းသာ ဖြစ်သဖြင့် လေ့လာတွေ့ရှိချက်များကိုမူတည်၍ သုံးသပ်ချက်များ ပြုလုပ်ထားခြင်းမရှိ သကဲ့သို့ Database ထဲရှိ သတင်းအချက်အလက်များ အတွက်လည်း အကျယ်တဝင့် အသေးစိတ် ရှင်းလင်းထားခြင်းမပြုပါ။ သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံး ဆိုင်ရာ စည်းမျဉ်းများကို စိတ်ပါဝင်စားသူများက ဆက်လက်လုပ်ဆောင် ကြမည်ဟု ကျွန်ုပ်တို့မျှော်လင့်ထားပါသည်။ ရှုပ်ထွေးနက်နဲလှသော အကြောင်းခြင်းရာ တစ်ရပ် ဖြစ်သည့် "ငွေကြေးနှင့်နိုင်ငံရေး"ဟူသည့်ကိစ္စတွင် ကျွန်ုပ်တို့ရှာဖွေစုဆောင်းထားသည့် သတင်းအချက်အလက်များသည် မည်သည့်ပုံစံဖြင့် အသုံးတော်ခံမည်ကို ဆက်လက် စောင့်မျှော်နေမည်သာဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ယခုစီမံကိန်းအတွက် ပါဝင်အားဖြည့်ခဲ့ကြသော သုတေသီများနှင့် ပညာရှင်များကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ အထူးသဖြင့် စာအုပ်၏ အရည်အသွေးအတွက် ကြီးကြပ်ကူညီပေးခဲ့ကြသော အီလင်းဖယ်ဂူးရီးယားနှင့်

ဆမ်ဗန်ဒါစတက်ခ် တို့ကိုလည်းကောင်း၊ ယခုစာအုပ်ကို အဆင်ပြေချောမွေ့စွာ ထုတ်ဝေဖြန့်ချိနိုင်ခဲ့သည့် International IDEA ၏ ထုတ်ဝေရေးမန်နေဂျာ နာဒီယားဟန်ဒယ်ဇန်ဒါကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ဒေတာဘေ့စ်အကြောင်းမိတ်ဆက်

ပြန်လည်မွမ်းမံထားသော International IDEA ၏ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများ Database တွင် နိုင်ငံရေးဘဏ္ဍာငွေအတွက် သီးခြားမေးခွန်းပေါင်း ၄၃ ခုကို ဖြေဆိုထားပါသည်။ ဝင်ငွေဆိုင်ရာ စည်းမျဉ်း၊ အသုံးစရိတ်ဆိုင်ရာ စည်းမျဉ်းနှင့် အရေးယူခြင်းနှင့်အကျိုးသက်ရောက်စေခြင်းဆိုင်ရာစည်းမျဉ်းများဟူ၍ မေးခွန်းများကို အပိုင်း ၃ ပိုင်း ခွဲခြားထားပါသည်။ ဤစာအုပ်၏ရည်ရွယ်ချက်များအရ မေးခွန်း ၄၃ ခုကို ဇယား-၁ တွင်ဖော်ပြထားသည့်အတိုင်း အမျိုးအစား ၇ မျိုးထပ်မံခွဲခြားထားပါသည်။ မေးခွန်းအပြည့်အစုံစာရင်းကို နောက်ဆက်တွဲတွင် ကြည့်ရှုနိုင်ပါသည်။

### ဇယား ၁။ မေးခွန်းအမျိုးအစားများ

| အမျိုးအစား | မေးခွန်းများ | မှတ်ချက် |
|---|---|---|
| လှူဒါန်းမှုများအပေါ် တားမြစ်ချက်များ | ၁-၁၂ | နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများအား လှူဒါန်းရာတွင် မည်သူအား ခွင့်ပြုသည် (သို့မဟုတ် ခွင့်မပြုကြောင်း) နှင့်စပ်လျဉ်းသော မေးခွန်းများ။ |
| လှူဒါန်းမှုများအပေါ် ကန့်သတ်ချက်များ | ၁၃-၁၈ | လှူဒါန်းရာတွင် ခွင့်ပြုထားသော သတ်မှတ်ပမာဏနှင့် စပ်လျဉ်းသော မေးခွန်းများ။ |
| လူထုထည့်ဝင်ငွေအတွက်ပြဋ္ဌာန်းချက်များ | ၁၉-၂၈ | နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအား နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် စပ်လျဉ်း၍ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြဋ္ဌာန်းထားချက်များ ဆိုင်ရာ မေးခွန်းများ၊ ကျား/မ အချိုးညီမျှမှုနှင့်စပ်လျဉ်းသော မေးခွန်းများ။ |
| အသုံးစရိတ်အပေါ် တားမြစ်ချက်များ | ၂၉-၃၀ | မဲဝယ်ခြင်းဆိုင်ရာတားမြစ်ချက်များနှင့် မဲဆွယ်လှုပ်ရှားရာတွင် နိုင်ငံတော်ပိုင်ပစ္စည်းများအား အသုံးပြုခြင်းနှင့်ဆိုင်သော မေးခွန်း ၂ ခု။ |
| အသုံးစရိတ်အပေါ် ကန့်သတ်ချက်များ | ၃၁-၃၄ | နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် အသုံးစရိတ်ကန့်သတ်ချက်နှင့် စပ်လျဉ်းသော မေးခွန်းများ။ |
| ဘဏ္ဍာရေးရှင်းတမ်း | ၃၅-၃၉ | နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ဘဏ္ဍာရေးရှင်းတမ်း တင်ပြရာတွင် လိုအပ်ချက်များနှင့် စပ်လျဉ်းသော မေးခွန်းများ။ |
| အရေးယူခြင်းနှင့်အကျိုးသက်ရောက်စေခြင်း | ၄၀-၄၃ | နိုင်ငံရေးဘဏ္ဍာငွေကြီးကြပ်ရာတွင် ပါဝင်သောအဖွဲ့အစည်းများနှင့် အရေးယူဆောင်ရွက်ခြင်းများ အတွက်နောက်ဆုံးမေးခွန်းများ။ |

အခန်း-၁ သည် အထက်ဖော်ပြပါ မေးခွန်းအမျိုးအစားများကို အပြန်အလှန်လေ့လာမှု ပြုလုပ်ထားပါသည်။ သက်ဆိုင်ရာ ဒေသအလိုက် ပြုလုပ်ထားသော မေးခွန်းများ၏ အဖြေများကိုလည်း အခန်းတစ်ခုချင်းစီတွင်ထည့်သွင်းဖော်ပြထားပါသည်။

သို့ဖြစ်ပါသောကြောင့် ဒေသတစ်ခုစီအလိုက် နိုင်ငံများ၏ အပေါင်းလက္ခဏာပြသော အဖြေများကိုသာ ရာခိုင်နှုန်းအလိုက်ဖော်ပြထားပါသည်။

ယခုလေ့လာမှုအတွက် မေးခွန်းများမှာ "ရှိ-မရှိ" သို့မဟုတ် ကနဦး ထည့်သွင်းထားသော ကိန်းဂဏန်း အရေအတွက်ကိုသာ ရွေးချယ်ပေးရသည့် မေးခွန်းများသာဖြစ်ကြောင်းကိုလည်း သတိပြုကြစေလိုပါသည်။ အချို့ကိစ္စများတွင် ဤစာအုပ်၏ ရည်ရွယ်ချက်အရ မှား-မှန် မေးခွန်းကို ပိုမိုတိကျစေရန်အတွက် နောက်ထပ်သတင်းအချက်အလက်များဆိုင်ရာ မေးခွန်းများလည်း ပါဝင်ပါသည်။ အဆိုပါသတင်းအချက်အလက်များကို Database တွင်ရယူနိုင်ပါသည်။

International IDEA ၏ ကနဦး Database တွင် နိုင်ငံပေါင်း ၁၈၀ ကျော်၏ သတင်းအချက်အလက်များပါဝင်ပြီး ကမ္ဘာ့လွတ်လပ်ခွင့်သတ်မှတ်ရည်ညွှန်း (<http://www.idea.int/parties/finance/ methodology.cfm>) အရ လွတ်လပ်မှုမရှိသောနိုင်ငံများဟု ဖော်ပြထားသော နိုင်ငံများကို ချန်လှပ်ထားခဲ့ပါသည်။ သို့သော် အသစ်ထပ်မံ တွေ့ရှိချက်များအရ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများသည် တစ်ခါတစ်ရံတွင် လွတ်လပ်မှုမရှိသော နိုင်ငံများ၌လည်း အတူတူပင်ဖြစ်နေသည်ကို တွေ့ရှိခဲ့ရသည်။ အမှန်တကယ်တွင်လည်း ဤစာအုပ်တွင်တင်ပြ ထားချက်များအရလည်း လွတ်လပ်မှုအဆင့်နိမ့်ကျခြင်းကြောင့် နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများ လျော့ပါးရသည်မဟုတ်ပေ။ နိုင်ငံအားလုံး၌ တူညီမှုရှိသော စည်းမျဉ်းများတွင် တူညီသောရည်ရွယ်ချက် သို့မဟုတ် အကျိုး သက်ရောက်မှုများ ရှိသည်ကတော့ မငြင်းသာသောအချက်ပင်ဖြစ်သည်။ ထို့ကြောင့်ပင် မတူညီသောနိုင်ငံအသီးသီး၏ စည်းမျဉ်းများကို နှိုင်းယှဉ် လေ့လာနိုင်စေရန်ရည်ရွယ်၍ လွတ်လပ်မှုမရှိသော နိုင်ငံများကိုပါ ထည့်သွင်းဖော်ပြရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတစ်ခုဟုဆိုရာ၌ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများကိုသာ ရည်ညွှန်းထားခြင်းဖြစ်ပြီး -

- နိုင်ငံရေးပါတီများအားတရားဝင်တည်ထောင်ခွင့်မပြုသောနိုင်ငံများ (ဆိုလိုသည်မှာ - နိုင်ငံရေးပါတီများအား တရားဝင်ပိတ်ပင်ထားသောနိုင်ငံများ )
- နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းမှတ်ပုံတင်ခွင့် မပြုသောနိုင်ငံများ သို့မဟုတ်
- လွန်ခဲ့သောနှစ် ၃၀ အတွင်းရွေးကောက်ပွဲများကျင်းပခြင်းမရှိသောနိုင်ငံများကို ချန်လှပ်ထားခဲ့ပါသည်။

ချန်လှပ်ထားခဲ့သောနိုင်ငံများမှာ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျူးဘားနိုင်ငံ၊ အီရစ်ထရီးယားနိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြောက်ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ၊ အိုမန်နိုင်ငံ၊ ကာတာနိုင်ငံ၊ ဆော်ဒီအာရေဗီးယားနိုင်ငံ၊ ဆိုမာလီးယားနိုင်ငံ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ဖြစ်ကြပါသည်။

ထို့ကြောင့် Database ထဲတွင်ရှိသော မေးခွန်းပေါင်း ၄၃ ခုအနက်မှ အားလုံးမဟုတ်သော်မှ တစ်ချို့တစ်ဝက်ကို ကျန်ရှိသော နိုင်ငံပေါင်း ၁၈၀ တို့က ဖြေကြားနိုင်ခဲ့ကြသည်။ ၂၀၁၁ ခုနှစ် နှစ်ကုန်တွင် Database ၌ သတင်းအချက်အလက်ပေါင်း ၇,၀၀၀ သို့မဟုတ် ဖြစ်နိုင်သမျှသော အဖြေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကို ထည့်သွင်းဖော်ပြနိုင်ခဲ့သည်။ အမှန်တကယ်တွင်မူ နိုင်ငံပေါင်း ၁၄၂ နိုင်ငံ (Database ထဲရှိနိုင်ငံများ၏ ၈၀ ရာခိုင်နှုန်း) တို့က မေးခွန်းပေါင်း ၄၃ ခုအနက် ၅ ခု အောက်ကို ဖြေကြားနိုင်ခဲ့ခြင်းမရှိပေ။

အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း ဤစာအုပ်၏ ရည်ရွယ်ချက်တစ်ခုမှာ ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများကို နှိုင်းယှဉ်ဖော်ပြပေးခြင်းဖြစ်သည်။ စာအုပ်ပါ ဒေသများဖြစ်သည့် အာဖရိက၊ အမေရိက၊ အာရှ၊ ဥရောပနှင့် သမုဒ္ဒရာပိုင်းနိုင်ငံများတို့သည် International IDEA ၏ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်း (ပုံစံသစ်) တည်ရှိရာ http://www.idea.int/uid မှ ကောက်နှုတ် ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဒေသ တစ်ခုချင်းစီတွင်ရှိသော နိုင်ငံအရေအတွက်ကို ပုံ-၁ တွင် ဖော်ပြထားပါသည်။ နိုင်ငံတစ်ခုချင်းစီအတွက် ထည့်သွင်းထား သော ကိန်းဂဏန်း အချက်အလက်များသည် ဒေသအလိုက် သိသာထင်ရှားသည့် ပျမ်းမျှ အကျိုးရလဒ် ပေးစွမ်းနိုင်သည်ကိုလည်း အရေအတွက် နည်းပါးသော သမုဒ္ဒရာပိုင်းနိုင်ငံများက ညွှန်းဆိုပြသနေကြောင်း လေ့လာသတိပြုစေလိုပါသည်။

**Database ထဲတွင်ရှိသော နယ်မြေဒေသများ**



သုတေသီများသည် သတင်းအချက်အလက်များအား စုစည်းရာတွင် နိုင်ငံတစ်ခုချင်းစီ၏ ဥပပဒေပြဋ္ဌာန်းချက်များအား အဓိကအသုံးပြုခဲ့ရသည်။ သက်ဆိုင်ရာဥပဒေများကို ရှာမရသည့်အခါ ရွေးကောက်ပွဲအစီရင်ခံစာများ သို့မဟုတ် နိုင်ငံရေးလေ့လာဆန်းစစ်ချက် အစရှိသည့် နီးစပ်ရာအစီရင်ခံစာများကို ရှာဖွေအသုံးပြုခဲ့ရသည်။ လွတ်လပ်သော ရွေးကောက်ပွဲလေ့လာသူများ၊ ပညာရှင်များ သို့မဟုတ် ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အစည်းများမှ တာဝန်ခံများ အစရှိသည့် နိုင်ငံအသီးသီးမှ ပညာရှင်များသည်လည်း သက်ဆိုင်ရာ သတင်းအချက်အလက်များကို ရှာဖွေစုဆောင်းပေးခဲ့ကြပါသည်။ ဥပဒေပြဋ္ဌာန်းချက်များနှင့် အခြားအရင်းအမြစ်များမှထုတ်နှုတ်ရယူထားပြီး Database တွင်ဖော်ပြထားသည့် ကိန်းဂဏန်းများကို နိုင်ငံအလိုက်၊ ဒေသအလိုက်နှင့် ကမ္ဘာလုံးဆိုင်ရာ အခြားသောသုတေသနများဖြစ်သည့် **မတူကွဲပြားသည့် စည်းမျဉ်းများ ပေါ်ပေါက်လာရသည့်အကြောင်းရင်းများ၊** အထူးသဖြင့် **မတူကွဲပြားသည့် စည်းမျဉ်းများ၏ အကျိုးရလဒ်များကို လေ့လာခြင်း** အစရှိသည်တို့တွင် ပြန်လည်အသုံးပြုနိုင်ပါသည်။

၂၀၀၃ Database အဟောင်းကိုလည်း International IDEA ၏ အင်တာနက်စာမျက်နှာတွင် ရရှိနိုင်ပါသည်။ အသုံးပြုသူများအနေဖြင့် အသစ်နှင့်အဟောင်းကို နှိုင်းယှဉ်လိုက လေ့လာနိုင်စေရန်ဖြစ်ပါသည်။ သို့သော် Database နှစ်ခု၏ မေးခွန်းစာသားများနှင့် ကိန်းဂဏန်းဆိုင်ရာ ညွှန်ကြားချက်များသည် ကွာဟမှုရှိနိုင်သည်ကို သတိပြုရန် အရေးကြီးပေသည်။ ၂၀၁၂ Database တွင်ဖော်ပြထားသည့် တိုးချဲ့နိုင်ငံများ စာရင်းအရ စာရင်းဇယား ၂ မျိုးမတူညီခြင်းသည် မူလ Database စတင်တည်ထောင်ကတည်းကပါဝင်သည့် ဥပဒေများ ပြောင်းလဲသွားခြင်းကြောင့် ဖြစ်သည်ဟု မမှတ်ယူစေလိုပါချေ။

အဓိကအချက် ၂ ချက်တင်ပြလိုပါသည်။ ပထမအနေဖြင့် Database သည် တရားဝင် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများကို စုစည်းတင်ပြထားသော်လည်း အဆိုပါစည်းမျဉ်းများ၏ အကျိုးသက်ရောက်မှု သို့မဟုတ် နိုင်ငံအသီးသီး၏နိုင်ငံရေးတွင် ငွေကြေးက တရားမဝင်နည်းလမ်းဖြင့် ပါဝင်ပတ်သက်နေမှုကို တိုင်းတာမှုပြုလုပ်သည်တော့ မဟုတ်ပေ။

ဒုတိယအချက်အနေဖြင့် Database သည် စံပြအဖြေများမဟုတ်ပါချေ။ ရည်ရွယ်သည်မှာ Database ကို တဖြည်းဖြည်းပြုပြင် ချဲ့ထွင်သွားခြင်းဖြင့် ပိုမိုကောင်းမွန်သော နောက်ဆုံးရသတင်းအချက်အလက်များကို ရယူနိုင်စေရန်ဖြစ်သည်။ ဆိုလိုသည်မှာ ထည့်သွင်းထားသည့် အချက်အလက်များသည် အချိန်နှင့်တပြေးညီ နောက်ဆုံးအခြေအနေများအဖြစ် ရှိနေနိုင်မည်မဟုတ်ပါ ။

အသုံးပြုသူများအနေဖြင့် တွေ့ရှိရသော ကွဲလွဲချက်များကို ထောက်ပြရန်နှင့် သက်ဆိုင်ရာနိုင်ငံများ၏ နောက်ဆုံးရ ကိန်းဂဏန်းများကို ဖော်ပြပေးကြပါရန် လှိုက်လှဲစွာ တိုက်တွန်းအပ်ပါသည်။ ယခုစာအုပ်တွင်ပါရှိသည့် လေ့လာမှုများသည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် တည်ရှိခဲ့သည့် ကိန်းဂဏန်းအချက်အလက်များအပေါ်တွင်အခြေခံတည်၍ တွက်ချက်လေ့လာခဲ့ခြင်းဖြစ်ပါသည်။

ယခုတင်ဆက်လိုက်သည့် Database အသစ်သည် စည်းမျဉ်းဥပဒေများနှင့် စပ်လျဉ်း၍လုပ်ကိုင်ဆောင်ရွက်နေကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံရေးတွင် ငွေကြေး၏ပါဝင်ပတ်သက်မှု ကိုတစ်နည်းမဟုတ်တစ်နည်းဖြင့် ထိန်းချုပ်ကိုင်တွယ်နေကြရသောပုဂ္ဂိုလ်များအတွက် အသုံးဝင်လိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ Database တွင်ပါဝင်သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ မေးခွန်းတစ်ခုချင်းစီကိုသော်လည်းကောင်း၊ ယင်းတို့ကို အမျိုးအစားခွဲခြားထားပုံများနှင့် သုတေသီများ၏ ကိန်းဂဏန်းအချက်အလက်များထည့်သွင်းဖော်ပြမှုများကိုပိုမိုသိရှိလိုပါက http://www.idea.int/political-finance တွင် လေ့လာတွေ့ရှိနိုင်ပါသည်။

## အဓိကတွေ့ရှိချက်များ

နောင်လာမည့်အခန်းများတွင် ဖော်ပြထားသည့် လေ့လာချက်များသည် ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများကို ဖော်ပြထားချက်များ ဖြစ်ပါသည်။ လေ့လာမှုဆိုသည်မှာ ဆက်လက်လုပ်ဆောင် သွားကြရမည့် သဘောသဘာဝရှိပေရာ အောက်ဖော်ပြပါတို့သည် ဆက်လက်ဆွေးနွေးကြရန်နှင့် သုတေသနပြုလုပ်သွားကြရန်အတွက် အဓိကလှုံ့ဆော်အားပေးမည့် ကနဦးလေ့လာချက်များဖြစ်ကြပါသည်။

- ကမ္ဘာတစ်ဝန်းတွင် နိုင်ငံရေးလှူဒါန်းငွေများနှင့်စပ်လျဉ်း၍ အဓိကပိတ်ပင်တားမြစ်ချက်မှာ အစိုးရပိုင်ပစ္စည်းများဖြစ်ကြပါသည်(ဥပဒေနှင့်အညီခွင့်ပြုထားသော လူထုထည့်ဝင်ငွေများ မပါဝင်ပါ)။ အချက်အလက်စုဆောင်းရရှိသမျှသော နိုင်ငံများမှ ၈၅ ရာခိုင်နှုန်း (နိုင်ငံပေါင်း ၁၁၀ အနက် ၉၄ နိုင်ငံ) တွင် နိုင်ငံတော်ပိုင်ပစ္စည်းများအား အလွဲသုံးစားပြုခြင်းမှကာကွယ်ရန် အဆိုပါလှူဒါန်းငွေများကိုတားမြစ်ထားကြသည်။ သို့ရာတွင် ထိုကဲ့သို့တားမြစ်မှု၏ ထိရောက်မှုပမာဏကို ဆက်လက်လေ့လာရန် လိုအပ်ပေသည်။

- နိုင်ငံခြားအဖွဲ့အစည်းများမှလှူဒါန်းငွေများကို တားမြစ်ရာတွင်လည်း တူညီမှုရှိသည်ကိုတွေ့ရသည်။ နိုင်ငံရေးပါတီများသို့ လှူဒါန်းမှုကို တားမြစ်ထားသောနိုင်ငံများက ၆၈% ရှိပြီး ၅၁% က ကိုယ်စားလှယ်လောင်းများအား လှူဒါန်းမှုကို တားမြစ်ထားကြသည်။

- အမေရိကနိုင်ငံများ၏ ၄၂%တွင် ကိုယ်စားလှယ်လောင်းများအား ထိုကဲ့သို့လှူဒါန်းငွေကို တားမြစ်ထားသော်လည်း ဆန့်ကျင်ဘက်အနေဖြင့် ၂၂% (၃၆ နိုင်ငံ)သည်သာလျှင် အသင်းအဖွဲ့များမှလှူဒါန်းငွေကိုတားမြစ်ထားသည်။

- တစ်ကမ္ဘာလုံးအတိုင်းအတာနှင့်ပြောရလျှင် ၅၅% (၇၄ နိုင်ငံ)သည် နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများသို့ လှူဒါန်းငွေကို ကန့်သတ်ထားခြင်းမရှိပေ။ အာဖရိကနှင့် သမုဒ္ဒရာ နိုင်ငံများတွင် လှူဒါန်းငွေပမာဏအား ကန့်သတ်ထားခြင်းမရှိဘဲ ဥရောပတွင်မူ အားလုံးလိုလို ကန့်သတ်ထားကြသည်။

- သမုဒ္ဒရာပိုင်းနိုင်ငံများတွင် ၂၇% နှင့် ဥရောပနိုင်ငံများတွင် ၈၆% အထိ ကွာဟချက်ကြီးမားသော်လည်း နိုင်ငံရေးပါတီများသို့ လူထုမှ တိုက်ရိုက်ထည့်ဝင်ငွေအတွက် ၆၈%(၁၁၆ နိုင်ငံ) တွင် ပြဋ္ဌာန်းချက်များရှိကြသည်သည်ကိုလည်း တွေ့ရှိရပေသည်။

- နိုင်ငံအားလုံး၏ ၆၉ %သည် နိုင်ငံရေးပါတီများအား မီဒီယာအခမဲ့ အသုံးပြုခွင့်သို့မဟုတ် မီဒီယာအသုံးပြုခအတွက် ထောက်ပံ့ကြေး ပေးထားကြပြီး အာဖရိကတိုက်သည် ယင်းကဲ့သို့ အကူအညီ အများဆုံး ပေးအပ်ရာတွင် ရှေ့ဆုံးမှရပ်တည်လျက်ရှိသည်။

- နိုင်ငံရေးပါတီများ၏ အသုံးစရိတ်ကန့်သတ်ရာတွင် ၂၉%(၄၉ နိုင်ငံ) သာရှိပြီး ၄၄% က ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ် လောင်းအတွက်သာ ကန့်သတ်ထားပါသည်။

- ကမ္ဘာတစ်ဝန်းတွင် နိုင်ငံရေးပါတီများ သို့မဟုတ် ကိုယ်စားလှယ် လောင်းများအတွက် ဘဏ္ဍာရေးအစီရင်ခံစာတင်သွင်းရန် ၈၈%(၁၄၃ နိုင်ငံ) က သတ်မှတ်ထားပါသည်။ သို့သော် ထိုအစီရင်ခံစာများ တင်သွင်းရန် မလိုသော Stakeholders မှတစ်ဆင့်ရန်ပုံငွေများ ဝင်ရောက်လာနိုင်သည် ဟူသော အယူအဆရ နိုင်ငံအားလုံး၏ ၅၃% က နိုင်ငံရေးပါတီများ သာမက ကိုယ်စားလှယ်လောင်းများပါ အစီရင်ခံစာတင်သွင်းရန် သတ်မှတ် ထားသည်။

- နိုင်ငံပေါင်း ၄၀ (Database ထဲရှိနိုင်ငံများ၏ ၂၅%)တွင် တင်သွင်း လာသော ဘဏ္ဍာရေးအစီရင်ခံစာများအား စစ်ဆေးရန် သို့မဟုတ် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းချိုးဖောက်မှုများအား စစ်ဆေးရန်အတွက် သတ်မှတ်ထားသောအဖွဲ့အစည်း မရှိသည် ကိုတွေ့ရှိရပေသည်။

- နောက်ဆုံးတွင် နိုင်ငံရေးပါတီများ သို့မဟုတ် ကိုယ်စားလှယ် လောင်းများထံမှ အစီရင်ခံစာတောင်းခံထားသော နိုင်ငံများထဲမှ ၂၅% ထက်ပိုသော နိုင်ငံများတွင် ထိုအစီရင်ခံစာအား လူထုအနေဖြင့် သိရှိအောင် ကြေညာရန်မလိုသည်ကိုတွေ့ရှိရသည်။

## ၁။ ဒေသအလိုက်နှင့် ကမ္ဘာလုံးဆိုင်ရာခွဲခြမ်းစိတ်ဖြာခြင်း

### က) ကမ္ဘာ့နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများ

ကမ္ဘာအရပ်ရပ်တွင် စည်းမျဉ်းများအား လက်တွေ့ကျင့်သုံးနေပုံများကို လေ့လာခြင်းနှင့် Database ထဲရှိနိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများ အကြောင်းကို ယခုအခန်းတွင် တင်ပြထားပါသည်။ အခန်း ၇ ခန်း အနက် တစ်ခန်းစီတွင် ခြုံငုံသုံးသပ်ချက်အကျဉ်းနှင့် မေးခွန်းများ စာရင်းကိုထည့်သွင်းထားပြီး နောက်ထပ်လေ့လာမှုများနှင့် ဒေသအလိုက် မေးမြန်းခဲ့သောမေးခွန်းများ၏ အကျိုးရလဒ်ဇယားတစ်ခုကိုပါ ဖော်ပြထားပါသည်။

ပထမဦးဆုံး သတိပြုရန်မှာ ကျွန်ုပ်တို့၏ သုတေသနအရ နိုင်ငံရေးတွင် ငွေကြေးပါဝင်မှုနှင့်စပ်လျဉ်း၍ နိုင်ငံတိုင်းအားလုံးတွင် စည်းမျဉ်းများ ချမှတ်ထားကြသော်လည်း ဘဟာမားစ်၊ ဘီလစ်ဇ်၊ စိန့်ဗင်းဆင့်နှင့် ဂရီနေဒင်းစ်၊ ဆာမိုအာနှင့်တာဗာလူး စသည့် ၅ နိုင်ငံတွင် မဲဝယ်ခြင်း အတွက်တားမြစ်ထားသည့် ဥပဒေတစ်မျိုးတည်းကိုသာ တွေ့ရှိရပေသည်။ ဂျီဘောက်တီနိုင်ငံနှင့် စိန့်ခရစ်စတိုဖာအန်နေးဗီးစ် နိုင်ငံများတွင် မဲဝယ်ခြင်းအတွက် တားမြစ်ထားခြင်းရှိပုံမရသော်လည်း နိုင်ငံရေးပါတီများအား အခွန်ကင်းလွတ်ခွင့်ပြုခြင်းနှင့် လူထုမှတိုက်ရိုက်ထည့်ဝင်ခြင်း စသည်တို့ကို ကျင့်သုံးကြပေသည်။ အဆိုပါနိုင်ငံများသည် ပျမ်းမျှလူဦးရေ ၂ သိန်းအောက်နည်းသော နိုင်ငံငယ်လေးများဖြစ်ကြပြီး တင်းကျပ်မှုမရှိသောစည်းမျဉ်းကို ရှင်းပြနိုင်မည်ဖြစ်သည်။ ယင်းနိုင်ငံများတွင် နိုင်ငံရေးပါတီများကို တားမြစ်ပိတ်ပင်ထားခြင်း မရှိသော်လည်း အဆိုပါနိုင်ငံများရှိနိုင်ငံရေးပါတီများမှာ ကျွန်ုပ်တို့နှင့် ရင်းနှီးပြီး ဖြစ်သော ပါတီပုံစံများမဟုတ်ကြပါချေ။

ပျမ်းမျှအားဖြင့် Database ထဲရှိ နိုင်ငံများသည် လေ့လာဆန်းစစ်မှုတွင် ပါဝင်သည့် စည်းမျဉ်းတစ်ဝက်ကျော်ကို ပြဋ္ဌာန်းအသုံးပြုကြသည်ကို တွေ့ရှိရသည်။ စည်းမျဉ်းအများစုကို အသုံးပြုကြသည့်နိုင်ငံများမှာ အဓိကအားဖြင့် အရှေ့ဥရောပမှနိုင်ငံများဖြစ်သည့် ဘူလ်ဂေးရီးယား၊ ခရိုအေးရှား၊ လက်ဗီးယား၊ ပိုလန်နှင့် ရိုမေးနီးယားနိုင်ငံတို့ ဖြစ်ကြပါသည်။ အခြားသောနိုင်ငံများမှာ ဘူတန်၊ ကနေဒါ၊ အီကွေဒေါ၊ အစ္စရေး၊ ပေါ်တူဂီနှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်ကြပြီး စိတ်ဝင်စားစရာအချက်တစ်ခုမှာ ဥရောပရှိ ပထမမျိုးဆက်သစ် ဒီမိုကရေစီနိုင်ငံများ တစ်ခုမှမပါဝင်ခြင်းပင်ဖြစ်သည်။ စည်းမျဉ်းဥပဒေများ တင်းကြပ်ထားခြင်းသည် ငွေကြေးနှင့်နိုင်ငံရေးအကြား မလိုလားအပ်သောဆက်စပ်မှုကို ကိုင်တွယ်လိုသည့် ဆန္ဒကြောင့်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းစဉ်ကာလနှင့် နှောင်းပိုင်းကာလများတွင် နိုင်ငံတကာမှ ဖိအားပေးလွှမ်းမိုးမှုများကြောင့် အချို့နိုင်ငံများအနေဖြင့် စည်းမျဉ်းအသစ်များချမှတ်လာရခြင်းလည်းဖြစ်နိုင်သည်။မည်သည့်ကိစ္စရပ်တွင်မျှ ယခုရှိနေပြီးသော နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများနှင့် အဆိုပါစည်းမျဉ်းများအား ကြီးကြပ်ထိန်းချုပ်မှုတို့သည် ပတ်သက်ဆက်နွယ်မှုမရှိသည်ကို အမှန်ပင်ကျေးဇူးတင်ရမည်ဖြစ်သည်။

ဒေသအလိုက်လေ့လာမှုများအရကြည့်မည်ဆိုပါက သမုဒ္ဒရာကျွန်းနိုင်ငံများတွင် နိုင်ငံရေးဘဏ္ဍာငွေအတွက် စည်းမျဉ်းများချမှတ်ထားခြင်း မရှိသည်ကို တွေ့ရပေမည်။ သမုဒ္ဒရာကျွန်းနိုင်ငံများအတွက် မေးမြန်းခဲ့သော မေးခွန်း ၃၀ တွင် ပျမ်းမျှအားဖြင့် ၂၁% တွင် စည်းမျဉ်းတစ်ခုရှိပြီးအာဖရိကတွင် ၄၁% ၊ အမေရိကတိုက်နိုင်ငံများတွင် ၅၄% ၊ အာရှတွင် ၅၆% နှင့် ဥရောပတွင် ၆၀% အသီးသီးရှိကြပေသည်။ အမှန်တကယ်တွင်မူ နယူးဇီလန်နှင့် ဩစတြေးလျတို့ကို ဖယ်ထုတ်လိုက်ပါ သမုဒ္ဒရာကျွန်းနိုင်ငံများသည် မေးခွန်းအများစုအတွက် သုညသာ ရဆလိမ့်မည်။

အဆိုပါကိစ္စအတွက် တိကျသောအကြောင်းပြချက်ပေးရန် ခက်ခဲမည်ဖြစ်သော်လည်း နိုင်ငံပေါင်း ၁၄ နိုင်ငံအနက် ၉ နိုင်ငံသည် လူဦးရေ ၅၀၀,၀၀၀ အောက်သာရှိကြသော နိုင်ငံငယ်များဖြစ်ကြပြီး ၂ နိုင်ငံသာလျှင် လူဦးရေ တစ်သန်းနီးပါးရှိကြသည်ဟူသောအချက်နှင့် ဆက်စပ်နေနိုင်ပါသည်။ လူဦးရေ ၉,၀၀၀ သာရှိသော Nauru နိုင်ငံနှင့် ၁၁,၀၀၀ သာရှိသော Tuvalu နိုင်ငံများတွင် ပုံမှန်မဟုတ်သော နိုင်ငံရေးသဘာသဘာဝကြောင့် နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများချမှတ်ထားခြင်းမရှိသည်မှာလည်း အလွန်ဖြစ်နိုင်ခြေများသည့် အချက်တစ်ချက်ပင်ဖြစ်သည်။

အမေရိကတိုက်နိုင်ငံများတွင် ကိုယ်စားလှယ်လောင်းအတွက်ဘဏ္ဍာငွေကို အဓိကထားကြသည့်အကြောင်းရင်းမှာ (အဆိုပါဒေသ၏ရွေးကောက်ပွဲစနစ်များသည် နိုင်ငံရေးပါတီများအား ပိုမိုအလေးထားသလိုဖြစ်နေသော်လည်း ) သမ္မတစနစ်ကျင့်သုံးသည့်နိုင်ငံအရေအတွက် များပြားခြင်းကြောင့်ဖြစ်နိုင်ပေသည်။

## ခ) လှူဒါန်းမှုများအပေါ်တားမြစ်ချက်များ (မေးခွန်း ၁-၁၂)

**အချက်အလက်များနှင့်စပ်လျဉ်းသောမှတ်ချက်**

- အလွန်မြင့်မားသောနှုန်းထားဖြစ်သည်။ ပျမ်းမျှမေးခွန်း၁၂ ခုတွင် ၁၀ ခု ထိရှိကြသဖြင့် ၈၄% သို့မဟုတ် ၈၅% အထက်ဖြစ်သည်။
- နိုင်ငံအများစုတွင် တိတိကျကျသတ်မှတ်ဖော်ပြထားခြင်းမရှိသည့် နိုင်ငံ ရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ပေးထားသော နိုင်ငံတော်ပိုင်ပစ္စည်းများနှင့် ကိုယ်စားလှယ်လောင်းအတွက် အမည်မဲ့ လှူဒါန်းမှုများဆိုင်ရာ မေးခွန်းများကတော့ ချွင်းချက်ဖြစ်သည်။ အဆိုပါ မေးခွန်းများအတွက် တုန့်ပြန်မှုများက ၆၁% နှင့် ၇၂% အသီးသီး ဖြစ်ကြပါသည်။
- မေးခွန်း ၁၂ ခုလုံးကို ဖြေကြားသည့်နိုင်ငံပေါင်း ၇၉ နိုင်ငံ (၄၄%) ရှိပြီး မေးခွန်းအားလုံးကို မဖြေကြားနိုင်သည့်နိုင်ငံပေါင်း ၁၀ နိုင်ငံ (၆%) ရှိသည်။
- တရားဝင်ထုတ်ဖော်ထားခြင်းလည်းမရှိ၊ ဥပဒေဆိုင်ရာ ပကတိ အခြေအနေများကလည်း ရှင်းလင်းပြတ်သားမှုမရှိသော်ငြား ခြုံငုံသုံးသပ်ရလျှင် အချို့သောနိုင်ငံများတွင် နိုင်ငံရေးပါတီများ၏ စည်းမျဉ်းများသည်ယင်းတို့၏ ကိုယ်စားလှယ်လောင်းများနှင့်ပါ သက်ဆိုင်သည်ဟု ယူဆရပေသည်။ အဆိုပါဖြစ်ရပ်များအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အချို့လိုအပ်လျက်ရှိနေပေသည်။

မေးခွန်း : နိုင်ငံရေးပါတီများသို့ နိုင်ငံခြား အရင်းအမြစ်များမှ လှူဒါန်းခြင်းကိုတားမြစ်ချက် ရှိပါသလား?

အညွန်း :

အစိမ်း : ရှိ

အစိမ်းဖျော့ : မရှိ

မီးခိုး : အချက်အလက်မရှိ



© ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးရေးနိုင်ငံတကာအဖွဲ့အစည်း

ယခုမြေပုံသည် ၂၀၁၂ ဖေဖော်ဝါရီလအထိ စုဆောင်းရရှိသမျှသော အချက်အလက်များအပေါ်တွင်အခြေခံထားပါသည်။ ဒေတာဘေ့စ်တွင်မြေပုံများကို အစဉ်အမြဲ ပြန်လည်ပြုပြင်မွမ်းမံထားပါသည်။ <http://www.idea.int/political-finance/question.cfm?id=246>

## ခြုံငုံသုံးသပ်ချက်

နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများအား လှူဒါန်းငွေ သို့မဟုတ် ထည့်ဝင်ငွေနှင့်ပတ်သက်၍ တားမြစ်ချက်များ (လှူဒါန်းငွေ ပမာဏအပေါ် ကန့်သတ်ချက်များအဖြစ် တစ်ခါတစ်ရံ ရည်ညွှန်းပါသည်) ကို Database ပထမပိုင်းတွင် တင်ပြထားပါသည်။ အကယ်၍ လှူဒါန်းငွေနှင့်ပတ်သက်၍ တားမြစ်ထားခြင်းမရှိသော နိုင်ငံ ၁၉ နိုင်ငံအားဖယ်ထုတ်လိုက်ပါက နိုင်ငံအားလုံး၏ ၇၂% တွင်တားမြစ်ချက်တစ်ခုရှိကြသည်ကို ကျွန်ုပ်တို့ မြင်တွေ့ကြရမည်ဖြစ်ပါသည်။

နိုင်ငံအများစုတွင် ကန့်သတ်ချက်များကို ပုံစံ ၃ မျိုး(နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ပျမ်းမျှတွက်ချက်မှုအရ) ဖြင့် တွေ့မြင်နိုင်ပါသည်။ (က) နိုင်ငံခြားအရင်းအမြစ်များ (ခ) အမည်မဲ့အရင်းအမြစ်များနှင့် (ဂ) နိုင်ငံတော်ပိုင်အရင်းအမြစ်များ (ဥပဒေနှင့်အညီ လူထုထည့်ဝင်ငွေများကို ထည့်မတွက်ပါ) တို့ဖြစ်ကြပါသည်။

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအား နိုင်ငံတော်ပိုင်ပစ္စည်းများထောက်ပံ့မှုနှင့်ပတ်သက်၍ တားမြစ်ချက်သည် နိုင်ငံများအားလုံးတွင် အတူတူလိုပင်ဖြစ်ပြီး ကောက်ယူရရှိသောစာရင်းများအရ နိုင်ငံအားလုံး၏ ၈၅% ဖြစ်ပါသည်။ အထက်တွင်ဆိုခဲ့ပြီးသည့်အတိုင်း ထိုမေးခွန်းအတွက် တုန့်ပြန်ချက်သည် ၆၁% ဖြစ်ပြီး ပုံမှန်ထက်နည်းသော အခြေအနေဖြစ်သည်။ ထိုမေးခွန်းကို ဖြေကြားခြင်း မရှိသောနိုင်ငံများတွင် အဆိုပါတားမြစ်ချက် မရှိဟူ၍ ယူဆထားသည့်တိုင် ကမ္ဘာ့နိုင်ငံအများစုတွင်တော့ တားမြစ်ချက်ရှိနေပေမည်။ ထို့အတွက်ကြောင့် ပင်လျှင် နိုင်ငံတော်ပိုင်ပစ္စည်းများအား အလွဲသုံးစားပြုလုပ်မှုမှ ကာကွယ်ရန်အတွက် ထည့်ဝင်လှူဒါန်းငွေအပေါ် တားမြစ်ချက်ထုတ်ပြန်ရန် အဓိကထားလုပ်ဆောင်လာကြရခြင်းဖြစ်သည်ဟု ထင်မြင်ရပေသည်။ ထိုတားမြစ်ချက်ကြောင့် ထိရောက်စွာ ကာကွယ်နိုင်သည်ဟု မဆိုလိုနိုင်ပေ။

နိုင်ငံအများစုတွင် တစ်စိတ်တစ်ပိုင်းအားဖြင့်အစိုးရပိုင် သို့မဟုတ် အစိုးရနှင့်စာချုပ်ချုပ်ဆိုထားသော ကုမ္ပဏီများမှ လှူဒါန်းငွေများကိုလည်း တားမြစ်ထားပါသည် (နိုင်ငံရေးပါတီများအတွက် ၄၄ % နှင့် ကိုယ်စားလှယ်လောင်းများအတွက် ၃၈%)။ သို့သော် ထိုမေးခွန်း၏ ပထမတစ်ပိုင်း(တစ်စိတ်တစ်ပိုင်းအားဖြင့်အစိုးရပိုင်)သည် နိုင်ငံတော်ပိုင်အရင်းအမြစ်များအား အလွဲသုံးစားပြုမှုဖြစ်ပြီး နောက်တစ်ပိုင်း (အစိုးရနှင့်စာချုပ်ချုပ်ဆိုထားသော)သည် အစိုးရထံမှ ကင်းလွတ်ခွင့် သို့မဟုတ် အကျိုးတစ်စုံတစ်ရာကိုမျှော်ကိုး၍ လှူဒါန်းမှုများဖြစ်ကြပါသည်။

နိုင်ငံခြားလှူဒါန်းမှုများသည် ယေဘုယျအားဖြင့် မလိုလားအပ်သော အရာဖြစ်ပြီး ၆၈% သောနိုင်ငံများတွင် နိုင်ငံရေးပါတီများအား လှူဒါန်းခြင်းကို တားမြစ်ထားပြီး နိုင်ငံများ၏ ၅၁% တွင် ကိုယ်စားလှယ်လောင်းများအား လှူဒါန်းခြင်းကို တားမြစ်ထားပါသည်။ နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများအား အမည်မဲ့လှူဒါန်းမှုသည်လည်း အလားတူပင်ဖြစ်ပါသည်(၅၅% နှင့် ၄၂% တို့ဖြစ်ကြသည်)။ သို့ရာတွင် အဆိုပါကိန်းဂဏန်းများ မြင့်မားမှုမရှိသည်ကတော့ အံ့ဩစရာအချက် တစ်ချက်ဖြစ်သည်။ ဥပမာ- ဒိုမီနီကန်နိုင်ငံနှင့် နှင့် မော်လ်တာနိုင်ငံတို့ကဲ့သို့ အမည်မဲ့ လှူဒါန်းမှုကို ခွင့်ပြုခဲ့လျှင် နိုင်ငံခြားလှူဒါန်းမှုကို မည်သည့် နည်းဖြင့် ကိုင်တွယ်ဖြေရှင်းကြမည်မှာ မရှင်းလင်းသည့် အချက်ဖြစ်နေသည်။ အရိုးသားဆုံးပြောရလျှင် အမည်မဲ့လှူဒါန်းမှုနှင့် ပတ်သက်၍ တားမြစ်ထားခြင်းမရှိသော နိုင်ငံအများစုတွင် လှူဒါန်းမှုနှင့်စပ်လျဉ်းသော အခြားတားမြစ်ချက်များလည်း မရှိကြပါချေ။

ထို့အပြင် ၁၅% ခန့်သည် အမည်မဲ့လှူဒါန်းမှုများအား တရားဝင်တားမြစ်ထားခြင်းမရှိသော်လည်း အတိုင်းအတာတစ်ခုအထိသာ ခွင့်ပြုထားပါသည်။ မကြာခဏဆိုသလို နိုင်ငံအများစုတွင် အတိုက်အခံနိုင်ငံရေးသမားများ အငြင်းပွားလေ့ရှိသည့်အတိုင်း များပြားသော လှူဒါန်းမှုများအတွက် ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်ပြီး အကာအကွယ်များရှိရန် လိုအပ်သကဲ့သို့ ၎င်းတို့၏ နိုင်ငံရေး စိတ်ဝင်စားမှုအား သိရှိသွားမည်ကို စိုးရိမ်ကြသည့် အလှူရှင်ငယ်များကိုလည်း ကာကွယ်ပေးရန်ဆိုသည့် အချက်ကြောင့်ပင်လျှင် အထက်ပါအတိုင်း ဆုံးဖြတ်ကြရသည့် အခြေအနေဖြစ်လာခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်များက ပွင့်လင်းမြင်သာမှုနှင့် လွတ်လပ်ခွင့်တို့အကြား ချိန်ခွင်လျှာညှိ ပေးနိုင်ခြင်းရှိမရှိဆိုသည်နှင့် များပြားသောလှူဒါန်းမှုကြီးများကို အလှူငယ်များအဖြစ် အစိတ်စိတ်အလီလီခွဲခြားပြုလုပ်ခြင်းဖြင့် လွတ်ပေါက်တစ်ခု အဖြစ်ရှိနေခြင်း စသည့်အချက်များကိုမူ သက်ဆိုင်ရာနိုင်ငံအလိုက် ဆက်လက်လေ့လာမှုများ ပြုလုပ်သွားကြရမည် ဖြစ်ပါသည်။

ကော်ပိုရေးရှင်းများနှင့် ကုန်သွယ်မှုသမဂ္ဂများမှ လှူဒါန်းငွေများအကြားဆက်စပ်မှုနှင့်ပတ်သက်သောစည်းမျဉ်းကို ချမှတ်ထားကြရသည်။ အငြင်းပွားရသည့်အချက်မှာ ကော်ပိုရေးရှင်းများက လက်ယာယိမ်း နိုင်ငံရေးပါတီများကိုသာ လှူဒါန်းမှုပြုလိုကြပြီး သမဂ္ဂများက လက်ဝဲယိမ်းပါတီများကိုလှူဒါန်းမှုပြုလိုလျှင်

အဆိုပါကိစ္စနှစ်ရပ်လုံးအတွက် လှူဒါန်းမှုနှင့်စပ်လျဉ်း၍ တားမြစ်မှုများကို ချိန်ခွင်လျှာညှိ၍ ပြုလုပ်ထားကြရသည်။ နိုင်ငံအများ၏ဥပဒေပြုရေးဆွဲရာတွင် နှစ်ခုစလုံးအတွက် တားမြစ်မှုများကို ရေးဆွဲထားကြသည်ကို Database တွင်ကြည့်ခြင်းဖြင့် အဆိုပါအယူအဆ၏ ရောင်ပြန်ဟပ်မှုကို တွေ့ရှိနိုင်ပါသည်။ ကုန်သွယ်မှုသမဂ္ဂများမှ လှူဒါန်းငွေအတွက်တားမြစ်မှုက အနည်းငယ်မြင့်မားလေ့ရှိပြီး နှစ်မျိုးစလုံးအတွက် တားမြစ်ချက်သည် ၂၂-၂၆%ခန့်ရှိသည်ကို တွေ့ရှိရပေသည်။

လက်ရှိ Database မေးခွန်းများတွင် လှူဒါန်းငွေသို့မဟုတ် ထည့်ဝင်ငွေ ပမာဏအား ကန့်သတ်ထားသောနိုင်ငံများသည် ၂၀၀၃ ခုနှစ်ထက် ပိုမို များပြားလာခဲ့သည်။ အချို့သော ဖြစ်စဉ်များအရေအတွက်သည် နှစ်ဆတက်လာခဲ့သည်။ Database စတင်တည်ထောင်ခဲ့သည့် ၁၀ စုနှစ်အတွင်း အဆိုပါစည်းမျဉ်းသည်ထင်ရှားကျော်ကြားလာခဲ့သည်ဟု ဆိုနိုင်ပေသည်။ သို့သော် Database အသစ်တွင် နိုင်ငံသစ် ၇၉ ခုနှင့် မတူညီသော မေးခွန်းများနှင့် ကိန်းဂဏန်းဆိုင်ရာညွှန်ကြားချက်များဖြင့်မွမ်းမံထား၍ အဆိုပါကိန်းဂဏန်းအချက်အလက်များအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် သတိကြီးစွာထားရန်လိုအပ်ပေသည်။

မေးခွန်းနံပါတ် ၁၂ သည် လှူဒါန်းမှုအတွက် မည့်သည့်တားမြစ်ချက်ကိုမဆို မေးမြန်းထားခြင်းဖြစ်ပါသည်။ ထိုမေးခွန်း၏ ရည်ရွယ်ချက်မှာ Database စတင်တည်ထောင်စဉ်က ပါဝင်ထည့်သွင်းနိုင်ခဲ့ခြင်းမရှိသော စည်းမျဉ်းများကို (အခန်း ၁-ဂ နှင့် ၁-ဃ ရှိ မေးခွန်းနံပါတ် ၂၆ နှင့် ၄၂ ကိုကြည့်ရန်) ထည့်သွင်းနိုင်စေရန်ဖြစ်ပါသည်။ ထိုဖြစ်ရပ်အတွက် လှူဒါန်းမှုဆိုင်ရာအခြားသော တားမြစ်ချက်များကို ဥပဒေများ ထုတ်ပြန်၍ တားမြစ်လာကြရပါသည်။ ဥပမာ- ခရိုအေးရှား၊ ကာဂျစ်စတန်နှင့် မွန်ဂိုလီးယားတို့တွင် အခွန်ပြဿနာမကင်းသော ကော်ပိုရေးရှင်းများနှင့် လူတစ်ဦးချင်းထံမှ လှူဒါန်းမှုကို တားမြစ်ထားပြီး အမေရိကန်၊ ဘယ်လ်ဂျီယံ၊ အရှေ့တီမော၊ အီကွေဒေါနှင့် ရုရှားနိုင်ငံတို့တွင် ကုသိုလ်ဖြစ်နှင့် ဘာသာရေးအဖွဲ့အစည်းများကို နိုင်ငံရေးအတွက် လှူဒါန်းမှုများပြုလုပ်ခြင်းမှ တားဆီးပိတ်ပင်ထားပါသည်။

သွယ်ဝိုက်သောလှူဒါန်းများနှင့် ပုန်းလျှိုးကွယ်လျှိုးလှူဒါန်းမှုများကို တားဆီးနိုင်ရန်အတွက် အချို့သော တားမြစ်ချက်များကို ချမှတ်ထားခြင်းဖြစ်တန်ရာသည်။ ဥပမာ- အချို့သောနိုင်ငံများတွင် ငွေကြေးထောက်ပံ့ရန်အတွက် ရွေးကောက်ပွဲနီးမှ ကောက်ခါငင်ကာ အဖွဲ့အစည်းထူထောင်ခြင်းကိုကာကွယ်ရန်အတွက် သတ်မှတ်သတ်တမ်း မပြည့်မှီသော အဖွဲ့အစည်းများမှလှူဒါန်းခြင်းကို တားမြစ်ထားပါသည်။ မိဘများက ယင်းတို့၏ကလေးများမှတစ်ဆင့် ကလေးမုန့်ဖိုးထဲမှ လှူဒါန်းသည်ဟူသော ဖြစ်ရပ်မျိုးကိုတားဆီးရန်အတွက် အသက်မပြည့်

သေးသော နိုင်ငံသားများ၏ လှုဒါန်းခြင်းကို တားမြစ်ထားခြင်းလည်းဖြစ်တန်ရာသည်။

ပုံမှန်မဟုတ်သော တားမြစ်ချက်အချို့ကိုလည်း တွေ့ရှိရပါသည်။ ဥပမာ- အာဂျင်တီးနား၊ ဘူလ်ဂေးရီးယား၊ ကိုလံဘီယာ၊ ဟွန်ဒူးရပ်စ်နှင့် ပါရဂွေးစသည့် ၅ နိုင်ငံတွင် လောင်းကစားနှင့် ဆက်နွယ်သော အဖွဲ့အစည်းများ၏ နိုင်ငံရေးဆိုင်ရာ လှုဒါန်းခြင်းကို တားမြစ်ထားပါသည်။ ရွေးကောက်ပွဲရလဒ်အပေါ် အလောင်းအစားပြုလုပ်ခြင်းမှ ကာကွယ်ရန်ရည်ရွယ်ခြင်းဖြစ်တန်ရာသည်။ ဘရာဇီးနိုင်ငံတွင် အားကစားကလပ်အသင်းများမှ လှုဒါန်းခြင်းကို တားမြစ်ထားပြီး အီရတ်နိုင်ငံတွင် စစ်သွေးကြွများမှ လှုဒါန်းခြင်းကို တားမြစ်ထားပါသည်။ လိုင်ဘေးရီးယားဘဏ်များ၊ မာလာဂါစီနှင့် ယူဂန်ဒါ အကြမ်းဖက်အုပ်စုများကိုလည်း လှုဒါန်းမှုမှ တားမြစ်ထားကြပါသည်။

ဂျာမနီနိုင်ငံတွင် နိုင်ငံရေးအမြတ်ထုတ်ရန် သို့မဟုတ် စီးပွားရေးအရ အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် လှုဒါန်းမှုမျိုးကို တရားဝင် တားမြစ်ထားပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဥပဒေအရ လှုဒါန်းမှုများသည် "ရိုးသားမှု၊ ပရဟိတဖြစ်မှု၊ မျှတမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံနိုင်မှုနှင့် နိုင်ငံရေးပါတီများ၏ အချုပ်အခြာနှင့် လွတ်လပ်မှုများအပေါ်တွင် အခြေပြုရမည်" ဟု ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံအများစုတွင် တရားမဝင်ငွေကြေးထောက်ပံ့မှုကို ကာကွယ်တားဆီးရာ၌ ခက်ခဲမှုရှိလှသည်ကို တွေ့ရှိရပေသည်။

အချို့သောနိုင်ငံများတွင်လည်း အလွန်အမင်း အစွန်းရောက်သည်ကို တွေ့ရှိရသည်။ Sierra Leone တွင် တရားဝင်မှတ်ပုံတင်ထားသော မဲဆန္ဒရှင်များကိုသာ လှုဒါန်းထည့်ဝင်ခွင့်ပြုထားပြီး Guinea–Bissau နှင့် ဘူတန်နိုင်ငံတို့တွင် ပါတီဝင်များကိုသာ လှုဒါန်းခွင့်ပြုထားပါသည်။ ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေးလှုဒါန်းမှုဆိုင်ရာ တားမြစ်ထားချက်များအကျဉ်းချုပ်ကို ဇယား-၂ တွင် ဖော်ပြထားပါသည်။

**ဇယား ၂။ လျှုဒါန်းမှုများအပေါ်တားမြစ်ခြင်း၏ အကျိုးရလဒ်**

| စဉ် | မေးခွန်း | ရှိ | မရှိ | မရှိ သို့သော် အထူးကန့်သတ်ချက်ရှိ | ဒေတာဘေ့စ် အဟောင်း တွင်ရှိ | နှုန်းထား |
|---|---|---|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများအား နိုင်ငံခြားအရင်းအမြစ်များမှ လျှုဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၆၈% | ၂၈% | N/A | ၃၆% | ၉၀% |
| ၂။ | ကိုယ်စားလှယ်လောင်းများအား နိုင်ငံခြားအရင်းအမြစ်များမှ လျှုဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၅၁% | ၄၁% | N/A | N/A | ၈၅% |
| ၃။ | နိုင်ငံရေးပါတီများအား အသင်းအဖွဲ့များမှလျှုဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၂၂% | ၇၈% | N/A | ၁၉% | ၉၂% |
| ၄။ | ကိုယ်စားလှယ်လောင်းများအား အသင်းအဖွဲ့များမှလျှုဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၂၂% | ၇၈% | N/A | N/A | ၈၇% |
| ၅။ | နိုင်ငံရေးပါတီများအား အစိုးရနှင့်ဖက်စပ်လုပ်ကိုင်နေသောသို့မဟုတ် အစိုးရနှင့် စာချုပ်ချုပ်ဆိုထားသော အသင်းအဖွဲ့များမှလျှုဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၄၆% | ၅၄% | N/A | ၂၄% | ၉၁% |
| ၆။ | ကိုယ်စားလှယ်လောင်းများအား အစိုးရနှင့်ဖက်စပ်လုပ်ကိုင်နေသော သို့မဟုတ် အစိုးရနှင့်စာချုပ်ချုပ်ဆိုထားသော အသင်းအဖွဲ့များမှ လျှုဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၃၈% | ၆၂% | N/A | N/A | ၈၅% |
| ၇။ | နိုင်ငံရေးပါတီများအား ကုန်သွယ်မှုသမဂ္ဂများမှ လျှုဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၂၆% | ၇၄% | N/A | ၁၅% | ၈၉% |
| ၈။ | ကိုယ်စားလှယ်လောင်းများအား ကုန်သွယ်မှုသမဂ္ဂများမှလျှုဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၂၄% | ၇၆% | N/A | N/A | ၈၅% |
| ၉။ | နိုင်ငံရေးပါတီများအား အမည်မဲ့လျှုဒါန်းခြင်းများကို တားမြစ်ချက်ရှိပါသလား? | ၅၅% | ၃၂% | ၁၃% | ၄၁% | ၈၅% |
| ၁၀။ | ကိုယ်စားလှယ်လောင်းများအား အမည်မဲ့လျှုဒါန်းခြင်းများကို တားမြစ်ချက်ရှိပါသလား? | ၄၄% | ၁၅% | N/A | ၇၂% | ၄၂% |
| ၁၁။ | နိုင်ငံရေးပါတီများသို့မဟုတ် ကိုယ်စားလှယ်လောင်းများအား နိုင်ငံတော်ပိုင် အရင်းအမြစ်များပေးထားခြင်း၊ သို့မဟုတ် ပါတီများမှရယူခြင်း (စည်းမျဉ်းများနှင့်အညီ လူထုမှထည့်ဝင်ခြင်း မပါဝင်ပါ)ကို တားမြစ်ချက်ရှိပါသလား? | ၈၅% | ၁၅% | N/A | N/A | ၆၀% |
| ၁၂။ | လျှုဒါန်းမှုများနှင့်ပတ်သက်သော အခြားတားမြစ်ချက်များရှိပါသလား ? | ၄၉% | ၅၁% | N/A | ၂၆% | ၈၈% |

မှတ်ချက် : ဇယားတွင်ဖော်ပြထားသော ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင်တွက်ချက်ထားခြင်းမဟုတ်ပါ။

လက်ရှိဒေတာဘေ့စ်တွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ စည်းမျဉ်းများကို ကွဲပြားခြားနားစေရန်တင်ဆက်ထားပါသည်။ အဓိကရည်ရွယ်ချက်တစ်ခုမှာ နိုင်ငံရေးပါတီများအတွက် သို့မဟုတ် ကိုယ်စားလှယ်လောင်းများအတွက် စည်းမျဉ်းတစ်ခုခု ပျက်ကွက်နေပါက အခြားစည်းမျဉ်းတစ်ခုတွင်လည်း တန်ဖိုးလျော့နည်းစရာ ဖြစ်လာပေလိမ့်မည်။ ဥပမာ- နိုင်ငံရေးပါတီများအတွက် ကော်ပိုရေးရှင်းများမှ လှူဒါန်းငွေကို တားမြစ်ထားပြီး ကိုယ်စားလှယ်လောင်းများအတွက် အဆိုပါကဲ့သို့သော တားမြစ်ချက်မရှိပါက နိုင်ငံရေးပါတီများ အနေဖြင့် ကိုယ်စားလှယ်လောင်းများထံ တိုက်ရိုက်လှူဒါန်းကြရန် ကော်ပိုရေးရှင်းများကို ခိုင်းစေခြင်းဖြင့် ကန့်သတ်ချက်ကို အလွယ်တကူ ကျော်လွှားနေကြမည်သာဖြစ်သည်။

အခြားသောအချက်တစ်ခုမှာ နိုင်ငံအများစုတွင် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများထက် နိုင်ငံရေးပါတီများကို ရွေးကောက်ပွဲအတွက် ပိုမို အလေးထားလေ့ရှိပြီး ဒေတာဘေ့စ်၏ ရည်မှန်းချက်တစ်ခုမှာ မည်သည့်အခြေအနေမျိုးတွင်မဆို အဆိုပါအချက်သည် မှန်ကန်ကြောင်း တင်ပြရန်ဖြစ်ပေသည်။ တစ်ခါတစ်ရံ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအကြား သိသာထင်ရှားသည့် ခြားနားမှုများရှိသည်ကို အချက်အလက်များက ပြသနေပေသည်။ လှူဒါန်းမှုနှင့်ပတ်သက်သော တားမြစ်ချက်များ အားလုံးအနက် ကိုယ်စားလှယ်လောင်းများအတွက် တားမြစ်ချက်ထက် နိုင်ငံရေးပါတီများအတွက်တားမြစ်ချက်များက ပိုမိုထပ်တူကျလေ့ရှိပါသည်။ နိုင်ငံအားလုံး၏ ၅၅% တွင် နိုင်ငံရေးပါတီများအတွက် အမည်မဲ့ လှူဒါန်းမှုများကို တားမြစ်ထားချိန်တွင် ကိုယ်စားလှယ်လောင်းများအတွက် လှူဒါန်းမှုကို တားမြစ်ထားချက်မှာ ၄၂% ရှိပေသည်။ အလားတူပင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် နိုင်ငံခြားလှူဒါန်းငွေများနှင့်ပတ်သက်၍ တားမြစ်မှုမှာ ၆၈% နှင့် ၅၁% နှုန်းတို့ ဖြစ်ကြပါသည်။

အခြားတစ်ဖက်တွင်လည်း အချို့သော စည်းမျဉ်းများသည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် တန်းတူညီမျှ သတ်မှတ်ထားကြသည်။ ဥပမာအားဖြင့် ပါတီများနှင့် ကိုယ်စားလှယ်လောင်းများအား ကော်ပိုရေးရှင်းများနှင့် ကုန်သွယ်ရေးသမဂ္ဂများမှ လှူဒါန်းငွေနှင့်ပတ်သက်၍တားမြစ်ချက် ကွာဟချက်မှာ ၂% ထက် မကျော်ပေ။

ခြုံငုံပြောရလျှင် အမေရိက၊ အာရှနှင့် ဥရောပရှိနိုင်ငံများ၏ တစ်ဝက်ကျော်တွင် လာဒ်ပေးလာဒ်ယူမှုနှင့်ပတ်သက်၍တားမြစ်ထားကြပြီး အာဖရိကတွင်မူ နည်းပါးလှကာ (အာဖရိကနိုင်ငံအားလုံး၏ ၃၀ ရာခိုင်နှုန်း) သမုဒ္ဒရာကျွန်း နိုင်ငံများတွင်ပိုမိုနည်းပါးပါသည် (၉ ရာခိုင်နှုန်း)။ နိုင်ငံရေးဘဏ္ဍာငွေနှင့် ပတ်သက်၍ တားမြစ်ချက်များ ဒေသအလိုက်ကွဲပြားပုံကို ဇယား-၃ တွင် အကျဉ်းချုံးဖော်ပြထားပါသည်။ ဒေသအလိုက်သိသိသာသာကွဲပြားရသော အကြောင်းရင်းတစ်ရပ်မှာ အသုံးပြုပုံမတူညီခြင်းပင်ဖြစ်သည်။ အာရှနှင့် ဥရောပတွင် နိုင်ငံရေးပါတီများအတွက် တားမြစ်ချက် တစ်ခု၏ အကြိမ်နှုန်းသည် ကိုယ်စားလှယ်လောင်းများအတွက် တားမြစ်ထားချက်နှင့် လိုက်လျောညီထွေမှုရှိသည်။ သို့သော် အာဖရိကတွင် ကိုယ်စားလှယ်လောင်း များနှင့်ယှဉ်လျှင် ပါတီများအတွက် တားမြစ်ချက်ကို ပိုမိုတွေ့ရသည်။

ဥပမာအားဖြင့် အာဖရိကတွင် နိုင်ငံရပ်ခြားမှလှူဒါန်းငွေ၊ ကော်ပိုရေးရှင်း များနှင့် အမည်မဲ့လှူဒါန်းငွေများကို နိုင်ငံရေးပါတီများသို့လှူဒါန်းမှုနှင့် စပ်လျဉ်း၍ တားမြစ်ထားချက်များက ကိုယ်စားလှယ်လောင်းများအား တားမြစ်ထားချက်က ၂ ဆခန့်ပိုမိုသည်။ ဥပမာ- အချိုးကျကိုယ်စားပြု စနစ် ကဲ့သို့သော ရွေးကောက်ပွဲစနစ်များက ကိုယ်စားလှယ်လောင်းများထက် နိုင်ငံရေးပါတီများကို ပိုမိုဦးစားပေးထားခြင်းကြောင့် ထိုသို့ ပိုမိုများ ပြားရခြင်းဖြစ်သည်ဟု ယူဆမည်ဆိုပါကလည်း ဖြစ်နိုင်ပါသည်။ သို့သော် အချိုးကျကိုယ်စားပြုစနစ်ကို အခြားသောကမ္ဘာ့ နိုင်ငံများလောက် ယင်းဒေသတွင်မတွေ့ရသဖြင့် ထိုယူဆချက်သည် အာဖရိကအတွက်တော့ သက်ဆိုင်မှုမရှိပေ။

အမှန်တကယ်တွင် အာဖရိကနိုင်ငံများတွင် သမ္မတရွေးကောက်ပွဲများမှ တစ်ပါး အဓိကအားဖြင့် ရွေးကောက်ပွဲဘဏ္ဍာရေးသည် နိုင်ငံရေးပါတီများမှ မဟုတ်ဘဲ ကိုယ်စားလှယ်လောင်းများမှတစ်ဆင့်စီးဆင်းလေ့ရှိကြောင်း ခိုင်မာသော ညွှန်းကိန်းများလည်းရှိပေသည်။ ထို့ကြောင့် လှူဒါန်းငွေနှင့် ပတ်သက်သော တားမြစ်မှုများကို ကိုယ်စားလှယ်လောင်းများ အတွက်မဟုတ်ဘဲ နိုင်ငံရေးပါတီများကို ပြုလုပ်ခြင်းဖြင့် အာဖရိကတွင် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးဘဏ္ဍာငွေရှုထောင့်အရ သိသာထင်ရှားသည့် အကျိုးရလဒ် ထွက်ပေါ်မလာရခြင်း ဖြစ်ပုံရပေသည်။ အမှန်တကယ်တွင် ဆန္ဒဖြင့် နိုင်ငံရေးတွင် ငွေကြေး၏ အခန်းကဏ္ဍကိုထိန်းချုပ်ရန် ဆန္ဒဖြင့် စည်းမျဉ်းများကိုထုတ်ပြန်ထားခြင်းဖြစ်တန်ရာသော်လည်း ထိုစည်းမျဉ်း များကိုထုတ်ပြန်သည့် နိုင်ငံရေးသမားများ၏ ရည်မှန်းချက်များအား အဟန့်အတားမဖြစ်စေသည့်နည်းလမ်းများဖြင့် ဖန်တီးတားခြင်း ဖြစ်ပေ လိမ့်မည်။

ဇယား ၃။ လှူဒါန်းမှုများအပေါ်တားမြစ်ချက်အားဒေသအလိုက် လေ့လာခြင်း

| စဉ် | မေးခွန်း | အာဖရိက | အမေရိကနိုင်ငံများ | အာရှ | ဥရောပ | သမ္မုဒ္ဒရာကျွန်းနိုင်ငံများ |
|---|---|---|---|---|---|---|
| ၁။ | နိုင်ငံရေးပါတီများအား နိုင်ငံခြားအရင်းအမြစ်များမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၆၄% | ၇၂% | ၈၉% | ၆၉% | ၉% |
| ၂။ | ကိုယ်စားလှယ်လောင်းများအား နိုင်ငံခြားအရင်း အမြစ်များမှ လှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၃၅% | ၆၄% | ၆၅% | ၆၀% | ၁၀% |
| ၃။ | နိုင်ငံရေးပါတီများအား အသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၂၂% | ၂၂% | ၂၈% | ၂၃% | ၀% |
| ၄။ | ကိုယ်စားလှယ်လောင်းများအားအသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၉% | ၄၂% | ၃၁% | ၂၃% | ၀% |
| ၅။ | နိုင်ငံရေးပါတီများအား အစိုးရနှင့်ဖက်စပ်လုပ်ကိုင် နေသော သို့မဟုတ် အစိုးရနှင့် စာချုပ်ချုပ်ဆိုထားသော အသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၂၈% | ၅၆% | ၅၁% | ၇၀% | ၀% |
| ၆။ | ကိုယ်စားလှယ်လောင်းများအား အစိုးရနှင့်ဖက်စပ် လုပ်ကိုင်နေသော သို့မဟုတ် အစိုးရနှင့်စာချုပ်ချုပ်ဆို ထားသောအသင်းအဖွဲ့များမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၁၇% | ၆၃% | ၄၄% | ၅၁% | ၀% |
| ၇။ | နိုင်ငံရေးပါတီများအား ကုန်သွယ်မှုသမဂ္ဂများမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၁၅% | ၃၃% | ၃၄% | ၃၃% | ၀% |
| ၈။ | ကိုယ်စားလှယ်လောင်းများအား ကုန်သွယ်မှုသမဂ္ဂများမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၁၁% | ၅၂% | ၂၇% | ၂၈% | ၀% |
| ၉။ | နိုင်ငံရေးပါတီများအား အမည်မဲ့လှူဒါန်းခြင်းများကို တားမြစ်ချက်ရှိပါသလား? | ၅၁% | ၇၂% | ၈၁% | ၇၁% | ၉% |
| ၁၀။ | ကိုယ်စားလှယ်လောင်းများအား အမည်မဲ့လှူဒါန်းခြင်းများကို တားမြစ်ချက် ရှိပါသလား? | ၂၄% | ၆၈% | ၆၀% | ၅၉% | ၁၃% |
| ၁၁။ | နိုင်ငံရေးပါတီများ သို့မဟုတ် ကိုယ်စားလှယ်လောင်းများအား နိုင်ငံတော်ပိုင်အရင်းအမြစ်များပေးထားခြင်း၊ သို့မဟုတ် ပါတီများမှရယူခြင်း (စည်းမျဉ်းများနှင့်အညီ လူထုမှ ထည့်ဝင်ခြင်း မပါဝင်ပါ)ကို တားမြစ်ချက်ရှိပါ သလား? | ၇၉% | ၇၄% | ၉၃% | ၉၂% | ၅၀% |
| ၁၂။ | လှူဒါန်းမှုများနှင့်ပတ်သက်သော အခြားတားမြစ်ချက်များ ရှိပါသလား ? | ၂၃% | ၇၂% | ၆၆% | ၆၆% | ၁၅% |

မှတ်ချက်: ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် ဒေသတွင်းရှိနိုင်ငံတစ်ခုချင်းစီအလိုက်ရရှိခဲ့သော အဖြေမှန်များကိုသာ မှတ်တမ်းပြုထားခြင်းဖြစ်သည်။ အဆိုပါ ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

### ဂ) လှူဒါန်းမှုများအပေါ် ကန့်သတ်ချက်များ (မေးခွန်းနံပါတ် ၁၃-၁၈)

**အချက်အလက်များနှင့်စပ်လျဉ်းသောမှတ်ချက်**

- အလွန်မြင့်မားသောတုန့်ပြန်ချက်ဖြစ်သည် : ပျမ်းမျှ ၉၄% ရှိပြီး မေးခွန်းအားလုံးအတွက် ၉၀% ကျော်ဖြစ်သည်။[၁]
- မေးခွန်းအားလုံးဖြေကြားခဲ့သောနိုင်ငံပေါင်း ၁၆၁ နိုင်ငံ(၉၀%)တွင် ထိုမေးခွန်းများအတွက် အချက်အလက်တစ်စုံတစ်ရာမရရှိခဲ့သော နိုင်ငံပေါင်း ၇ နိုင်ငံ (၄%)ရှိသည်။
- ရွေးကောက်ပွဲဆိုင်ရာကန့်သတ်မှုများနှင့် ရွေးကောက်ပွဲနှင့်ပတ်သက်မှုမရှိသော ကန့်သတ်ချက်များအကြား သိသာသော ခြားနားမှုမရှိသော်လည်း ပျမ်းမျှအားဖြင့်ကြည့်လျှင် ထိုမေးခွန်းများနှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ခက်ခဲမှုအနည်းငယ်ရှိခဲ့ပါသည်။



မေးခွန်း: နိုင်ငံရေးပါတီ တစ်ခုအား အချိန်အတိုင်း အတာတစ်ခုအတွင်း လှူဒါန်း ခွင့်ရှိသော ပမာဏအား ကန့်သတ်ထားခြင်း ရှိပါသလား (ရွေးကောက်ပွဲ အတွက် သာလှူဒါန်းခြင်း မဟုတ်)

အညွန်း :
အစိမ်း : ရှိ
အစိမ်းဖျော့ : မရှိ
မီးခိုး : အချက်အလက်မရှိ

© ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးရေးနိုင်ငံတကာအဖွဲ့အစည်း

ယခုမြေပုံသည် ၂၀၁၂ ဖေဖော်ဝါရီလအထိ စုဆောင်းရရှိသမျှသော အချက်အလက်များအပေါ်တွင်အခြေခံထားပါသည်။ ဒေတာဘေ့စ်တွင်မြေပုံများကို အစဉ်အမြဲ ပြန်လည်ပြုပြင်မွမ်းမံထားပါသည်။
<http://www.idea.int/political-finance/question.cfm?field=263&region=-1>

## *ခြုံငုံသုံးသပ်ချက်*

ဒေတာဘေ့စ်ထဲရှိမေးခွန်းများ၏ ဒုတိယပိုင်းသည် နိုင်ငံရေးပါတီ များနှင့် ကိုယ်စားလှယ်လောင်း များအတွက်လှူဒါန်းမှုကို တိုက်ရိုက်တားမြစ်ထားခြင်းမဟုတ်ဘဲ လှူဒါန်းငွေပမာဏနှင့် စပ်လျဉ်းသော မေးခွန်းများ ဖြစ်ကြပါသည်။ မေးခွန်းပုံစံ ၃ မျိုးမှာ က) အချိန်တစ်ခုအတွင်း အလှူရှင်တစ်ဦးမှ နိုင်ငံရေးပါတီတစ်ခု သို့လှူဒါန်းနိုင်သည့် အမြင့်ဆုံးပမာဏ (သာမာန်အားဖြင့် တစ်နှစ်) ခ) နိုင်ငံရေးပါတီတစ်ခုအား ရွေးကောက်ပွဲအတွက် အများဆုံး လှူဒါန်းခွင့်ပြုထားသောပမာဏ ဂ) ကိုယ်စားလှယ်လောင်းများ အတွက် ကန့်သတ်ထားနိုင်သော လှူဒါန်းမှုများ ဖြစ်ကြပါသည်။

နိုင်ငံအများစု(၅၅%) သည် လှူဒါန်းငွေပမာဏအား ကန့်သတ်ထားခြင်း မရှိပေ။ အကြောင်းရင်းမျိုးစုံရှိနိုင်ပါသည်။ အချို့ကိစ္စရပ်များတွင် လှူဒါန်းခြင်းဆိုသော အကြောင်းအရာသည် လွတ်လပ်မှုတစ်မျိုးဖြစ်ပြီး လက်ခံရန်မသင့်သော အရင်းအမြစ်များ၏ လှူဒါန်းခြင်းမှတစ်ပါး

ကန့်သတ်ထားရန်မသင့်ဟူသော အငြင်းပွားချက်တစ်ခုဖြစ်သည်။ အချို့ဖြစ်ရပ်များတွင် ဘဏ္ဍာရေးအစီရင်ခံစာများကိုကြီးကြပ်ပြီးအမှန်တကယ်စစ်ဆေးနိုင်မည့် အဖွဲ့အစည်းမရှိဘဲ စည်းမျဉ်းများ ချမှတ်ထားခြင်းက စည်းမျဉ်း လုံး၀မရှိခြင်းထက် ပိုမိုဆိုးရွားစေပြီး ကန့်သတ်ထားခြင်းအပေါ်တွင်လည်း လေးစားမှုရှိတော့မည်မဟုတ် ဟူသော ယူဆချက်လည်းရှိပေသည်။ တတိယဖြစ်နိုင်ခြေတစ်ရပ်မှာ ၎င်းတို့ရရှိမည့် ရန်ပုံငွေပမာဏအား ကန့်သတ်ထားခြင်းကို လိုလားခြင်းမရှိသည့် နိုင်ငံရေးသမားများက နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများကို ချမှတ်ထားလေ့ရှိခြင်းပင် ဖြစ်ပါသည်။

လှူဒါန်းငွေအပေါ် ကန့်သတ်ထားသည့်နိုင်ငံများတွင် နိုင်ငံရေးပါတီတစ်ခုအား အချိန်ကာလတစ်ခုအတွင်းအများဆုံး လှူဒါန်းနိုင်သည့် ပမာဏ သို့မဟုတ် ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှု တစ်ခုချင်းစီအလိုက် ကန့်သတ်သည့်ပုံစံများဖြင့် ချမှတ်ထားလေ့ ရှိပါသည် (ဖြစ်ရပ်တစ်ခုစီတွင် ၃၁% ရှိပြီးနိုင်ငံအများစုသည် ပုံစံ ၂ မျိုးလုံးကို ကျင့်သုံးပါသည်)၂။ ကိုယ်စားလှယ်လောင်းအတွက် ကန့်သတ်မှုသည် ရာခိုင်နှုန်းအနည်းငယ်သာကွာခြားပါသည် (၂၉%)။

ဒေတာဘေ့စ်ကို အသုံးပြုသူများအနေဖြင့် လှူဒါန်းမှုအား နိုင်ငံနှင့်ဒေသအသီးသီးအလိုက် ကန့်သတ်ခြင်းပုံစံအဆင့် အမျိုးမျိုးကို နှိုင်းယှဉ်လေ့လာနိုင်ပါသည်။ နှိုင်းယှဉ်ရ လွယ်ကူစေရန် ငွေကြေးများကို နိုင်ငံတကာသုံး ဒေါ်လာသာမက ထိုနိုင်ငံသုံးငွေကြေးနှင့်ပါ ဖော်ပြထားပါသည်။[၃] ဤနေရာတွင်အသေးစိတ်ဆက်လက်မဖော်ပြတော့ဘဲ အချက်အချို့ကိုသာ တင်ပြပါမည်။ ပထမအနေဖြင့် လှူဒါန်းမှုအား ကန့်သတ်ရာတွင် သတ်မှတ်ထားသည့် ငွေကြေးပမာဏ သို့မဟုတ် အနည်းဆုံးလုပ်ခလစာ၏အဆပုံစံ စသည်ဖြင့် ပုံစံနှစ်မျိုးသုံး၍ ဖော်ပြနိုင်ပါသည်။

လှူဒါန်းမှုအတွက် ကန့်သတ်ခြင်းအား အနည်းဆုံး လုပ်ခလစာ၏ အဆပုံစံဖြင့် သတ်မှတ်ပါက ငွေကြေးဖောင်းပွခြင်းမှ ကာကွယ်ပြီးသားလည်းဖြစ်စေသည်-ဆိုလိုသည်မှာ ကန့်သတ်ထားသည့် ပမာဏသည် ယင်းကို ထပ်မံမပြင်ဆင်သမျှ တန်ဖိုးလျော့ကျ သွားခြင်းမျိုးမရှိတော့ပေ။ နောက်တစ်ချက်မှာ ဥပဒေအဖွဲ့အစည်းများအတွက် လှူဒါန်းငွေကန့်သတ်ချက်အား တစ်ဦးချင်းစီ၏ လှူဒါန်းငွေထက် တိုးမြှင့်သတ်မှတ်ထားခြင်းကိုလည်း တွေ့ရသည်။

အခြားသောပုံစံများမှာ ပျမ်းမျှလစာငွေနှင့်အညီ လှူဒါန်းမှုကို ကန့်သတ်ထားခြင်း(ဆားဘီးယားနိုင်ငံတွင်အသုံးပြုသည်) နှင့် ပါတီများမှ ရရှိနိုင်သည့် သို့မဟုတ် သုံးစွဲနိုင်သည့် စုစုပေါင်းပမာဏ၏ အချိုးအစားဖြင့် ကန့်သတ်ခြင်း (ဂွာတီမာလာ၊ မော်လဒိုက်ဗ်နှင့် မော်ရီတားနီးယားနိုင်ငံတို့တွင်ကျင့်သုံးခဲ့သည်) တို့ဖြစ်သည်။

နောက်ဥပမာတစ်ခုမှာ ကင်ညာနိုင်ငံတွင် နိုင်ငံရေးပါတီတစ်ခုသည် မည်သည့် အလှူရှင်ထံမှမဆို လာမည့်နှစ်အတွက် ထိုသူသုံးစွဲမည့် ငွေပမာဏ၏ ၅ ရာခိုင်နှုန်း ထက်ပိုသော ငွေကို လက်ခံ၍မရပေ။

လှူဒါန်းငွေအားကန့်သတ်ချက် မြင့်မားလွန်းခြင်းနှင့် နည်းလွန်းခြင်းတို့ကိုလည်း တွေ့မြင်နိုင်ပါသည်။ ဥပမာ- ဥဇဘက်ကစ္စတန်နိုင်ငံတွင် ဥပဒေ အဖွဲ့အစည်းများမှ နိုင်ငံရေးပါတီများသို့လှူဒါန်းရာတွင် အနည်းဆုံးလုပ်ခ လစာ၏ ၅,၀၀၀ ဆကို ခွင့်ပြုထားပြီး ပေါ်တူဂီနိုင်ငံတွင် အနည်းဆုံး လုပ်ခလစာ၏ ၂၅ ဆနှင့် ပိုလန်နိုင်ငံတွင် ၁၅ ဆသာရှိပေသည်။

သို့သော် ရုရှားနိုင်ငံတွင် ဥပဒေအဖွဲ့အစည်းများ၏ နှစ်စဉ်လှူဒါန်းငွေအတွက် ကန့်သတ်ချက်မှာ အနည်းဆုံး လုပ်ခလစာ၏ ၁၀၀,၀၀၀ အဆ ဖြစ်သည်။ ချမ်းသာ ကြွယ်ဝသောအလှူရှင်အတွက် ထိုကန့်သတ်ချက်မှာ အရာမထင်သလို ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့် ဘော့စနီးယားဟာဇီဂိုးဗီးနားနိုင်ငံတွင် နိုင်ငံရေးပါတီများ သို့ ပုဂ္ဂိုလ်တစ်ဦးချင်းစီက လှူဒါန်းနိုင်သောပမာဏမှာ ပျမ်းမျှတစ်နှစ်လစာ၏ ၈ ဆသာဖြစ်သည်။

လှူဒါန်းငွေကန့်သတ်ရာတွင် နိုင်ငံသုံးငွေကြေးဖြင့်သတ်မှတ်ဖော်ပြထားသော နိုင်ငံ များတွင် ဘယ်လ်ဂျီယံနိုင်ငံတွင် ပုဂ္ဂိုလ်တစ်ဦးချင်းစီက အများဆုံး နှစ်စဉ်လှူဒါန်း နိုင်သောပမာဏမှာ နိုင်ငံတကာဒေါ်လာ ၆၀၀ ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံတွင်မူ ထိုပမာဏ၏ ၃၀၀ ဆဖြစ်သော နိုင်ငံတကာဒေါ်လာ ၁၈၄,၀၀၀ ဖြစ်သည်။ ပါပူအာနယူးဂီနီနိုင်ငံတွင်မူ အံ့သြဖွယ်ကောင်းလောက်အောင်ပင် နိုင်ငံတကာ ဒေါ်လာ ၄၇၁,၀၀၀ ဖြစ်သည်ကိုတွေ့ရသည်။

---

[၂] ယခုဖြစ်ရပ်အတွက် ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုအတွက် တိကျသောကန့်သတ်ချက်များ မရှိသော်လည်း နှစ်စဉ်လှူဒါန်းငွေအားကန့် သတ်ထားသည့်နိုင်ငံများကို ထည့်သွင်းတွက်ချက်ထားပါသည်။

[၃] အချိန်ကာလတစ်ခုအတွင်း အမေရိကန်နိုင်ငံတွင် အမေရိကန်ဒေါ်လာ၏ ဝယ်ယူနိုင်စွမ်းအားနှင့်ထပ်တူညီသည့် မှန်းဆငွေကြေးယူနစ်တစ်ခုဖြစ်သည်။ ယင်းကို နိုင်ငံချင်းအလိုက်နှင့် အချိန်ကာလအလိုက် နိုင်ငံတကာကုန်ပစ္စည်းများ၏ ပျမ်းမျှဈေးနှုန်းနှင့် ငွေကြေးများ၏ ဝယ်ယူနိုင်မှုစွမ်းအား အယူအဆပေါ်တွင်အခြေခံထားပါသည်။ အသေးစိတ် အချက်အလက်များကို http://www.idea.int/political-finance/international-dollars.cfm တွင် ကြည့်ရှုနိုင်ပါသည်။

ဇယား ၄။ လှူဒါန်းမှုများအပေါ် ကန့်သတ်ချက်များ၏ အကျိုးရလဒ်

| စဉ် | မေးခွန်း | ရှိ | မရှိ | ဒေတာဘေ့စ် အဟောင်းတွင်ရှိ | နှုန်းထား |
|---|---|---|---|---|---|
| ၁၃။ | အလှူရှင်တစ်ဦးမှ အချိန်ကာလတစ်ခုအတွင်း နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့် ပမာဏကို ကန့်သတ်ချက်ရှိပါသလား (ရွေးကောက်ပွဲတစ်ခုတည်းအတွက်သာမဟုတ်)? | ၃၁% | ၆၉% | ၃၆% | ၉၅% |
| ၁၄။ | အလှူရှင်တစ်ဦးမှ အချိန်ကာလတစ်ခုအတွင်း နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့် ပမာဏ ကန့်သတ်ချက်ရှိလျှင် ထိုကန့်သတ်ချက်သည် မည်မျှဖြစ်သနည်း? | N/A | N/A | N/A | ၉၅% |
| ၁၅။ | ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အလှူရှင်တစ်ဦးမှ နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့်ပမာဏကို ကန့်သတ်ချက်ရှိပါသလား? | ၃၁% | ၆၉% | ၁၉% | ၉၄% |
| ၁၆။ | ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အလှူရှင်တစ်ဦးမှ နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့် ပမာဏ ကန့်သတ်ချက်ရှိလျှင်ထိုကန့်သတ်ချက်သည် မည်မျှဖြစ်သနည်း? | N/A | N/A | N/A | ၉၄% |
| ၁၇။ | အလှူရှင်တစ်ဦးမှ ကိုယ်စားလှယ်လောင်းတစ်ဦးကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့်ပမာဏကို ကန့်သတ်ချက်ရှိပါသလား? | ၂၉% | ၇၁% | ၂၄% | ၉၄% |
| ၁၈။ | အလှူရှင်တစ်ဦးမှ ကိုယ်စားလှယ်လောင်းတစ်ဦးကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့်ပမာဏကို ကန့်သတ်ချက်ရှိလျှင် ထိုကန့်သတ်ချက်သည် မည်မျှဖြစ်သနည်း? | N/A | N/A | N/A | ၉၂% |

မှတ်ချက်။ ဇယားတွင်ဖော်ပြထားသော ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသောနိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

### *နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ*

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်းနိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် လှူဒါန်းငွေကန့်သတ်ချက်များသည် ယေဘုယျအားဖြင့် အနည်းငယ်သာကွာခြားပေသည် (၃၁ နှင့် ၂၉ ရာခိုင်နှုန်း)။ တစ်ဘက်ဘက်သည် ကန့်သတ်ချက်ကြောင့် ထိရောက်မှုရှိပါက အလှူရှင်အနေဖြင့် အခြားတစ်ဘက်ကို ပြောင်းလွဲလှူဒါန်းခြင်းဖြင့် ရှောင်လွဲနိုင်မည်ဖြစ်ရာ ထိုအချက်သည် အလွန်အရေးကြီးသော အချက်ဖြစ်ဖွယ်ရှိသည်။ ၁၅ နိုင်ငံတို့တွင် နိုင်ငံရေးပါတီများ၏ မဲဆွယ်လှုပ်ရှားရာတွင် လှူဒါန်းမှုကိုသာ ကန့်သတ်ထားပြီး ကိုယ်စားလှယ်လောင်းများအတွက် ကန့်သတ်ထားခြင်းမရှိသကဲ့သို့ အပြန်အလှန် ကန့်သတ်ထားခြင်းလည်း တွေ့ရသည်။

ကိုယ်စားလှယ်လောင်းများအတွက် လှူဒါန်းငွေ ကန့်သတ်ရာတွင်လည်း တစ်ခါတစ်ရံ ထိုကိုယ်စားလှယ်လောင်းပါဝင်ယှဉ်ပြိုင်မည့် နေရာအလိုက် ပမာဏ ကွဲပြားမှုရှိသည်။ သမ္မတလောင်းသည် မြို့နယ်ကိုယ်စားလှယ် လောင်းထက်စာလျှင် ထောက်ခံသူ ပိုမိုရရှိနိုင်သဖြင့် အဆိုပါအချက်သည် ဆီလျော်မှုရှိပေသည်။

မေးခွန်း ၁၈ ၏အဖြေများကိုလေ့လာခြင်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် ထည့်သွင်းထားသောကိန်းဂဏန်း အချက်အလက်များကို လေ့လာခြင်းတို့ဖြင့် ဒေတာဘေ့စ်ကို အသုံးပြုသူသည် ထိုကန့်သတ်ချက်များကို အသေးစိတ် လေ့လာနိုင်ပါသည်။ အချို့နိုင်ငံအနည်းငယ်တွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကန့်သတ်မှုသည် အတူတူပင်ဖြစ်သည် ကိုလည်း သတိပြုစေလိုပါသည်။

## *ဒေသအလိုက်လေ့လာခြင်း*

အာဖရိကနှင့် သမုဒ္ဒရာကျွန်းနိုင်ငံများတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စား လှယ်လောင်းများအတွက် လှူဒါန်းငွေကန့်သတ်ချက်ကို တွေ့ရခဲပေသည်။ ဒေသနှစ်ခုစလုံး၌ နိုင်ငံများအားလုံး၏ ၁၀ ရာခိုင်နှုန်းကျော်တွင် ကန့်သတ်ချက် တစ်ခုမှမရှိဘဲ အာဖရိကနိုင်ငံရေးပါတီများအတွက် နှစ်စဉ်လှူဒါန်းငွေ ကန့်သတ်ချက်ကိုသာ ခြွင်းချက်အနေဖြင့်တွေ့မြင်ရသည်။ ဆန့်ကျင်ဘက် အနေဖြင့် ဥရောပတွင် နိုင်ငံအားလုံး၏ တစ်ဝက်နီးပါးခန့်နှင့် အမေရိကနှင့် အာရှတို့တွင် နိုင်ငံအားလုံး၏ သုံးပုံတစ်ပုံတွင် ထိုကန့်သတ်ချက်များကို တွေ့ရှိရပါသည်။

ဇယား ၅။ လှူဒါန်းမှုများအပေါ်ကန့်သတ်ချက်အား ဒေသအလိုက်လေ့လာခြင်း

| စဉ် | မေးခွန်း | အာဖရိက | အမေရိကနိုင်ငံများ | အာရှ | ဥရောပ | သမုဒ္ဒရာကျွန်း နိုင်ငံများ |
|---|---|---|---|---|---|---|
| ၁၃။ | အလှူရှင်တစ်ဦးမှ အချိန်ကာလတစ်ခုအတွင်း နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှု ပြုနိုင်သည့်ပမာဏကို ကန့်သတ်ချက်ရှိပါ သလား (ရွေးကောက်ပွဲတစ်ခုတည်း အတွက် သာမဟုတ်)? | ၁၉% | ၂၅% | ၃၆% | ၄၉% | ၈% |
| ၁၄။ | အလှူရှင်တစ်ဦးမှ အချိန်ကာလတစ်ခုအတွင်း နိုင်ငံရေးပါတီတစ်ခုကို အများဆုံး လှူဒါန်းမှု ပြုနိုင်သည့် ပမာဏကန့်သတ်ချက်ရှိလျှင် ထိုကန့်သတ်ချက်သည် မည်မျှဖြစ်သနည်း?* | ၉% | ၃၈% | ၃၇% | ၅၃% | ၀% |
| ၁၅။ | ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အလှူရှင်တစ်ဦးမှ နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြု နိုင်သည့်ပမာဏကိုကန့်သတ်ချက် ရှိပါသလား? | ၉% | ၃၈% | ၄၀% | ၄၃% | ၉% |

* ယခုမေးခွန်းအား ‘yes’ ဟု ဖြေကြားထားသော ကိန်းဂဏန်းများတွင် ပုံမှန်ကန့်သတ်ချက်ရှိသည့် နိုင်ငံများကိုပ ါ ထည့်သွင်းထားပါသည်။

မှတ်ချက်: ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် ဒေသတွင်းရှိနိုင်ငံတစ်ခုချင်းစီအလိုက်ရရှိခဲ့သော အဖြေမှန်များကိုသာ မှတ်တမ်းပြုထားခြင်းဖြစ်သည်။ အဆိုပါရာခိုင်နှုန်းများသည်မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်းမဟုတ်ပါ။

## ဃ) လူထုထည့်ဝင်ငွေအတွက်ပြဋ္ဌာန်းချက်များ (မေးခွန်းနံပါတ် ၁၉-၁၈)

**အချက်အလက်များနှင့်စပ်လျဉ်းသောမှတ်ချက်**

- အလွန်မြင့်မားသောတုန့်ပြန်ချက်ဖြစ်သည် : ပျမ်းမျှ ၉၂% ရှိပြီး မေးခွန်းအားလုံးအတွက် ၉၀% ကျော်ဖြစ်သည်။
- မေးခွန်းအားလုံးကိုဖြေကြားခဲ့သောနိုင်ငံပေါင်း ၁၄၁ နိုင်ငံ(၇၉%)ရှိပြီး မေးခွန်းများအတွက် အချက်အလက် လုံးဝမရခဲ့သော နိုင်ငံပေါင်း ၅ နိုင်ငံ(၃%) ရှိသည်။
- ကျားမအချိုးညီမျှမှုအတွက် ဘဏ္ဍာရေးအရ အားပေးသည့် မေးခွန်းနံပါတ် ၂၈ သည် အခက်ခဲဆုံးဖြစ်ခဲ့သည်။
- ဒေတာဘေ့စ်အတွက် သုတေသီများ ရှာဖွေမရနိုင်ခဲ့သည့် စည်းမျဉ်းများလည်း ကျန်ရှိနေနိုင်သည်ဆိုသည့်အချက်ကို မေ့ထားရန်မဖြစ်နိုင်ပါ။




မေးခွန်း :
နိုင်ငံရေးပါတီများအားလူထုတိုက်ရိုက်ထည့်ဝင်ငွေ

အညွှန်း :
အစိမ်းရင့် : ပုံမှန်ရန်ပုံငွေထည့်ဝင်မှုရှိပါသည်
အစိမ်းဖျော့ : မဲဆွယ်လှုပ်ရှားမှုအတွက်ရှိပါသည်
အမည်း : နှစ်မျိုးလုံးရှိ
မီးခိုးရင့် : မရှိပါ
မီးခိုးဖျော့ : အချက်အလက်လုံးဝမရှိ

ယခုမြေပုံသည် ၂၀၁၂ ဖေဖော်ဝါရီလအထိ စုဆောင်းရရှိသမျှသော အချက်အလက်များအပေါ်တွင်အခြေခံထားပါသည်။ ဒေတာဘေ့စ်တွင်မြေပုံများကို အစဉ်အမြဲ ပြန်လည်ပြုပြင်မွမ်းမံထားပါသည်။

<http://www.idea.int/political-finance/question.cfm?field=270&region=-1>

### ခြုံငုံသုံးသပ်ချက်

ပြီးခဲ့သောအခန်းတွင်ပါဝင်သည့်မေးခွန်းများအားလုံးသည် ပုဂ္ဂလိကထည့်ဝင်ငွေများနှင့်စပ်လျဉ်းသော ကန့်သတ်မှုများဖြစ်ကြပြီး မေးခွန်း ၁၉-၂၈ တို့သည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် နိုင်ငံတော်ပိုင် ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များဖြစ်ကြပါသည်။ လူထုထည့်ဝင်ငွေဆိုင်ရာ ယေဘုယျစိတ်ကူးတစ်ခုမှာ နိုင်ငံရေးလှုပ်ရှားမှုများသည် ငွေကြေးမပါဘဲ မဖြစ်နိုင်သဖြင့် စည်းမျဉ်းများချထား၍ ငွေကြေးထောက်ပံ့စေခြင်းဖြင့် နိုင်ငံရေးတွင် အားလုံးပါဝင်လာစေရန်တိုက်တွန်းသည့်နည်းတူ နိုင်ငံရေးတွင် ငွေကြေး၏ အပြုသဘောမဆောင်သည့်အခန်းကဏ္ဍကိုပါ တွန်းလှန်ရန်ဖြစ်သည်။

မေးခွန်း ၁၉ မှ ၂၂ သည် လူထုမှတိုက်ရိုက်လှူဒါန်းမှုနှင့်ပတ်သက်သော စည်းမျဉ်းများဖြစ်ကြပါသည်။ ဒေတာဘေ့စ်ထဲရှိမေးခွန်းများ အရေအတွက်ကို ချုံ့ပစ်နိုင်ရန်အတွက် နိုင်ငံရေးပါတီများသို့ တိုက်ရိုက်လှူဒါန်း ငွေကိုသာ ပိုမိုအလေးထားရန် ဆုံးဖြတ်ခဲ့ပါသည်။ ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီအနေဖြင့် ၎င်းတို့အားတိုက်ရိုက် လှူဒါန်းငွေကို လက်ခံနိုင်သော နိုင်ငံအချို့ရှိသော်လည်း (ဥပမာ-အမေရိကန်သမ္မတလောင်းများ) ထိုစနစ်သည် နိုင်ငံရေးပါတီများသို့ တိုက်ရိုက်လှူဒါန်းငွေနှင့်ယှဉ်လျှင် ယေဘုယျသိပ်မဆန်ဟု ဆိုရမည်ဖြစ် သည်။

အဓိကတွေ့ရှိချက်တစ်ခုမှာ ၆၈% (၁၁၆ နိုင်ငံ)တွင် နိုင်ငံရေးပါတီများသို့တိုက်ရိုက်လှူဒါန်းငွေအတွက် ပြဋ္ဌာန်းချက်များ ချမှတ်ထားကြသည်။ ဇယားတွင်ဖော်ပြထားချက်များသည် "ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုအတွက် ပြဋ္ဌာန်းချက်များချမှတ်ထားသည်" နှင့်/သို့မဟုတ် " ရန်ပုံငွေပုံမှန်ထောက်ပံ့ပေးထားသည်" ဟု ဖြေကြားသော နိုင်ငံများကို ကိုယ်စားပြုသော ကိန်းဂဏန်းများဖြစ်ကြပါသည်။ နိုင်ငံပေါင်း ၁၇၆ နိုင်ငံအတွက် ၂၀၁၁ ခုနှစ်က အိုမန် ရှာဖွေရေးသားခဲ့သည့် အချက်အလက်များ (၆၀%)နှင့်ယှဉ်လျှင် အနည်းငယ်များနေပေသည်။

လူထုထည့်ဝင်ငွေ၏ အဓိကရည်မှန်းချက် ၂ ခုမှာ နိုင်ငံရေးပါတီများအား အဖွဲ့အစည်းများအဖြစ် လည်ပတ်ဆောင်ရွက်နိုင်စေရန် သို့မဟုတ်ထိရောက်သော ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများဖြစ်အောင် ကူညီပေးရန်တို့ဖြစ်နိုင်ပါသည်။ ထိုရည်မှန်းချက်များနှင့်အညီ လူထုတိုက်ရိုက်ထည့်ဝင်မှုကို ပုံမှန်လုပ်ဆောင်နိုင်ခြင်း (လစဉ်/နှစ်စဉ်) သို့မဟုတ်ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများအတွင်း ပြုလုပ်နိုင်ပါသည်။ လူထုထည့်ဝင်ငွေအတွက် ပြဋ္ဌာန်းချက်များချမှတ်ထားသော နိုင်ငံများအနက် ပုံမှန်ထည့်ဝင်မှုအတွက်ခွင့်ပြုထားသောနိုင်ငံများကို အများဆုံးတွေ့ရပြီး (၆၀ နိုင်ငံ) ၁၉ နိုင်ငံသည် ရွေးကောက်ပွဲမဲဆွယ် လှုပ်ရှားမှုအတွက်သာခွင့်ပြုထား၍ ၃၇ နိုင်ငံတွင် ၂ မျိုးလုံးအတွက် ခွင့်ပြုထားသည်ကို တွေ့ရသည်။

အဆိုပါရန်ပုံငွေများကိုအသုံးပြုရာတွင် မူလရည်ရွယ်ချက်ထားမှုများနှင့် နည်းစနစ်အားဖြင့် မတူညီသည်ကို သတိပြုသင့်ပါသည်။ ဥပမာ-နှစ်စဉ်ထည့်ဝင်ခြင်းဖြင့် ရန်ပုံငွေစုဆောင်းထားသော်လည်း မဲဆွယ်လှုပ်ရှားမှုအတွက်အသုံးပြုကြသလို မဲဆွယ်လှုပ်ရှားမှုအတွက် သတ်မှတ်ခွဲဝေထားသော ရန်ပုံငွေမှပိုငွေများကိုလည်း ပါတီရေးရာကိစ္စများတွင် အသုံးပြုနိုင်ကြပါသည်(လူထုရန်ပုံငွေအားမည်ကဲ့သို့သုံးမည်ကို ကြိုတင်လျာထားခြင်းမရှိဟု ယူဆထားပါသည်)။

လူထုထည့်ဝင်ငွေဆိုင်ရာစနစ်တစ်ခုကို ပုံစံထုတ်ရေးဆွဲရာတွင် မေးခွန်းအများအပြားကိုဖြေကြားရန်လိုအပ်ကြောင်းကို အချက်အလက်များက ဖော်ပြလျက်ရှိပါသည်။ အရေးအကြီးဆုံး မေးခွန်းသုံးခုအဖြစ် ဒေတာဘော့စ်တွင်ဖော်ပြထားသည်မှာ-

၁) မည်သည့်ပါတီများသည် ရန်ပုံငွေများကို လက်ခံခွင့်ရှိပါသနည်း ?

၂) ရရှိလာသော ရန်ပုံငွေများကို လက်ခံခွင့်ရှိသောပါတီများအား မည်သို့ ခွဲဝေချထားပေးမည်နည်း ?

၃) ရန်ပုံငွေအချို့ သို့မဟုတ် အားလုံးကို မည်သည့်ကိစ္စရပ်များတွင် သုံးမည်ဟု ကြိုတင်လျာထားမှုရှိပါသလား ?

ပထမမေးခွန်းနှင့်စပ်လျဉ်း၍ အချို့သောနိုင်ငံများတွင် လူထုတိုက်ရိုက်ထည့်ဝင်ငွေနှင့်ပတ်သက်သော စံသတ်မှတ်ချက်များ မရှိကြပေ။ နိုင်ငံပေါင်း ၁၅ နိုင်ငံတွင် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ရုံဖြင့် ရန်ပုံငွေအချို့သို့မဟုတ် အားလုံးကို ရယူနိုင်ခွင့်ရှိပြီး အခြား ၁၉ နိုင်ငံတွင် ရွေးကောက်ပွဲတွင် ပါဝင်ခြင်းသည်သာလျှင် အရည်အချင်း သတ်မှတ်ချက်ဖြစ်သည်။ အယ်လ်ဆယ်လ်ဗာဒါနှင့် ပနားမားနိုင်ငံတို့တွင် အထက်ဖော်ပြပါနည်းလမ်းနှစ်မျိုးကိုကျင့်သုံးပြီး ရွေးကောက်ပွဲဝင်သည့် ပါတီများနှင့် မှတ်ပုံတင်ထားသောပါတီများကိုပါ ရန်ပုံငွေ ခွဲဝေချထားပေးပါသည်။ ဆိုခဲ့ပြီးသည့်နည်းလမ်းများသည် အားလုံးပါဝင်ရေးအတွက် အထူးကောင်းမွန်သည်မှာ သံသယဖြစ်ဖွယ်မရှိသော်လည်း ဝေဖန်သူများကပြောကြသည်မှာ ထိုနည်းလမ်းများသည် နိုင်ငံရေးပါတီစနစ်ကို အစိတ်စိတ်အမွှာမွှာပြိုကွဲစေပြီး နိုင်ငံတော်ပိုင်ရန်ပုံငွေများကို ရယူ သုံးစွဲရန်အတွက်သာ ရည်ရွယ်သည့် နိုင်ငံရေးပါတီများကို ဖြစ်ပေါ်လာစေနိုင်သည်ဟူ၍ဖြစ်ပါသည်။

ထို့ကြောင့်ပင် နိုင်ငံအများစုတွင် နိုင်ငံရေးပါတီများအနေဖြင့် လူထုတိုက်ရိုက်ထည့်ဝင်ငွေကို ရယူသုံးစွဲရန် အရည်အချင်းပြည့်မီကြောင်း ပြသသည့်အနေဖြင့် ယင်းတို့အားထောက်ခံသူအရေအတွက်ကို ပြသရန်လိုအပ်ကြောင်း စံသတ်မှတ်ထားပါသည်။ ထောက်ခံသူ အရေအတွက်ကို တိုင်းတာရန် အသုံးများသည့်နည်းလမ်းများမှာ ပါတီတစ်ခုချင်းစီမှ ရရှိသည့် ဆန္ဒမဲအရေအတွက် သို့မဟုတ် အမတ်အရေအတွက်ကို ရေတွက်ခြင်း သို့မဟုတ် အမတ်နေရာရရှိပြီးဖြစ်သည့် ပါတီများအတွက် ရန်ပုံငွေကန့်သတ်ခြင်းတို့ဖြစ်ကြသည်။ ဇယား-၆ တွင် နိုင်ငံအသီးသီးက အသုံးပြုကြသည့် အရည်အချင်းသတ်မှတ်ချက် စံနှုန်းများကို ဖော်ပြထားပါသည်။ သတိပြုရန်မှာ အရည်အချင်း သတ်မှတ်ချက်များသည် တစ်ပုံစံတည်း ဖြစ်မနေနိုင်ပေ၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်ခုတည်းတွင်ပင် လူထုထည့်ဝင်၏ ကွဲပြားခြားနားသည့် အစိတ်အပိုင်းများအတွက် မတူညီသောသတ်မှတ်ချက်များကို အသုံးပြု နိုင်ခြင်းကြောင့်ဖြစ်သည်။

## ဇယား-၆ လူထုတိုက်ရိုက်ထည့်ဝင်ငွေအတွက် အရည်အချင်းသတ်မှတ်ချက် ပုံစံများ

| သတ်မှတ်ချက် | နိုင်ငံစုစုပေါင်း | မှတ်ချက် |
|---|---|---|
| ပြီးခဲ့သောရွေးကောက်ပွဲတွင် ရရှိခဲ့သော ဆန္ဒမဲအရေအတွက် | ၅၇ | ပြီးခဲ့သောရွေးကောက်ပွဲတွင် ကြော်ကြားမဲအချို့ရရှိခဲ့သောပါတီများသာ လူထုထည့်ဝင်ငွေကို ရခွင့်ရှိသည်။ ထိုသတ်မှတ်ချက်သည်သည် လွှတ်တော်ရွေးကောက်ပွဲထက်စာလျှင် လျော့နည်းလေ့ရှိပါသည်(အမြဲတမ်းမဟုတ်ပါ)။ |
| နောက်လာမည့်ရွေးကောက်ပွဲတွင်ရရှိသော မဲအရေအတွက် | ၈ | ရွေးကောက်ပွဲမတိုင်မီ ရန်ပုံငွေများချထားပေးသောအခါများတွင် အထက်အပိုဒ်နှင့် ဆင်တူသည်။ သတ်မှတ်ချက်မပြည့်မှီသော နိုင်ငံရေးပါတီများသည် ရန်ပုံငွေကိုပြန်လည်ပေးအပ်ရပါသည်။ |
| အမတ်နေရာရရှိမှု | ၅၈ | လွှတ်တော်တွင်းအမတ်နေရာရရှိခဲ့သော ပါတီများသာ ရန်ပုံငွေရရှိခွင့်ရှိသည်။ ရွေးကောက်ပွဲနယ်ပယ်သို့အသစ်ဝင်ရောက်လာမည့် ပါတီများအနေဖြင့် ထိုသတ်မှတ်ချက်ကို ပြည့်မီရန်ခက်ခဲမည်ဟု ဝေဖန်ရေးဆရာများက ငြင်းဆိုလေ့ရှိပါသည်။ |
| ပြီးခဲ့သောရွေးကောက်ပွဲတွင် ရရှိခဲ့သော အမတ်နေရာ အရေအတွက် | ၉ | ထိုနိုင်ငံများတွင် နိုင်ငံရေးအရကိုယ်စားပြုမှုရရှိရန်ဆိုသည်မှာ လုံလောက်မှုမရှိပါ။ အရည်အချင်းသတ်မှတ်ချက် ပြည့်မှီရန်အတွက် ပါတီများသည် သတ်မှတ်ထားသော အမတ်နေရာရရှိရန်လိုအပ်ပါသည်။ |
| နောက်လာမည့်ရွေးကောက်ပွဲတွင်ရရှိသော အမတ်နေရာ အရေအတွက် | ၂ | အထက်ဖော်ပြပါအတိုင်း ရွေးကောက်ပွဲမတိုင်မီ ရန်ပုံငွေများချထားပေးသောအခါများတွင် ထိုသတ်မှတ်ချက်ကိုအသုံးပြုပြီး သတ်မှတ်ထားသော အမတ်နေရာမရရှိသည့် နိုင်ငံရေးပါတီများသည် ၎င်းတို့ရရှိခဲ့သော ရန်ပုံငွေကို ပြန်လည်ပေးအပ်ရပါသည်။ |
| တင်သွင်းခဲ့သောကိုယ်စားလှယ်လောင်းအရေအတွက် | ၉ | ထိုနိုင်ငံများတွင် ရွေးကောက်ပွဲဝင်မည့်ပါတီများအနေဖြင့် သတ်မှတ်ထားသော ကိုယ်စားလှယ်လောင်းအရေအတွက်တင်သွင်းနိုင်သောပါတီ သို့မဟုတ် မဲဆန္ဒနယ်အားလုံးတွင် သတ်မှတ်ထားသော ကိုယ်စားလှယ်လောင်းအရေအတွက်တင်သွင်းနိုင်မှသာ လူထုထည့်ဝင်ငွေကို လက်ခံရယူခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါသည်။ |
| ပါတီဝင်အရေအတွက် | ၂ | နိုင်ငံရေးပါတီများသည် သတ်မှတ်ထားသော ပါတီဝင်အရေအတွက်ရှိမှသာ ရန်ပုံငွေရယူရန် အရည်အချင်းပြည့်မှီသည်။ |

ဇယား-၆ အရ အသုံးများသည့် သတ်မှတ်ချက်ပုံစံမှာ ပြီးခဲ့ပြီးသော သို့မဟုတ် နောက်လာမည့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများက ရရှိရမည့် ဆန္ဒမဲအရေအတွက်ဖြစ်သည်။ နောက်လာမည့်ရွေးကောက်ပွဲအပေါ်မူတည်သော ပုံစံသည် အသုံးနည်းပါသည်။ အတိအကျပြောရလျှင် ဒိန်းမတ်နိုင်ငံ၌ အချို့သော ရွေးကောက်ပွဲများတွင် ဆန္ဒမဲ ၁၀၀၊ ဘီနင်း, ဘူတန်, ချက်, အိုင်ဗရီကို့စ်နှင့် မာလာဝီနိုင်ငံများ၏ အချို့ရွေးကောက်ပွဲများ၌ ၁၀ ရာခိုင်နှုန်းအစရှိသဖြင့် စံနှုန်းအမျိုးမျိုးပြောင်းလဲမှုရှိပါသည်။ ဒုတိယစံသတ်မှတ်ချက်သည် နိုင်ငံရေးအရ မတူညီမှုကို ထိခိုက်မှုမရှိဟူသောအချက်မှာ အငြင်းအခုံပြုရမည့် အချက်ပင်ဖြစ်သည်။

စာရင်းတွင်ပါသည့် ဒုတိယမေးခွန်းနှင့်စပ်လျဉ်း၍ ပြောရလျှင် ရန်ပုံငွေရယူခံစားပိုင်ခွင့်ရှိသည့် နိုင်ငံရေးပါတီများ သတ်မှတ်ထားပြီးလျှင် နောက်တစ်ဆင့်အနေဖြင့် စုစုပေါင်းရရှိသည့် ရန်ပုံငွေကို မည်သို့ခွဲဝေချထားပေးမည်ကို တွက်ချက်ရန်ဖြစ်သည်။ တစ်ဖက်စွန်းကျသော နည်းလမ်းမှာ ရန်ပုံငွေရယူခံစားပိုင်ခွင့်ရှိသည့် နိုင်ငံရေးပါတီတစ်ခု ချင်းစီအား တူညီသောပမာဏ ချပေးခြင်းဖြစ်သည်။ ထိုနည်းလမ်းသည် အားလုံးတန်းတူဖြစ်စေသော်လည်း ပါတီတစ်ခုချင်းစီအလိုက် လူထုထောက်ခံမှု မတူညီခြင်းကို ထည့်မတွက်ခြင်းနှင့် နိုင်ငံရေးပါတီစနစ်ကို အစိတ်စိတ် အမွှာမွှာပြိုကွဲသွားစေနိုင်သည်ဟူ၍ ဝေဖန်ပြစ်တင်ခံရဖွယ် ရှိသည်။ အတိုက်အခံပါတီများအချင်းချင်း ဘဏ္ဍာရေးဆိုင်ရာ အဟန့် အတားကြောင့် စုစည်းခြင်းမပြုနိုင်ကြသည့်အတွက် အစိုးရများအနေဖြင့် ဤနည်းလမ်းကို ပိုမိုနှစ်ခြိုက်နိုင်ပါသည်။

နောက်ထပ်အစွန်းရောက်သည့်နည်းတစ်ခုမှာ နိုင်ငံရေးပါတီ တစ်ခုချင်းစီအား ၎င်းတို့ရရှိသည့်လူထုထောက်ခံမှုအလိုက် (ဆန္ဒမဲအရေအတွက် သို့မဟုတ်အမတ်နေရာရရှိမှု) ရန်ပုံငွေများကို အချိုးကျခွဲဝေ ပေးခြင်းဖြစ်သည်။ ဤစနစ်သည် လူထုကြိုက်သည့်ပါတီအား ချီးမြှောက်ရာ ကျသော်လည်း တစ်ခါတစ်ရံတွင် ရန်ပုံငွေသီးခြားထောက်ပံ့ရန် လိုအပ်မှုအနည်းဆုံးဖြစ်သည့် အစိုးရပါတီအား ရန်ပုံငွေအများဆုံး ရရှိစေသည့် အဖြစ်ကို ဦးတည်သွားစေပါသည်။

အလုံးစုံအညီအမျှခွဲဝေပေးသည့်ပုံစံကို နိုင်ငံပေါင်း ၈ နိုင်ငံတွင်ကျင့်သုံးပြီး အခြား ၅၁ နိုင်ငံတွင်ရန်ပုံငွေများကို အချိုးကျ ခွဲဝေပေးပါသည်။ ရန်ပုံငွေအချို့ကို အညီအမျှခွဲဝေပေးပြီး ကျန်ရန်ပုံငွေကို အချိုးကျခွဲဝေပေးသည့် နိုင်ငံပေါင်း ၄၁ နိုင်ငံနှင့် နှိုင်းယှဉ်လျှင် ဒုတိယနည်းလမ်းဖြစ်သည့် အချိုးကျခွဲဝေပေးသည့်နည်းလမ်းကို ပိုမိုကျင့်သုံးကြသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ဇယား-၇ တွင် ခွဲဝေချထားမှုပုံစံအမျိုးမျိုးကိုတွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံအများစုသည် ပုံစံတစ်မျိုးထက်မက အသုံးပြုကြသဖြင့် ဇယားပါ စုစုပေါင်းကိန်းဂဏန်းသည် လူထုတိုက်ရိုက်ထည့်ဝင်ငွေ ခွင့်ပြုထားသည့် နိုင်ငံအရေအတွက်ထက် ကျော်လွန်နေမည်ကို သတိပြုစေလိုပါသည်။ ဇယားတွင် ဖော်ပြထားသည့်အတိုင်း ဆန္ဒမဲရရှိမှုအပေါ်မူတည်၍ အချိုးကျ ခွဲဝေပေးခြင်းသည် အသုံးအများဆုံးဖြစ်ပြီး အမတ်နေရာရရှိမှုအပေါ် မူတည်၍ခွဲဝေပေးမှုသည် ဒုတိယအသုံးအများဆုံးဖြစ်သည်။ အဆိုပါ နည်းလမ်းနှစ်မျိုးလုံးသည် အချိုးကျကိုယ်စားပြုမှုစနစ်ကိုသုံးသော နိုင်ငံများတွင် ထပ်ထူလိုပင်ဖြစ်သော်လည်း ဒုတိယနည်းလမ်းသည် တစ်ခရိုင်တစ်ယောက်ရွေးကောက်သည့်စနစ်များတွင် ပါတီကြီးများအတွက် အားသာမှုကိုဖြစ်ပေါ်စေသည်။

ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားစဉ်ကသုံးခဲ့သော ရန်ပုံငွေကို ပြန်လည်ဖြေးအပ်သော စနစ်သည် အမေရိကန်ပြည်ထောင်စုတွင် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်သုံးသော ပုံစံဖြစ်ပြီး ထိုသို့ နိုင်ငံရေးပါတီများအား ထောက်ပံ့မှုကို နိုင်ငံအနည်းစုတွင်သာ အသုံးပြုကြပါသည်။

## ဇယား-၇ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအား ခွဲဝေမှုပုံစံများ

| ခွဲဝေရန်သတ်မှတ်ချက် | နိုင်ငံစုစုပေါင်း | မှတ်ချက် |
|---|---|---|
| အညီအမျှခွဲဝေခြင်း | ၄၈ | အရည်အချင်းပြည့်မီသောပါတီများအားလုံး အညီအမျှရရှိသည်။ |
| အမတ်နေရာရရှိမှု အချိုးအစား | ၃၆ | အမတ်နေရာရရှိမှုအချိုးအစားအတိုင်း ရန်ပုံငွေများကိုခွဲဝေပေးသည် (ဥပမာ- ပါတီတစ်ခုသည် အမတ်နေရာများ၏ ၁၅% ရရှိပါက လူထုတိုက်ရိုက်ထည့်ဝင်ငွေ၏ ၁၅% ကို ရရှိမည်ဖြစ်သည်) |
| မဲရရှိမှုအချိုးအစား | ၅၄ | မဲရရှိမှုအချိုးအစားအတိုင်း ရန်ပုံငွေများကိုခွဲဝေပေးသည် (ဥပမာ- ပါတီတစ်ခုသည် အမတ်နေရာများ၏ ၁၅% ရရှိပါက လူထုတိုက်ရိုက်ထည့်ဝင်ငွေ၏ ၁၅%ကို ရရှိမည်ဖြစ်သည်) |
| မဲရရရှိမှုအပေါ် သတ်မှတ်ထားသောပုံသေနှုန်း | ၁၇ | ထောက်ခံဆန္ဒပြုခဲ့သည့်မဲဆန္ဒရှင်တစ်ဦးချင်းအစီအလိုက် ရရှိမည့်ပမာဏဖြစ်သည်။ ဥပမာ - သတ်မှတ်နှုန်းထားသည် မဲဆန္ဒရှင်တစ်ဦးအတွက် နိုင်ငံတကာသုံးငွေကြေး ၁ I$ သတ်မှတ်ထားပါက မဲ ၅၀၀,၀၀၀ ရရှိသော ပါတီသည် နိုင်ငံတကာသုံးငွေကြေး ၅၀၀,၀၀၀ I$ ကိုရရှိမည်ဖြစ်သည်။ |
| ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်း အချိုးအစား | ၆ | ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းအရေအတွက်ပေါ်တွင် အခြေခံ၍ ခွဲဝေပေးခြင်းဖြစ်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် သတ်မှတ်ထားသည့်ပုံသေနှုန်းထားအတိုင်း ရရှိမည်ဖြစ်သည်။ အခြားသောနည်းတစ်ခုမှာ ယင်းပါတီမှ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်း စုစုပေါင်းအရေအတွက်နှင့် ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်း စုစုပေါင်းအရေအတွက်၏ အချိုးအစား အရလည်းရရှိနိုင်ပါသည်။ (စုစုပေါင်း ကိုယ်စားလှယ်လောင်း ၁၀၀၀ ရှိလျှင် ကိုယ်စားလှယ် ၁၀၀ ယှဉ်ပြိုင်ခဲ့သောပါတီသည် ရန်ပုံငွေ၏ ၁၀ % ကိုရရှိမည်ဖြစ်သည်) |
| ပြန်ထုတ်ပေးသည့်အသုံးစရိတ် | ၃ | ပါတီအနေဖြင့် ယင်းတို့သုံးစွဲခဲ့သောအသုံးစရိတ်အချို့ သို့မဟုတ် အားလုံးကို နိုင်ငံတော် ရန်ပုံငွေထဲမှပြန်လည်ရရှိခြင်းဖြစ်သည်။ (အများအားဖြင့် တစ်စိတ်တစ်ပိုင်းကိုသာ ရရှိပါသည်) |
| ပါတီဝင်အရေအတွက် | ၂ | မှတ်ပုံတင်ထားသောပါတီဝင်အရေအတွက်အလိုက် ရန်ပုံငွေအချို့ကို ရရှိခြင်းဖြစ်သည်။ |

နောက်ဆုံးမေးခွန်းနှင့်စပ်လျဉ်း၍တင်ပြရလျှင် များစွာသောနိုင်ငံတို့တွင် လူထုထည့်ဝင်ငွေအတွက် မည်သို့သုံးစွဲရမည်ဆိုသော သီးခြားပြဋ္ဌာန်းချက်များ မရှိကြသည်ကိုလည်း တွေ့မြင်ရပါသည်။ အချက်အလက်ရရှိခဲ့သမျှသော ၁၁၁ နိုင်ငံအနက် ၅၂ % တွင်လူထုထည့်ဝင်ငွေ သုံးစွဲမှုအတွက်လျာထားချက်များမရှိကြပါ။ ၂၂ နိုင်ငံတွင် လူထုထည့်ဝင်ငွေအချို့ကို မဲဆွယ်လှုပ်ရှားမှုအတွက်သုံးရန် လျာထားပြီး အချို့ကို ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများတွင်အသုံးပြုရန် သတ်မှတ်ထားပါသည်။ ၁၆ နိုင်ငံတွင်မူ လူထုထည့်ဝင်ငွေများကို မဲဆွယ်လှုပ်ရှားမှုအတွက်သာ အသုံးပြုခွင့်ပေးထားပြီး ရွေးကောက်ပွဲနှင့်ပတ်သက်မှုမရှိသော လုပ်ငန်းများတွင်သုံးရန် ၉ နိုင်ငံက ခွင့်ပြုထားပါသည်။

အခြားသော ကြိုတင်လျာထားချက်များလည်း ရှိပါသည်- ဥပမာအားဖြင့် ထိုရန်ပုံငွေကို နိုင်ငံတကာဆက်ဆံရေးအတွက်သာသုံးရန်၊ လူထုပညာပေး လုပ်ငန်းများအတွက်သာသုံးရန် သို့မဟုတ် သုတေသနလုပ်ငန်းများတွင် သာသုံးရန် အစရှိသည်တို့ဖြစ်ပါသည်။ အချို့သောနိုင်ငံများတွင် ရန်ပုံငွေ အချို့တစ်ဝက်ကို နိုင်ငံရေးပါတီများအတွင်းရှိ အချို့သောအဖွဲ့အစည်း များ (ဥပမာ- အမျိုးသမီးအသင်း) ပိုမိုအားကောင်းစေရန်အတွက် အသုံး ပြုရမည်ဟူသော သတ်မှတ်ချက်မျိုးလည်း တွေ့ရသည်။ (ဆက်လက် ဖော်ပြမည့် လူထုထည့်ဝင်ငွေနှင့် ကျား/မ အချိုးညီမျှမှု ဟူသော အခန်းကိုကြည့်ပါ)

လူထုမှသွယ်ဝိုက်ထည့်ဝင်ငွေနှင့်စပ်လျဉ်း၍လည်း ဒေတာဘော့စ်တွင် ဖော်ပြထားပါသည်။ ဆိုလိုသည်မှာ နိုင်ငံရေးပါတီများသို့ အစိုးရများမှ ငွေကြေးမဟုတ်သော ထောက်ပံ့မှုများ ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများ၌ မီဒီယာများ၏ အခန်းကဏ္ဍ ပိုမို မြင့်မားလာသည်နှင့်အမျှ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်း များကို မီဒီယာကင်းလွတ်ခွင့် သို့မဟုတ် မီဒီယာဆိုင်ရာထောက်ပံ့မှု ပေးအပ်ခြင်းတို့ ဖြစ်ကြသည်။ ကိစ္စတော်တော်များများတွင် နိုင်ငံရေး ပါတီများအနေဖြင့် ၎င်းတို့ရရှိသည့် မီဒီယာထုတ်လွှင့်ချိန်ကို ယင်းတို့၏ ကိုယ်စားလှယ်လောင်းများသို့ခွဲဝေချထားရန် ခွင့်ပြုထားသော်လည်း နိုင်ငံများ၏ သုံးပုံနှစ်ပုံကျော်တွင် နိုင်ငံရေးပါတီများအတွက် ထိုကဲ့သို့ ထောက်ပံ့မှုများ ပြုလုပ်ပေးထားကြပြီး သတင်းအချက်အလက် ရရှိသမျှ သော နိုင်ငံများ၏ တစ်ဝက်သည် ကိုယ်စားလှယ်လောင်းများအတွက် မီဒီယာထောက်ပံ့မှု ပြုလုပ်ပေးကြပါသည်။

အခြားသောအချက်တစ်ချက်မှာ နိုင်ငံရေးပါတီများအကြား အချိန်ခွဲဝေ သတ်မှတ်ပုံဖြစ်သည်။ ကိုယ်စားလှယ်လောင်းများအတွက်မူ မီဒီယာ အခမဲ့သုံးစွဲခွင့် သို့မဟုတ် မီဒီယာဆိုင်ရာထောက်ပံ့မှုပေးအပ်ခြင်းတို့ကို တစ်ပုံစံတည်း တန်းတူညီမျှပေးအပ်မည်ဖြစ်သည်။ လူထုတိုက်ရိုက် ထည့်ဝင်ငွေကဲ့သို့ပင် အချိန်ကိုလည်း ညီတူညီမျှ သို့မဟုတ် ပါတီတစ်ခု ချင်းစီအလိုက် လူထုထောက်ခံမှုအရ ခွဲဝေပေးအပ်နိုင်ပါသည်။ အကယ်၍သာ မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ များပြားပြီး အားလုံးအတွက် တူညီသောအချိန်သတ်မှတ်ပေးပါက နောက်မှထုတ်လွှင့် ခွင့်ရသည့်သတင်းသည် လူထုစိတ်ဝင်စားမှုလျော့နည်းနိုင်ပေသည်။

မီဒီယာ အခမဲ့သုံးစွဲခွင့် သို့မဟုတ် မီဒီယာဆိုင်ရာထောက်ပံ့မှုပေးသည့် နိုင်ငံများ၏ ၆၁% တွင် ထိုသို့ အချိန်အညီအမျှသတ်မှတ်ထားပြီး ၂၄ % သည် အချိုးကျခွဲဝေသတ်မှတ်သည့်ပုံစံကို ကျင့်သုံးပြီး ကျန်နိုင်ငံများတွင် ပုံစံ ၂ မျိုးလုံးကို ရောနှောကျင့်သုံးပါသည်။

အချိုးကျခွဲဝေသတ်မှတ်ရာတွင် ၁၆ နိုင်ငံတွင် ပါတီအသီးသီးက ရရှိသည့် အမတ်နေရာအလိုက်ခွဲဝေပြီး ၁၄ နိုင်ငံသည် ပါတီအလိုက်တင်သွင်းသည့် ကိုယ်စားလှယ်လောင်းအရေအတွက်အရ ခွဲဝေသတ်မှတ်ပါသည်။ နောက်ဆုံးရွေးကောက်ပွဲတွင် ပါတီတစ်ခုစီက ရရှိသည့် ဆန္ဒမဲ အရေအတွက်အရ ခွဲဝေသည့်စနစ်ကို ၈ နိုင်ငံတွင် ကျင့်သုံးပါသည်။ အဆိုပါ သတ်မှတ်ချက်များသည် အပြန်အလှန်မှီတည်နေသည်တော့မဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် အချို့သောနိုင်ငံများတွင် မီဒီယာအမျိုးမျိုး အတွက် သတ်မှတ်ချက်အဖုံဖုံကို ချမှတ်ထား၍ ဖြစ်ပေသည်။

မီဒီယာအခမဲ့သုံးစွဲခွင့် သို့မဟုတ် မီဒီယာဆိုင်ရာထောက်ပံ့မှု ပေးခြင်းမှ တစ်ပါး အခြားသော လူထုမှသွယ်ဝိုက်ထည့်ဝင်ငွေပုံစံအမျိုးမျိုး ကိုလည်း ဒေတာဘေ့စ်တွင်ဖော်ပြထားပါသည်။ ထိုပုံစံများကို သတင်းအချက် အလက်ရရှိသမျှသော နိုင်ငံများ၏ ၆၈% တွင် အသုံးပြုကြပြီး ဇယား- ၈ တွင် အသုံးများသောပုံစံများကို ဖော်ပြထားပါသည်။

ဇယား ၈။ လူထုမှသွယ်ဝိုက်ထည့်ဝင်ငွေ ပုံစံများ

| လူထုမှသွယ်ဝိုက်ထည့်ဝင်ငွေပုံစံများ | နိုင်ငံစုစုပေါင်း |
|---|---|
| နိုင်ငံရေးပါတီများအတွက် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် နိုင်ငံရေးပါတီများအား လှူဒါန်းသည့် ပုဂ္ဂိုလ်များအတွက် အခွန်ကင်းလွတ်ခွင့် | ၆၁ |
| မဲဆွယ်လှုပ်ရှားမှုအစည်းအဝေးအတွက်နေရာအဆောက်အဦများ | ၂၈ |
| မဲဆွယ်လှုပ်ရှားရာတွင်သုံးသည့် ပစ္စည်းများသိုလှောင်သိမ်းဆည်းမှုအတွက်နေရာ | ၂၀ |
| အခမဲ့စာပို့ခ သို့မဟုတ် စာပို့ခထောက်ပံ့ပေးခြင်း | ၁၃ |
| အခမဲ့သယ်ယူပို့ဆောင်မှု သို့မဟုတ် သယ်ယူပို့ဆောင်မှုထောက်ပံ့ပေးခြင်း | ၉ |

သွယ်ဝိုက်ထည့်ဝင်ငွေဆိုင်ရာ အခြားသော စိတ်ဝင်စားဖွယ် ဥပမာများ ကိုလည်း ဒေတာဘေ့စ်တွင်ဖော်ပြထားပါသည်။ ဘူတန်၊ ပါပူအာနယူးဂီနီ နှင့် ဂျပန်နိုင်ငံတို့တွင် ရွေးကောက်ပွဲကော်မရှင်များက နိုင်ငံရေးပါတီများ အတွက် ပိုစတာများကို ပုံနှိပ်ပေးပြီး အရှေ့တီမောနိုင်ငံတွင် နိုင်ငံရေးပါတီ များသည် တရားရုံးစရိတ် ကင်းလွတ်ခွင့်ရကြသည်။ ယူဂန်ဒါနိုင်ငံတွင် ကန့်သတ်မထားသော အများပြည်သူနှင့်သက်ဆိုင်သည့် အရင်းအမြစ်များ ရယူသုံးစွဲခွင့်ကို နိုင်ငံရေးပါတီများအား ဥပဒေအရခွင့်ပြုထားပါသည်။

ဒေတာဘေ့စ်ထဲရှိ မေးခွန်း ၂ မျိုးသည် သမားရိုးကျ နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများကိုအသုံးပြု၍ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ အကြားနှင့် နိုင်ငံရေးပါတီများအကြား ကျား/မ အချိုးညီမျှမှုကို မြှင့်တင်ရန် ကြိုးပမ်းသည့် မေးခွန်းများဖြစ်ကြပါသည်။ မေးခွန်းနံပါတ် ၂၇ သည် လူထုတိုက်ရိုက်လှူဒါန်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်များသည် ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများအကြား ကျား/မ အချိုးညီမျှမှုနှင့် ဆက်စပ်မှုရှိမရှိ၊ ကျား/မအချိုးညီမျှမှုကို အလေးထားသော နိုင်ငံရေးပါတီများအား ချီးမြှောက်ခြင်းရှိ/မရှိနှင့် မလေးမထားသောပါတီများအား ပြစ်ဒဏ်ချမှတ်ခြင်းရှိ/မရှိ အတွက် မေးမြန်းထားမှုများဖြစ်ပါသည်။ "သတ်မှတ်အရည်အချင်း မပြည့်စုံ သောပါတီများအား လူထုထောက်ပံ့မှုလျှော့ချခြင်း သို့မဟုတ် သတ်မှတ် အရည်အချင်းပြည့်စုံသော ပါတီများအား ထောက်ပံ့မှုထပ်ဆောင်းပေးအပ်ခြင်း" (လုပ်ဆောင်မှုနှစ်ခုအကြား ခြားနားမှုနည်းပါးသော်လည်း) ဖြင့် ကျား/မ ညီမျှမှုအား ယခုကဲ့သို့လေ့လာနိုင်ပါသည် (အိုမန် ၂၀၁၁: ၇)။ အချို့ဖြစ်ရပ်များတွင် သတ်မှတ်အရည်အချင်း မပြည့်စုံသည့် နိုင်ငံရေးပါတီများအားလုံးအား လူထုထည့်ဝင်ငွေ အသုံးမပြုရန်လည်း ပယ်ချနိုင်ပါသည်။ အနည်းဆုံးပါဝင်ရမည်ဟု သတ်မှတ်ထားသော ကျား/မ အရေအတွက် သို့မဟုတ် ကျား/မ အရေအတွက်ကွာဟမှုအမြင့်ဆုံးပမာဏဖြင့် အရည်အချင်းသတ်မှတ်ချက်ကို ဖော်ပြနိုင်ပါသည်။

တစ်ကမ္ဘာလုံးတွင် ကိုယ်စားလှယ်လောင်းများအကြား ကျား/မ အချိုးညီမျှမှုအပေါ်မူတည်၍ လူထုတိုက်ရိုက်ထည့်ဝင်ငွေသုံးစွဲခွင့်အတွက် ပြဋ္ဌာန်းထားသောနိုင်ငံ ၁၆ နိုင်ငံမှာ ဘော့စနီးယားဟာဇီဂိုးဗီးနား၊ ကိုလံဘီယာ၊ ခရိုအေးရှား၊ အီသီယိုးပီးယား၊ ပြင်သစ်၊ ဂျော်ဂျီယာ၊ ဟေတီ၊ အီတလီ၊ ကင်ညာ၊ တောင်ကိုရီးယား၊ မာလီ၊ နိုင်ဂါ၊ ပါပူအာနယူးဂီနီ၊ ပေါ်တူဂီ၊ ရိုမေးနီးယားနှင့် ဆားဘီးယားနိုင်ငံတို့ ဖြစ်ကြပါသည်။ အဆိုပါနိုင်ငံများ အားလုံးသည် ဒေတာဘေ့စ်တွင်ပါသည့် နိုင်ငံများအားလုံး၏ ၉ ရာခိုင်နှုန်း ရှိပြီး ယင်းတို့အနက် ၁၃ ရာခိုင်နှုန်းမှာ လူထုတိုက်ရိုက်ထည့်ဝင်ငွေကို အသုံးပြုကြပါသည်။ အလွန်များသောနိုင်ငံအရေအတွက်ဟု ထင်မြင်နိုင်ဖွယ်မရှိသော်လည်း ဒေသအများစုတွင် ခေတ်စားလာသော ကျား/မ အချိုးညီမျှမှုမြှင့်တင်ရေးအတွက် နမူနာကောင်းတစ်ခုပင်ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံရေးပါတီများတွင် ကျား/မအချိုးညီမျှမှု မြှင့်တင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ အခြားဆွဲဆောင်မှုများ ပြုလုပ်ကြခြင်းရှိ/မရှိ ဆိုသည့် မေးခွန်းလည်းရှိနေပေသည်။

များစွာသောနိုင်ငံတို့တွင် အဆိုပါကဲ့သို့သော ဆွဲဆောင်မှုများ ပြုလုပ်ထားကြပြီး အများဆုံးတွေ့ရသည့်ပုံစံမှာ လူထု ထည့်ဝင်ငွေကို ကျား/မ အချိုးညီမျှမှုဆိုင်ရာ လုပ်ငန်းများတွင်အသုံးပြုရန် လျာထားသည့် ပုံစံဖြစ်ပြီး ယင်းကို ဘရာဇီး၊ ကိုလံဘီယာ၊ အီတလီ၊ တောင်ကိုရီးယား၊ မက္ကဆီကို၊ မိုရိုကိုနှင့် ပနားမားနိုင်ငံများတွင် အသုံးပြုကြပါသည်။ ဖင်လန်နိုင်ငံတွင် ထည့်ဝင်ငွေများကို ပါတီများ၏ အမျိုးသမီးအဖွဲ့အစည်းများထံသို့ တိုက်ရိုက် ပေးအပ်စေပြီး ဟွန်ဒူးရပ်စ်နိုင်ငံတွင် နိုင်ငံရေးပါတီများအနေဖြင့် ကျား/မ မူဝါဒကို ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အစည်းများထံ တင်သွင်းကြရခြင်း သို့မဟုတ် လူထုထည့်ဝင်ငွေ လျော့နည်းဆုံးပါးနိုင်သည့်အကြောင်းရင်းများကို တင်ပြရခြင်းတို့ကို ပြုလုပ်ကြရပါသည်။ ကိုစတာရီကာတွင် ပါတီများအနေဖြင့် ယင်းတို့၏ ကျား/မ နှစ်မျိုးလုံးအတွက် သင်တန်းသုံး စွဲငွေသည် ထပ်တူပင်ဖြစ်ကြောင်းကို အထောက်အထား တင်ပြရပါသည်။

ထိုကဲ့သို့စည်းမျဉ်းချမှတ်ထားသည့်နိုင်ငံများတွင် ကွာခြားချက် သိပ်မရှိသော်လည်း အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အရေအတွက်သည် ဒေသဆိုင်ရာပျမ်းမျှနှုန်းထက် အနည်းငယ်မျှသာ လျော့နည်းသည်ကို ဇယား-၉ တွင်ဖော်ပြထားပါသည်။ ထိုစည်းမျဉ်းများ၏ အကျိုးရလဒ်ကြောင့်ဟု အတပ်ပြော၍ မရပေ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံအများစုတွင် ထိုကဲ့သို့ ပြုပြင် ပြောင်းလဲမှုများလုပ်ခဲ့သည်မှာ ရွေးကောက်ပွဲရာသီစက်ဝန်း ၂ ပတ်ခန့်မျှသာ ရှိသေးသောကြောင့်ဖြစ်သည်။ အခြားတစ်ဖက်ကကြည့်မည်ဆိုလျှင်လည်း ရွေးကောက်ခံရသည့် အဖွဲ့အစည်းများအတွင်း ကျား/မအချိုးမညီမျှမှုဒဏ်ကို ကြီးမားစွာ ခံစားခဲ့ကြရသည့် နိုင်ငံများတွင် ထိုကဲ့သို့သော မူဝါဒများကို ကျင့်သုံးခဲ့ခြင်းကြောင့် ဖြစ်နိုင်ပေသည်။

ထိုပြဋ္ဌာန်းချက်များကြောင့် ကိုယ်စားလှယ်လောင်းများအကြား ကျား/မ အချိုးညီမျှမှု အမှန်တကယ်တိုးတက်လာခဲ့သည်ကို တိကျသည့် ကောက်ချက်ချရန် ဖြစ်နိုင်မည်မဟုတ်ဘဲ ရွေးကောက်ပွဲရာသီစက်ဝန်းများစွာ ကုန်လွန်ပြီးချိန်တွင် ပိုမိုလေးနက်သည့် သုတေသနများစွာ ပြုလုပ်မှသာ တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံရေးပါတီများ၏ လူထုအပေါ်မှီခိုအားထားမှုနှင့် ပုဂ္ဂလိကထည့်ဝင်ငွေများအပေါ် မှီခိုအားထားမှုကို ယှဉ်တွဲဖေဒကျကျ စဉ်းစားမည်ဆိုပါက ထိုကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများ၏ ထိရောက်အကျိုးရှိမှုက ရှင်းလင်းဖော်ပြနိုင်မည့် အရေးကြီးသော အကြောင်းအရာတစ်ရပ် ဖြစ်နိုင်ပေသည်။

## ဇယား ၉။ လူထုထည့်ဝင်ငွေနှင့်ကျား/မ အချိုးညီမျှမှုအဆက်အစပ်အရ လွှတ်တော်တွင် အမျိုးသမီးများအတွက် ခွဲတမ်းနေရာများ

| | နိုင်ငံရေးပါတီများသို့လူထုမှတိုက်ရိုက်ထည့်ဝင်ငွေဆိုင်ရာပြဋ္ဌာန်းချက်သည် ကိုယ်စားလှယ်လောင်းများ၏ ကျား/မ အချိုးညီမျှမှုနှင့် ဆက်စပ်မှုရှိပါသလား? | နိုင်ငံရေးပါတီများအတွင်း ကျား/မအချိုးညီမျှမှုကို တွန်းအားပေးသော ဘဏ္ဍာရေးဆိုင်ရာ အခြားသောပြဋ္ဌာန်းချက်များရှိပါသလား? | ၂၀၁၁ ဒီဇင်ဘာ ၃၁ အထိ လွှတ်တော်တွင်း အမျိုးသမီးများ ပါဝင်မှုအချိုးအစား | ဒေသ အလိုက် ပျမ်းမျှ |
|---|---|---|---|---|
| ဘော့စနီးယားဟာဇီဂိုးဗီးနား | ရှိ | မရှိ | ၂၁% | ၂၁% |
| ဘရာဇီး | မရှိ | ရှိ | ၉% | ၂၃% |
| ကိုလံဘီယာ | ရှိ | ရှိ | ၁၂% | ၂၃% |
| ခရိုအေးရှား | ရှိ | မရှိ | ၂၄% | ၂၁% |
| အီသီယိုးပီးယား | ရှိ | မရှိ | ၂၈% | ၂၀% |
| ဖင်လန် | မရှိ | ရှိ | ၄၃% | ၂၁% |
| ပြင်သစ် | ရှိ | မရှိ | ၁၉% | ၂၁% |
| ဟေတီ | ရှိ | မရှိ | ၄% | ၂၃% |
| ဟွန်ဒူးရပ်စ် | မရှိ | ရှိ | ၂၀% | ၂၃% |
| အီတလီ | ရှိ | ရှိ | ၂၂% | ၂၁% |
| ကင်ညာ | ရှိ | မရှိ | ၁၀% | ၂၀% |
| တောင်ကိုရီးယား | ရှိ | ရှိ | ၁၅% | ၁၈% |
| မာလီ | ရှိ | မရှိ | ၁၀% | ၂၀% |
| မက္ကဆီကို | မရှိ | ရှိ | ၂၆% | ၂၃% |
| မော်ရိုကို | မရှိ | ရှိ | ၁၇% | ၁၁% |
| နိုင်ဂါ | ရှိ | မရှိ | ၁၃% | ၂၀% |
| ပနားမား | မရှိ | ရှိ | ၉% | ၂၃% |
| ပါပူအာနယူးဂီနီ | ရှိ | မရှိ | ၁% | ၁၂% |
| ပေါ်တူဂီ | ရှိ | မရှိ | ၂၉% | ၂၁% |
| ရိုမေးနီးယား | ရှိ | မရှိ | ၁၁% | ၂၁% |
| ဆားဘီးယား | ရှိ | မရှိ | ၂၂% | ၂၁% |

ဇယား-၁ဂ သည် လူထုထည့်ဝင်ငွေအတွက် ကမ္ဘာလုံးဆိုင်ရာတုန့်ပြန်မှုများဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဒေတာဘေ့စ်တွင် ရှာဖွေလေ့လာနိုင်ပါသည်။

**ဇယား ၁၀။ လူထုထည့်ဝင်ငွေအတွက် ပြဋ္ဌာန်းချက်များ၏ အကျိုးရလဒ်**

| | မေးခွန်း | ရှိ | မရှိ | ဒေတာဆော့ အယောင်တွက်ရှိ | နှုန်း |
|---|---|---|---|---|---|
| ၁၉ | နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ်ပြဋ္ဌာန်းချက်များ ရှိပါသလား? | ၆၈% | ၃၂% | ၅၈% | ၉၆% |
| ၂၀ | နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ်ပြဋ္ဌာန်းချက်များ ရှိလျှင် အရည်အချင်းသတ်မှတ်ချက်များကား အဘယ်နည်း? | N/A | N/A | N/A | ၉၂% |
| ၂၁ | နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ် ပြဋ္ဌာန်းချက်များ ရှိလျှင် တွက်ချက်ခွဲဝေချထားမှုများကား အဘယ်နည်း? | N/A | N/A | N/A | ၉၁% |
| ၂၂ | နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ် ပြဋ္ဌာန်းချက်များ ရှိလျှင် ထိုငွေများအား မည်ကဲ့သို့သုံးစွဲရမည်ကို (ကြိုတင်လျာထားချက်များ) ပြဋ္ဌာန်းချက်များရှိပါသလား? | ၄၈% | ၅၂% | N/A | ၉၃% |
| ၂၃ | နိုင်ငံရေးပါတီများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများ အပေါ်ပြဋ္ဌာန်းချက်များရှိပါသလား? | ၆၉% | ၃၁% | ၆၃% | ၉၂% |
| ၂၄ | နိုင်ငံရေးပါတီများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများ အပေါ်ပြဋ္ဌာန်းချက်များရှိလျှင် မည်သည့်သတ်မှတ်ချက်များဖြင့် ထိုထောက်ပံ့မှုများကို ရယူနိုင်ပါသနည်း? | N/A | N/A | N/A | ၉၁% |
| ၂၅ | ကိုယ်စားလှယ်လောင်းများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများအပေါ်ပြဋ္ဌာန်းချက်များရှိပါသလား? | ၅၀% | ၅၀% | N/A | ၉၁% |
| ၂၆ | လူထုမှသွယ်ဝိုက်ထည့်ဝင်ငွေအတွက် အခြားသောပြဋ္ဌာန်းချက်များ ရှိပါသလား? | ၆၈% | ၃၂% | N/A | ၉၀% |
| ၂၇ | နိုင်ငံရေးပါတီများသို့လူထုမှတိုက်ရိုက်ထည့်ဝင်ငွေဆိုင်ရာ ပြဋ္ဌာန်းချက်သည် ကိုယ်စားလှယ်လောင်းများ၏ ကျား/မ အချိုးညီမျှမှုနှင့် ဆက်စပ်မှုရှိပါသလား? | ၁၃% | ၈၇% | N/A | ၉၄% |
| ၂၈ | နိုင်ငံရေးပါတီများအတွင်း ကျား/မအချိုးညီမျှမှုကို တွန်းအားပေးသော ဘဏ္ဍာရေးဆိုင်ရာ အခြားသောပြဋ္ဌာန်းချက်များရှိပါသလား? | ၇% | ၉၃% | N/A | ၉၁% |

မှတ်ချက်။ ဇယားတွင်ဖော်ပြထားသော ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဆော့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

### *ဒေသအလိုက်လေ့လာခြင်း*

သမုဒ္ဒရာကျွန်းနိုင်ငံများမှတစ်ပါး ဒေသအားလုံးတွင် နိုင်ငံအများစု၌နိုင်ငံရေးပါတီများသို့ လူထုတိုက်ရိုက်ထည့်ဝင်ငွေကို တွေ့ရသည်။ စိတ်ဝင်စားဖွယ်အချက်မှာဥရောပ၏ နောက်တွင်အာဖရိကသည်လူထုတိုက်ရိုက်ထည့်ဝင်သည့်နိုင်ငံအများဆုံးဖြစ်နေပြီး အမေရိကသည် ထိုပြဋ္ဌာန်းချက်များကို ပထမဦးဆုံးမိတ်ဆက် အသုံးပြုခဲ့သော်လည်း နောက်တွင်ကျန်ရစ်နေသည်ကို တွေ့ရသည်။ သို့သော် လူထုတိုက်ရိုက်လှူဒါန်းငွေနှင့် လူထုလှူဒါန်းငွေအပေါ် မှီခိုနေမှုအခြေအနေတို့ကို ရောထွေးနေ၍မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် အာဖရိကနိုင်ငံများတွင် လူထုတိုက်ရိုက်လှူဒါန်းငွေပမာဏသည်အလွန်ပင် နည်းပါးသည့်အတွက် အမျိုးသားနိုင်ငံရေးအပေါ်တွင် အကျိုးသက်ရောက်မှု လုံးဝမရှိခြင်း သို့မဟုတ် အနည်းငယ်သာရှိပေသည်။

လက်တင်အမေရိက၏ ရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုအများစုတွင် မီဒီယာများ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါသော်ငြား လက်တင်အမေရိကနိုင်ငံအနည်းငယ်သာလျှင် အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုပေးထားပြီး အာဖရိက၊ အာရှနှင့် ဥရောပနိုင်ငံများနှင့်ယှဉ်လျှင် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရပါသည်။ အမေရိကနိုင်ငံများရှိ ကိုယ်စားလှယ်လောင်းများအား အခမဲ့ရုပ်သံလွှင့်ခွင့်ကို ပေးလေ့မရှိသော်လည်း ယင်းတို့အား အဆိုပြုခဲ့သည့် နိုင်ငံရေးပါတီများမှ စီစဉ်ပြုလုပ်ပေးသည့် ရုပ်သံလွှင့်မှုများမှ အကျိုးအမြတ်ရရှိနိုင်ကြသည်ကို အမှတ်ရစေလိုပါသည်။ အာဖရိကသည် နိုင်ငံရေးပါတီများကိုသာမက ကိုယ်စားလှယ်လောင်းများကို မီဒီယာထောက်ပံ့မှုပြုသည့် နိုင်ငံအရေအတွက် အများဆုံးပါဝင်နေသည့် တိုက်ကြီးဖြစ်နေသည်ကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။ လူထုထည့်ဝင်ငွေပမာဏနည်းပါးခြင်းသည် ထည့်သွင်းစဉ်းစားရမည့်အချက်တစ်ချက်အနေဖြင့် ရှိနေနိုင်သော်လည်း ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုအပေါ် မီဒီယာများ၏ လွှမ်းမိုးထားနိုင်မှုတွင် အာဖရိကသည် အခြားသောဒေသများနှင့်ယှဉ်လျှင် နည်းပါးနေသည်ကို အံ့သြစရာကောင်းလောက်အောင် တွေ့မြင်ရပါသည်။

အခွန်ကင်းလွတ်ခွင့်နှင့် အစည်းအဝေးနေရာထောက်ပံ့ပေးခြင်းစသည့် အခြားသော လူထုသွယ်ဝိုက်ထည့်ဝင်သည့် ပုံစံများသည် ဥရောပတွင် တွေ့မြင်လာနေရပြီဖြစ်သည်။ ထိုကဲ့သို့ ထောက်ပံ့မှုများ ပြုလုပ်ခြင်း မရှိသည့်နိုင်ငံ ၃ နိုင်ငံသာရှိကြောင်းကိုလည်း ဒေတာဘေ့စ်က ပြသနေပေသည်။ ဆန့်ကျင်ဘက်အားဖြင့် ထိုကဲ့သို့ထောက်ပံ့မှုများသည် အာရှနှင့် အာဖရိကတွင် နိုင်ငံအားလုံး၏ တစ်ဝက်သာဖြစ်သည်ကို တွေ့ရပါသည်။

နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများနှင့် ကျား/မအချိုးညီမျှမှုနှင့်စပ်လျဉ်း၍ (မေးခွန်း ၂၇ နှင့် ၂၈) သမုဒ္ဒရာကျွန်းနိုင်ငံများနှင့် အမေရိကနိုင်ငံများတွင် အခြားသော ဒေသများထက် အပေါင်းလက္ခဏာပြသော အဖြေများ နှစ်ဆကျော်မျှရရှိခဲ့သည်။ သမုဒ္ဒရာကျွန်းနိုင်ငံများတွင်မူ စာရင်းအင်းပညာ၏ အလှည့်အပြောင်းကြောင့်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကိန်းဂဏန်း အချက်အလက်ရရှိခဲ့သော ၃ နိုင်ငံတွင် တစ်နိုင်ငံ (ပါပူအာနယူးဂီနီ) လူထုထည့်ဝင်ငွေကို ကိုယ်စားလှယ်လောင်းများ၏ ကျား/မအချိုးညီမျှမှု အတွက်သုံးရမည်ဟု ပြဋ္ဌာန်းထားသောကြောင့်ဖြစ်သည်။ တစ်နည်း ပြောရလျှင် ဇယား-၁၁ တွင် ကိန်းဂဏန်းအချက်အလက်အရ ဖော်ပြထားသော်လည်း သမုဒ္ဒရာကျွန်းနိုင်ငံများသည် နိုင်ငံရေးဘဏ္ဍာငွေနှင့် ကျား/မ အချိုးညီမျှမှုအပေါ်တွင် အင်တိုက်အားတိုက် အားပေးသည့် ဒေသတော့ မဟုတ်ပေ။

လူထုထည့်ဝင်ငွေမှ တစ်စိတ်တစ်ပိုင်းကို ကျား/မ ညီမျှမှုဆိုင်ရာ လုပ်ဆောင်ချက်များတွင် အသုံးပြုရန်လျာထားခြင်းဖြင့် ဘဏ္ဍာရေးအကျိုးခံစားခွင့်များကို ကျား/မအချိုးညီမျှမှုအတွက် လုပ်ဆောင်ရန်ထောက်ခံအားပေးသည့် နိုင်ငံအရေအတွက်သည် ကမ္ဘာ့နိုင်ငံစုစုပေါင်း၏ တစ်ဝက်မျှရှိခြင်းကြောင့် အမေရိကဒေသရှိနိုင်ငံများသည် အဆိုပါကိစ္စတွင်ရှေ့တန်းရောက်နေသည်ကို တွေ့ရသည်။ အခြားသောဒေသများနှင့်ယှဉ်လျှင် ထိုပြုပြင်ပြောင်းလဲမှုများသည် လွန်ခဲ့သောနှစ်များစွာကပင် စတင်ခဲ့ပါသည်။

## ဇယား-၁၁ ထုထုထည့်ဝင်ငွေအတွက်ပြဋ္ဌာန်းချက်များအား ဒေသအလိုက်လေ့လာခြင်း

| စဉ် | မေးခွန်း | အာဖရိက | အမေရိက | အာရှ | ဥရောပ | သမုဒ္ဒရာကျွန်း |
|---|---|---|---|---|---|---|
| ၁၉ | နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ် ပြဋ္ဌာန်းချက်များ ရှိပါသလား? * | ၇၁% | ၆၃% | ၅၈% | ၈၆% | ၂၇% |
| ၂၃ | နိုင်ငံရေးပါတီများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများအပေါ် ပြဋ္ဌာန်းချက်များရှိပါသလား? | ၇၉% | ၆၀% | ၆၅% | ၇၇% | ၁၃% |
| ၂၅ | ကိုယ်စားလှယ်လောင်းများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှု များအပေါ် ပြဋ္ဌာန်းချက်များရှိပါသလား? | ၆၇% | ၂၃% | ၅၄% | ၅၅% | ၁၃% |
| ၂၆ | လူထုမှသွယ်ဝိုက်ထည့်ဝင်ငွေအတွက် အခြားသော ပြဋ္ဌာန်းချက်များရှိပါသလား? | ၅၂% | ၆၅% | ၅၁% | ၉၃% | ၁၄% |
| ၂၇ | နိုင်ငံရေးပါတီများသို့လူထုမှတိုက်ရိုက်ထည့်ဝင်ငွေဆိုင်ရာ ပြဋ္ဌာန်းချက်သည် ကိုယ်စားလှယ်လောင်းများ၏ ကျား/မ အချိုးညီမျှမှုနှင့် ဆက်စပ်မှုရှိပါသလား? | ၁၁% | ၁၀% | ၅% | ၁၈% | ၃၃% |
| ၂၈ | နိုင်ငံရေးပါတီများအတွင်း ကျား/မအချိုးညီမျှမှုကို တွန်းအားပေးသော ဘဏ္ဍာရေးဆိုင်ရာ အခြားသော ပြဋ္ဌာန်းချက်များရှိပါသလား? | ၂% | ၁၈% | ၃% | ၇% | ၀% |

* ယခုမေးခွန်းအတွက် "ရန်ပုံငွေပံ့ပိုးမှုထောက်ပံ့ပေးထားသည်" နှင့်/သို့မဟုတ် "မဲဆွယ်လှုပ်ရှားမှုအတွက်ရန်ပုံငွေရှိသည်" ဟုသတ်မှတ်ထားသောနိုင်ငံများ၏ ရာခိုင်နှုန်းများဖြစ်ပါသည်။

မှတ်ချက်: ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် ဒေသတွင်းရှိနိုင်ငံတစ်ခုချင်းစီအလိုက်ရရှိခဲ့သော အဖြေမှန်များကိုသာ မှတ်တမ်းပြုထားခြင်းဖြစ်သည်။ အဆိုပါ ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်းမဟုတ်ပါ။

## ၄) အသုံးစရိတ်အပေါ် တားမြစ်ချက်များ

**အချက်အလက်များနှင့်စပ်လျဉ်းသောမှတ်ချက်**

- တုန့်ပြန်မှုနှုန်း အမျိုးမျိုးဖြစ်သည်: မဲဝယ်ခြင်းဆိုင်ရာ မေးခွန်းနံပါတ် ၂၉ အတွက် ၉၄% ဖြစ်ပြီး ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများဆိုင်ရာ မေးခွန်းနံပါတ် ၃၀ အတွက် ၆၇%သာရှိသည်။
- မေးခွန်းနံပါတ် ၃၀ အတွက် တုန့်ပြန်မှုနှုန်းနည်းပါးရခြင်းသည် နိုင်ငံအသီးသီးအတွက် သတ်မှတ်ချက်များ ထည့်သွင်းစဉ် ရွေးကောက်ပွဲဥပဒေသို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာဥပဒေထဲတွင်သာမက အခြားသော ဥပဒေများ၌ပါ ပြဋ္ဌာန်းချက်များရှိနေနိုင်သည် (ထိုသို့ရှိနေပါက ယင်းတို့ကို သုတေသီများ ရှာမတွေ့ဘဲဖြစ်ခဲ့နိုင်သည်) ဟူသော ထပ်ဆောင်းသတိပေးချက်များကို အသုံးပြုခဲ့ခြင်းကြောင့်ဖြစ်သည်။ အခြားသိလိုသည့် သတင်းအချက်အလက်များကို http://www.idea.int/ political-finance/methodology.cfm တွင် ရှာဖွေလေ့လာနိုင်ပါသည်။

### *ခြုံငုံသုံးသပ်ချက်*

လှူဒါန်းမှုနှင့်စပ်လျဉ်း၍ တားမြစ်ချက်များ ပုံစံအမျိုးမျိုး (အထက်တွင် ဖော်ပြခဲ့ပြီးသည့် မေးခွန်း ၁-၁၂ ကိုကြည့်ပါရန်) ရှိနေစဉ်တွင် အသုံးစရိတ်နှင့် စပ်လျဉ်းသော တားမြစ်ချက်များက ပိုမိုနည်းပါးသည်ကို တွေ့ရသည်။ ဒေတာဘေ့စ်၏ ရည်ရွယ်ချက်အရ မည့်သည့်နိုင်ငံများတွင် မဲဝယ်ခြင်းကို တားမြစ်ထားခြင်း၊ ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားရာတွင် နိုင်ငံတော်ပိုင်ပစ္စည်းများအား အသုံးပြုခြင်းကို တားမြစ်ထားခြင်းရှိ/မရှိ စသည်တို့ကို ရှာဖွေဖော်ထုတ်ရန် ဖြစ်ပါသည်။

နိုင်ငံအားလုံး၏ ၉၄ ရာခိုင်နှုန်းတွင် မဲဝယ်ခြင်းနှင့်ပတ်သက်၍ တားမြစ်ချက် ပုံစံအမျိုးမျိုးရှိသည်ကတော့ အံ့သြဖွယ်မရှိပေ။ ဒေတာဘေ့စ်ကို သုံးစွဲသူများ အနေဖြင့် နိုင်ငံအသီးသီးတွင် မည်ကဲ့သို့သော အသုံးအနှုန်းများဖြင့် တားမြစ်ထားသည်ကို လေ့လာနိုင်မည်ဖြစ်သည်။ မဲဝယ်ခြင်းနှင့်စပ်လျဉ်းသော ဖြစ်ရပ်များကို ပြည့်စုံရှင်းလင်းစွာ တင်ပြထားပြီး ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများ ပေးကမ်းခြင်းဖြင့် ဆန္ဒမဲအပိုရရှိရန်ကြိုးပမ်းကြရာတွင် ရည်ရွယ်ချက် အောင်မြင်ခြင်းရှိ/ မရှိကို အတည်မပြုနိုင်သော်လည်း ယင်းတို့နှင့် စပ်လျဉ်းသော တားမြစ်ချက်များကို တင်ပြထားပါသည်။ ထို့အပြင် အချို့သော နိုင်ငံများတွင် *မဲရောင်းခြင်းအတွက်* မည်ကဲ့သို့ တားမြစ်ထားသည်ကိုလည်း ဒေတာဘေ့စ်တွင်ဖော်ပြထားပါသည်။ ဒေတာဘေ့စ်၏ အချက်အလက်များအရ မဲဝယ်ခြင်းသည် နိုင်ငံအများစုတွင် ဖြစ်ပျက်နေသည့်အတွက် ဆက်လက် လုပ်ဆောင်သွားရမည့် သုတေသနအတွက် အဓိကမေးခွန်းမှာ များစွာသော နိုင်ငံတို့တွင် အဘယ်ကြောင့် ထိုတားမြစ်ချက်များအားလုံး ထိရောက်မှု မရှိရ သနည်းဟူသည့် မေးခွန်းပင်ဖြစ်သည်။

အသုံးစရိတ်အပေါ် တားမြစ်ခြင်းနှင့်ပတ်သက်သည့် ဒုတိယမေးခွန်းသည် နိုင်ငံတော်ပိုင်အရင်းအမြစ်များ (ဝါ ) စီမံခန့်ခွဲမှု အရင်းအမြစ်များ (ဝါ ) နိုင်ငံတော်ပိုင်ပစ္စည်းများအား သုံးစွဲခြင်းနှင့် သက်ဆိုင်ပါသည်။ မေးခွန်း နံပါတ် ၁၁ သည် နိုင်ငံရေးပါတီများ သို့မဟုတ် ကိုယ်စားလှယ်လောင်း များအား ပေးအပ်ထားသည့် အရင်းအမြစ်များနှင့် စပ်လျဉ်းသော တားမြစ်ချက် ဖြစ်သည့်အတွက် လှူဒါန်းမှုဆိုင်ရာ တားမြစ်ချက်များ ဟုလည်း သတ်မှတ်နိုင်ပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် မေးခွန်းနံပါတ် ၃၇ သည် နိုင်ငံရေးပါတီတစ်ခုသို့မဟုတ် ကိုယ်စားလှယ်လောင်းအား တိုက်ရိုက်လွှဲပြောင်း ပေးအပ်ထားခြင်း မရှိသော်လည်း ယင်းတို့အနေဖြင့် နိုင်ငံတော်ပိုင် အရင်းအမြစ်များကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သုံးစွဲမှု နှင့် စပ်လျဉ်းသည့် တားမြစ်ချက်များဖြစ်ပါသည်။ (ဥပမာ- ဝန်ကြီးဌာန တစ်ခုက အစိုးရပါတီအား မဲပေးရန်တိုက်တွန်းသည့် ကြော်ငြာများကို သတင်းစာများတွင် ထည့်သွင်းသည့်ဖြစ်ရပ်)။ နိုင်ငံတော်ပိုင် အရင်း အမြစ်များအတွက် ကျယ်ပြန့်သည့် အနက်အဓိပ္ပာယ် ဖွင့်ဆိုထားပြီး သုတေသီက အောက်ပါတို့အနက်မှ တစ်ခုခုကိုတွေ့ရှိလျှင် ထိုနိုင်ငံ အတွက် "ရှိ" ဟု ရည်ညွှန်းဖော်ပြထားပါသည်-

- နိုင်ငံရေးပါတီသို့မဟုတ် ကိုယ်စားလှယ်လောင်း၏ အကျိုးစီးပွား အတွက် နိုင်ငံတော်ပိုင်အရင်းအမြစ်များသုံးစွဲခြင်းဆိုင်ရာ ယေဘုယျ တားမြစ်ချက်

- ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားရာတွင် နိုင်ငံတော်ပိုင်ယာဉ်များ သုံးစွဲမှုနှင့် စပ်လျဉ်းသော တားမြစ်ချက်

- အစိုးရပိုင်အဆောက်အဦများတွင် မဲဆွယ်လှုပ်ရှားမှုများ ပြုလုပ်ခြင်း ဆိုင်ရာ တားမြစ်ချက် (ပါဝင်ယှဉ်ပြိုင်သူများအားလုံးအတွက် တူညီသော အသုံးပြုခွင့် ပေးမထားလျှင်)

- အစိုးရဝန်ထမ်းများအား တာဝန်ချိန်ပြင်ပတွင် မဲဆွယ်လှုပ်ရှားမှုများ ပြုလုပ်ခြင်းနှင့်စပ်လျဉ်းသော တားမြစ်ချက်

- နိုင်ငံရေးပါတီများ သို့မဟုတ်ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ဘက်လိုက် ဖော်ပြသော ပြည်သူ့မီဒီယာများအတွက် တားမြစ်ချက်၊ သို့မဟုတ် ပြည်သူ့မီဒီယာများအနေဖြင့် ဘက်မလိုက်သော သတင်းပေးပို့ရန် လိုအပ်ချက် (ပုဂ္ဂလိကမီဒီယာများအတွက် စည်းမျဉ်းများသည် ယခု ကိစ္စနှင့် မပတ်သက်ပါ)

သတင်းအချက်အလက်ရရှိသမျှသော နိုင်ငံများ၏ ၉၃ ရာခိုင်နှုန်းတွင် ထိုတားမြစ်ချက်ရှိကြသော်လည်း အခြားသောနိုင်ငံများမှ သတင်းအချက်အလက်များထပ်မံထည့်သွင်းနိုင်ခဲ့လျှင် ယခုရာခိုင်နှုန်းသည် ပိုမိုနိမ့်ကျသွားဖွယ် ရှိပါသည်။ မဲ၀ယ်ခြင်းနှင့်ပတ်သက်၍ တင်ပြရလျှင် နိုင်ငံတော်ပိုင်အရင်းအမြစ်များအား အလွဲသုံးစားပြုလုပ်ခြင်းသည် ကမ္ဘာ့နိုင်ငံအများစုတွင် ကြုံတွေ့ရသော အဓိကပြဿနာတစ်ရပ်ဖြစ်ကြောင်း ပြသသည့်သာဓကေ အထောက်အထား များစွာရှိပါသည်။ ထို့ကြောင့်ပင် နိုင်ငံတော်ပိုင်အရင်းအမြစ်များအား အလွဲသုံးစားပြုမှု တိုက်ဖျက်ရာတွင် လိုအပ်နေသောအရာသည် ဥပဒေများထပ်မံရေးဆွဲရေးမဟုတ်ဘဲ အကောင်အထည်ဖော်ဆောင်ရေးပင်ဖြစ်သည်ဟု ထင်မြင်ရပေသည်။

အဆိုပါကိစ္စအတွက် အခက်အခဲတစ်ခုမှာ ဥပဒေပြုရေးအတွက် လွှတ်တော်တွင် အများစု၏ထောက်ခံမှုရရှိရန် လိုအပ်ပြီး ထိုအများစုသည်ပင်လျှင် ထိုဥပဒေ၏ ပစ်မှတ်ဖြစ်နေသည်မှာ ငြင်းစရာမလိုသည့် အချက်ပင်ဖြစ်တော့သည်။ ယေဘုယျအားဖြင့် ထိုပြဿနာအပေါ် လူထုအာရုံစိုက်မှုမရှိမချင်း၊ ပြည်သူ့ဝန်ထမ်းများကလည်း ထိုကိစ္စများတွင်ပါဝင်ပတ်သက်ရန် ငြင်းဆန်မှုမရှိမချင်း ပြေလည်နိုင်မည်ဟုတ်ပေ။ စပက်ခ်နှင့် ဖွန်တာနာတို့က တင်ပြခဲ့သည့်အတိုင်း -

..... အလွဲသုံးစားမှုပျံ့နှံ့လာသည့်အခါ ပြည်သူ့ဝန်ထမ်းများ၏ အမှီအခိုကင်းစွာရပ်တည်မှုနှင့် ပညာရှင်ပီသမှုတို့ ပိုမိုအားကောင်းလာစေရန်အတွက် ရေရှည်မဟာဗျူဟာချမှတ်ရန် လိုအပ်လာပြီဖြစ်သည်။ ပြည်သူ့ဝန်ထမ်းများအား နိုင်ငံရေးအရတာဝန်ပေးအပ်ခြင်းမရှိကြဘဲ ယင်းတို့သည် လူထုအကျိုးအတွက်စွမ်းဆောင်ရည်ပြည့်ဝရန်သာအာရုံထားကြလျှင် နိုင်ငံတော်ထောက်ပံ့မှုများအား အလွဲသုံးစားပြုလုပ်ခြင်းသည် ပိုမိုနည်းပါးလာမည်ဖြစ်သည်။ (စပက်ခ်နှင့် ဖွန်တာနာ ၂၀၁၁: ၁၁)

နိုင်ငံတော်ပိုင်ပစ္စည်းများအား အလွဲသုံးစားပြုမှုအတွက် နိုင်ငံအသီးသီးတွင် အသုံးပြုကြသည့် စည်းမျဉ်းအမျိုးမျိုးကို လေ့လာရန်အတွက် ဒေတာဘေ့စ်သုံးစွဲသူသည် နိုင်ငံတစ်ခုချင်းစီအတွက် ထည့်သွင်းပေးထားသည့် အညွှန်းကိန်းများ ကိုလေ့လာနိုင်ပါသည်။

### ဇယား ၁၂။ အသုံးစရိတ်တားမြစ်မှု၏ အကျိုးရလဒ်

| စဉ် | မေးခွန်း | ရှိ | မရှိ | ဒေတာဘေ့စ် အဟောင်းတွင်ရှိ | နှုန်း |
|---|---|---|---|---|---|
| ၂၉ | မဲဝယ်ခြင်းအတွက် တားမြစ်ချက်ရှိပါသလား ? | ၆၈% | ၃၂% | N/A | ၉၄% |
| ၃၀ | နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးအား အကျိုးဖြစ်ထွန်းစေရန် နိုင်ငံတော်ပိုင်အရင်း အမြစ်များအားအသုံးပြုခြင်းအပေါ် တားမြစ်မှုရှိပါသလား? | N/A | N/A | N/A | ၆၇% |

မှတ်ချက် : ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

## *ဒေသအလိုက်လေ့လာခြင်း*

ဖော်ပြပါမေးခွန်းများအတွက် ဒေသအလိုက်သိသိသာသာကွာဟမှုမရှိပါ။ မဲဝယ်ခြင်းအတွက်တားမြစ်ချက်များနှင့် မဲဆွယ်လှုပ်ရှားရာတွင် နိုင်ငံပိုင်အရင်းအမြစ်များ သုံးစွဲမှုအတွက်တားမြစ်ချက်များသည် အမေရိကနှင့် ဥရောပတွင် အနည်းငယ်နည်းပါးသည်ဟုထင်မြင်ရသည်ကို ဝန်ခံရပေမည်။ သို့သော် ထိုအချက်ကို သတိကြီးစွာထား၍ အဓိပ္ပာယ်ဖွင့်ဆိုကြရမည် ဖြစ်သည်။ အထူးဖြင့် ဥရောပတွင် ထိုအချက်က ပိုမိုမှန်ကန်ပေသည်၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်ပိုင် အရင်းအမြစ်များကို ထင်ထင်ပေါ်ပေါ် အလွဲသုံးစားပြုကြခြင်းသည် ယခင် အနောက်ဥရောပ ဒီမိုကရေစီ နိုင်ငံများတွင် နည်းပါးပြီး ယင်းအတွက် စည်းမျဉ်းများသည်လည်း သွယ်ဝိုက်၍သာ ချမှတ်ထားခြင်း ဖြစ်နိုင်သဖြင့် ဒေတာဘေ့စ်တွင် ပါမသွား ရခြင်းဖြစ်သည်။

### ဇယား ၁၃။ အသုံးစရိတ်တားမြစ်မှုအားဒေသအလိုက် လေ့လာခြင်း

| စဉ် | မေးခွန်း | အာဖရိက | အမေရိက | အာရှ | ဥရောပ | သမုဒ္ဒရာ |
|---|---|---|---|---|---|---|
| ၂၉ | မဲဝယ်ခြင်းအတွက် တားမြစ်ချက်ရှိပါသလား ? | ၉၆% | ၈၇% | ၉၇% | ၉၃% | ၁၀၀% |
| ၃၀ | နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ကိုယ်စားလှယ်လောင်း တစ်ဦးအား အကျိုးဖြစ်ထွန်းစေရန် နိုင်ငံတော်ပိုင် အရင်း အမြစ်များအားအသုံးပြုခြင်းအပေါ် တားမြစ်မှု ရှိပါသလား? | ၉၀% | ၁၀၀% | ၁၀၀% | ၈၇% | ၇၅% |

မှတ်ချက်: ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် ဒေသတွင်းရှိနိုင်ငံတစ်ခုချင်းစီအလိုက်ရရှိခဲ့သော အဖြေမှန်များကိုသာ မှတ်တမ်းပြုထားခြင်းဖြစ်သည်။ အဆိုပါ ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

## စ) အသုံးစရိတ်အပေါ် ကန့်သတ်ချက်များ (မေးခွန်းနံပါတ် ၃၁-၃၄)

**ကိန်းဂဏန်းအချက်အလက်များနှင့်ပတ်သက်သောမှတ်ချက်**

- အလွန်မြင့်မားသောတုန့်ပြန်ချက်ဖြစ်သည် : ပျမ်းမျှ ၉၄% ရှိပြီး မေးခွန်းအားလုံးအတွက် ၉၀% ကျော်ဖြစ်သည်။
- မေးခွန်းအားလုံးကိုဖြေကြားခဲ့သောနိုင်ငံပေါင်း ၁၆၂ နိုင်ငံ(၉၁%)ရှိပြီး မေးခွန်းများအတွက် အချက်အလက် လုံးဝမရခဲ့သော နိုင်ငံပေါင်း ၆ နိုင်ငံ(၃%) ရှိသည်။



**မေးခွန်း :**
ကိုယ်စားလှယ်လောင်းများအတွက်အသုံးစရိတ်ကန့်သတ်ချက်များ

**အညွှန်း :**
အစိမ်း : ရှိ
အစိမ်းဖျော့ : မရှိ
မီးခိုး : အချက်အလက်မရရှိ

© ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးရေးနိုင်ငံတကာအဖွဲ့အစည်း

ယခုမြေပုံသည် ၂၀၁၂ ဖေဖော်ဝါရီလအထိ စုဆောင်းရရှိသမျှသော အချက်အလက်များအပေါ်တွင်အခြေခံထားပါသည်။ ဒေတာဘေ့စ်တွင်မြေပုံများကို အစဉ်အမြဲ ပြန်လည်ပြုပြင်မွမ်းမံထားပါသည်။

<http://www.idea.int/political-finance/question.cfm?field=286&region=-1>

### *ခြုံငုံသုံးသပ်ချက်*

ရွေးကောက်ပွဲ မဲဆွယ်လှုပ်ရှားမှုများသည် ငွေကုန်ကြေးကျ အလွန်များပြီး ကုန်ကျစရိတ် တဖြေးဖြေးမြင့်တက်လျက်ရှိခြင်းကြောင့် အဆိုပါကိစ္စအတွက် ကာကွယ်တားဆီးမှုများပြုလုပ်ရမည်ဟူသော အငြင်းပွားမှုအချို့ကို နိုင်ငံအများစုတွင်တွေ့နိုင်ပါသည်။ အခြားအငြင်းပွားချက်တစ်ခုမှာ အသုံးပြုမည့်ငွေကို ကန့်သတ်ခြင်းအားဖြင့် နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ၏ အခွင့်အရေးကိုလျှော့ချရာတွင် ကူညီနိုင်မည်ဖြစ်သော်လည်း အရင်းအမြစ်များကို ပိုမိုသုံးစွဲနိုင်ခွင့် ဖန်တီးသကဲ့သို့ဖြစ်နေမည်ဟူသည့် အချက်ပင်ဖြစ်သည်။ ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများ၏ ကုန်ကျစရိတ်ကို ဤဒေတာဘေ့စ်တွင် ထည့်သွင်းမထားသော်လည်း နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ၏ အသုံးစရိတ်အပေါ် ကန့်သတ်မှုများကို ခြုံငုံမိအောင်ဖော်ပြထားပါသည်။

လျှဒါန်းမှုအပေါ်ကန့်သတ်ချက်များနှင့် အသုံးစရိတ်အပေါ်ကန့်သတ်ချက်များသည် ထိုအခွင့်အရေးများကိုလျှော့ချရာတွင် အတိုင်းအတာတစ်ခုအထိအောင်မြင်ပြည့်ဝအောင်ကူညီနိုင်ပါသည်။ လူအများထံမှ ပမာဏသေးငယ်သော လျှဒါန်းမှုများမြင့်တက်လာခြင်းကို ဟန့်တားမှု မပြုနိုင်ခြင်းကြောင့် လျှဒါန်းမှုအပေါ် ကန့်သတ်ချက်များက ပိုမိုထိရောက်သည်ဆိုသည့် အချက်မှာ အငြင်းပွားဖွယ်ရာ ဖြစ်နေသည်။ သို့ရာတွင် ကြီးကြပ်ထိန်းသိမ်းမှုမရှိသည့်နိုင်ငံများတွင် အသုံးစရိတ်အပေါ်ကန့်သတ်ချက်များက ပိုမိုထိရောက်မှုရှိနိုင်ပေသည်၊ အဘယ်ကြောင့်ဆိုသော် အသုံးစရိတ်ကို စောင့်ကြည့်စစ်ဆေးရန်က လျှဒါန်းမှုအပေါ်စောင့်ကြည့်စစ်ဆေးရန်ထက် ပိုမိုလွယ်ကူနိုင်ခြင်းကြောင့်ဖြစ်သည်။

၂၉ ရာခိုင်နှုန်းသောနိုင်ငံများတွင် နိုင်ငံရေးပါတီများ၏ နှစ်စဉ်အသုံးစရိတ် သို့မဟုတ် ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုအတွက် အသုံးစရိတ်နှင့်ပတ်သက်သော ကန့်သတ်မှုများကို ချမှတ်ထားကြသည်ကို တွေ့မြင်နိုင်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ၄၄ ရာခိုင်နှုန်းသောနိုင်ငံများတွင် ထိုကဲ့သို့သော ကန့်သတ်မှုများကို ကိုယ်စားလှယ်လောင်းများအတွက် ချမှတ်ထားပါသည်။ ဒေတာဘေ့စ်ပါ စည်းမျဉ်းများအနက် နိုင်ငံရေးပါတီများနှင့်ယှဉ်လျှင် ကိုယ်စားလှယ်လောင်း အတွက်ကန့်သတ်မှုကို ပိုမိုပြုလုပ်ထားသည့် စည်းမျဉ်းအနည်းငယ်အနက်မှတစ်ခုဖြစ်ပါသည်။နိုင်ငံရေးပါတီများ၏ အသုံးစရိတ်သည် ကိုယ်စားလှယ်လောင်း၏ အသုံးစရိတ်နည်းတူ (မပိုလျှင်တောင်မှ) ရွေးကောက်ပွဲနှင့်နိုင်ငံရေးဖြစ်စဉ်အပေါ် ထိခိုက်မှုရှိသည့်အတွက် အဘယ်ကြောင့်ထိုကဲ့သို့ ကန့်သတ်ချက်များ ပိုမိုလုပ်ဆောင်ထားကြသည့်အချက်ကို ရှင်းလင်းမှုမရှိပေ။ အမှန်တကယ်တွင် စည်းမျဉ်းဥပဒေများကို အားကောင်းခိုင်မာလာအောင် မလုပ်ဆောင်နိုင်သမျှ ကန့်သတ်ချက်များသည်လည်း အကျိုးသက်ရောက်မှုရှိမည် မဟုတ်ပေ။

ဒေတာဘေ့စ်အသုံးပြုသူအနေဖြင့် နိုင်ငံအသီးသီးတို့၏ မတူညီသော အသုံးစရိတ်သီးခြားကန့်သတ်ချက်များကို အသေးစိတ်လေ့လာနိုင်ပါသည်။ အချို့သောနိုင်ငံများတွင် အသုံးစရိတ်ကန့်သတ်ချက်မှုကို စုစုပေါင်း ပမာဏဖြင့်ဖော်ပြထားပြီး အချို့နိုင်ငံများတွင် အနည်းဆုံးလုပ်ခလစာ၏ အဆပမာဏ သို့မဟုတ် ယင်းကဲ့သို့သော ပမာဏဖြင့်ဖော်ပြထားပါသည်။ အနည်းငယ်သောနိုင်ငံများတွင် ကိုယ်စားလှယ်လောင်းများအတွက် (အချို့နိုင်ငံများတွင် နိုင်ငံရေးပါတီများအတွက်ပါ) မဲဆန္ဒနယ်တစ်ခုအတွင်းနေထိုင်သူ သို့မဟုတ် မှတ်ပုံတင်ထားသောမဲဆန္ဒရှင်ဦးရေဖြင့် ကန့်သတ်ထားပါသည်။ မဲဆန္ဒနယ်ကြီးများအတွက် ပိုမိုမြင့်မားစွာ ကန့်သတ်ထားသဖြင့် ပါဝင်ယှဉ်ပြိုင်သူကိုယ်စားလှယ်လောင်းများအနေဖြင့် အလားအလာရှိသော မဲဆန္ဒရှင်များထံသို့ ရောက်ရှိထိတွေ့နိုင်ရန်အတွက် ကိုယ်စားလှယ်လောင်းအနေဖြင့် ရန်ပုံငွေ ပိုမိုလိုအပ်မည်ဖြစ်သည်။

အချို့နိုင်ငံများတွင် ခွင့်ပြုထားသောအသုံးစရိတ်ကို နိုင်ငံရေးပါတီတစ်ခုချင်းစီသို့လှူဒါန်းထားသည့် လူထုထည့်ဝင်ငွေ၏ အဆပမာဏဖြင့် ဖော်ပြထားပြီး အဇာဘိုင်ဂျန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘော့စ်ဝါနာနှင့် ဟန်ဂေရီနိုင်ငံများတွင် နိုင်ငံရေးပါတီတစ်ခုစီအတွက် အသုံးပြုရန် ခွင့်ပြုထားသောပမာဏသည် ရွေးကောက်ပွဲ တစ်ခုချင်းစီအလိုက် ယင်းပါတီအတွက် ဝင်ရောက်အရွေးခံမည့် ကိုယ်စားလှယ်လောင်းအရေအတွက်အပေါ်တွင် မူတည်နေပါသည်။

ဘော့စ်ဝါနာနိုင်ငံတွင် ပါတီများကို နိုင်ငံတကာဒေါ်လာ ၁၃,၀၀၀ သုံးစွဲခွင့်ပြုထားသည်- ဆိုလိုသည်မှာ လွှတ်တော်ရွေးကောက်ပွဲ တစ်ခုအတွက် အများဆုံးအသုံးစရိတ်သည် နိုင်ငံတကာဒေါ်လာ ၇၅၀,၀၀၀ အောက်သာဖြစ်ပေသည်။ ဆန့်ကျင်ဘက်အနေဖြင့် လိုက်ဘေးရီးယားနိုင်ငံ အောက်လွှတ်တော်ရွေးကောက်ပွဲများအတွက် ကိုယ်စားလှယ်လောင်းအပြည့်ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီတစ်ခုသည် နိုင်ငံတကာသုံးဒေါ်လာ ၂၉ သန်းကျော် သုံးစွဲခွင့်ပြုထားပေသည်။

ပိုမိုပြင်းထန်သည့် ဥပမာပေးရလျှင် ကာဂျစ်စတန်နိုင်ငံ၏ နိုင်ငံရေးပါတီများသည် မည်သည့်ရွေးကောက်ပွဲတွင်မဆို လစဉ် တစ်သန်းနှင့် ညီမျှသော ပမာဏကို သုံးစွဲခွင့်ရှိကြသည်။ ဆိုလိုသည်မှာ ၂၀၁၀ ကာဂျစ်စတန်နိုင်ငံ လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အဓိကနိုင်ငံရေးပါတီ ၈ ခုအတွက် စုစုပေါင်းသုံးစွဲခွင့်ပြုခဲ့သည်မှာ နိုင်ငံတွင်းရှိ ပြည်သူအားလုံး၏ ၆ ပတ် ပျမ်းမျှလုပ်ခလစာနှင့်ညီမျှသော ပမာဏကိုသုံးစွဲခွင့်ပြုခဲ့သည်။ ယင်းနှင့်ညီမျှသော ပမာဏကို အမေရိကန်နိုင်ငံအတွင်းရှိနိုင်ငံရေးပါတီများကို ခွင့်ပြုခဲ့ပါက ထိုပါတီတစ်ခုချင်းစီသည် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကျော်စီ သုံးစွဲခွင့်ရပေလိမ့်မည်။

ဇယား ၁၄။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် အသုံးစရိတ်ကန့်သတ်ချက်၏ အကျိုး

| စဉ် | မေးခွန်း | ရှိ | မရှိ | ဒေတာဘေ့စ် အဟောင်းတွင်ရှိ | နှုန်း |
|---|---|---|---|---|---|
| ၃၁ | နိုင်ငံရေးပါတီတစ်ခုသုံးစွဲနိုင်သည့်ပမာဏအပေါ်ကန့်သတ်ချက်ရှိပါသလား? | ၂၉% | ၇၁% | ၂၄% | ၉၄% |
| ၃၂ | နိုင်ငံရေးပါတီတစ်ခုသုံးစွဲနိုင်သည့်ပမာဏအပေါ်ကန့်သတ်ချက်များရှိလျှင် ထိုကန့်သတ် ချက်သည် မည်မျှဖြစ်သနည်း? | N/A | N/A | N/A | ၉၄% |
| ၃၃ | ကိုယ်စားလှယ်လောင်းတစ်ဦး သုံးစွဲနိုင်သည့်ပမာဏအပေါ် ကန့်သတ်ချက်ရှိပါသလား? | ၄၄% | ၅၆% | N/A | ၉၄% |
| ၃၄ | ကိုယ်စားလှယ်လောင်းတစ်ဦး သုံးစွဲနိုင်သည့်ပမာဏအပေါ် ကန့်သတ်ချက်များရှိလျှင် ထိုကန့်သတ် ချက်သည် မည်မျှဖြစ်သနည်း? | N/A | N/A | N/A | ၉၄% |

မှတ်ချက်: ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသောနိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

## *ဒေသအလိုက်လေ့လာခြင်း*

ဥရောပနိုင်ငံများ၏တစ်ဝက်တွင် နိုင်ငံရေးပါတီများအတွက်အသုံးစရိတ်ကန့်သတ်ချက်ချမှတ်ထားပြီး အခြားဒေသများတွင် နိုင်ငံစုစုပေါင်း၏ သုံးပုံတစ်ပုံအောက်သာလျှင် ကန့်သတ်ချက်ရှိကြသဖြင့် နိုင်ငံရေးပါတီများ၏ အသုံးစရိတ် ကန့်သတ်မှုသည် ဥရောပတွင် ပိုမိုထွန်းကားပေသည်။ ဒေသအားလုံးတွင် ကိုယ်စားလှယ်လောင်းအတွက် အသုံးစရိတ်ကန့်သတ်မှုကို နိုင်ငံရေးပါတီများအားကန့်သတ်မှုထက် ပိုမိုတွေ့မြင်ရသဖြင့် ရန်ပုံငွေများကို နိုင်ငံရေးပါတီများမှတစ်ဆင့်စီးဆင်းစေပြီး ကိုယ်စားလှယ်လောင်းများအတွက် ကန့်သတ်ချက်ကိုရှောင်ရှားနိုင်သည့် ထွက်ပေါက်သဖွယ် ဖြစ်စေပါသည် (ထိုထွက်ပေါက်အတွက်သီးခြားတင်ပြဆွေးနွေးမှုကို အခန်း ၁-စ နှင့် အခန်း ၂-ဂ တွင်ကြည့်ပါ)။ အာဖရိက၊ အာရှနှင့် သမုဒ္ဒရာနိုင်ငံများတွင် ကိုယ်စားလှယ်လောင်းအတွက်ကန့်သတ်ချက်သည် နိုင်ငံရေးပါတီများအတွက် ကန့်သတ်ချက်ထက် နှစ်ဆနီးပါး ရှိသည့်အတွက် ကွာဟချက်ကိုသိသာစွာတွေ့မြင်နိုင်ပါသည်။ အာရှတိုက်သည် ကိုယ်စားလှယ်လောင်းအတွက် အများဆုံးကန့်သတ်သည့်နိုင်ငံများ စုဝေးရာဖြစ်သည်ကိုလည်း ထင်ရှားစွာတွေ့မြင်နိုင်ပါသည်။

**ဇယား ၁၅။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် အသုံးစရိတ်ကန့်သတ်ချက်အား ဒေသအလိုက်လေ့လာခြင်း**

| စဉ် | မေးခွန်း | အာဖရိက | အမေရိက | အာရှ | ဥရောပ | သမုဒ္ဒရာ |
|---|---|---|---|---|---|---|
| ၃၁ | နိုင်ငံရေးပါတီတစ်ခုသုံးစွဲနိုင်သည့်ပမာဏအပေါ် ကန့်သတ်ချက်ရှိပါသလား? | ၁၇% | ၂၆% | ၃၂% | ၄၈% | ၈% |
| ၃၃ | ကိုယ်စားလှယ်လောင်းတစ်ဦး သုံးစွဲနိုင်သည့် ပမာဏအပေါ် ကန့်သတ်ချက်ရှိပါသလား? | ၃၁% | ၃၂% | ၆၂% | ၅၇% | ၂၇% |

မှတ်ချက်: ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် ဒေသတွင်းရှိနိုင်ငံတစ်ခုချင်းစီအလိုက်ရရှိခဲ့သော အဖြေမှန်များကိုသာ မှတ်တမ်းပြုထားခြင်းဖြစ်သည်။ အဆိုပါ ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

## ဆ)	ဘဏ္ဍာရေးရှင်းတမ်း (မေးခွန်းနံပါတ် ၃၅-၃၉)

**ကိန်းဂဏန်းအချက်အလက်များနှင့်ပတ်သက်သောမှတ်ချက်**

- အလွန်မြင့်မားသော တုန့်ပြန်ချက်ဖြစ်သည် : ပျမ်းမျှ ၉၁ % ရှိပြီး ၉၀% အောက်ရှိသော မေးခွန်းတစ်ခုသာရှိသည် (မေးခွန်း ၃၉ သည် ၈၈%)
- မေးခွန်းအားလုံးကိုဖြေကြားခဲ့သောနိုင်ငံပေါင်း ၁၄၈ နိုင်ငံ(၈၃%)ရှိပြီး မေးခွန်းများအတွက် အချက်အလက် လုံးဝမရခဲ့သော နိုင်ငံပေါင်း၈ နိုင်ငံ(၄%) ရှိသည်။
- မေးခွန်း ၃၉: ဘဏ္ဍာရေးအစီရင်ခံစာများတွင် အလှူရှင်များအား ဖော်ပြရမည်၊ တစ်ခါတစ်ရံ နိုင်ငံအများစုတွင် ထိုကိစ္စအတွက် ရှင်းလင်းပြတ်သားသော ဥပဒေလမ်းညွှန်မှုမရှိသဖြင့် တစ်ခါတစ်ရံတွင် အဓိပ္ပာယ်ဖွင့်ဆိုရာ၌ ရှုပ်ထွေးမှုဖြစ်တတ်သည်။

မေးခွန်း : နိုင်ငံရေးပါတီများအတွက် အစီရင်ခံစာတင်သွင်းရန် သတ်မှတ်ချက်

အညွှန်း :
အစိမ်း: ရှိ
အစိမ်းဖျော့ : မရှိ
မီးခိုး : အချက်အလက်မရရှိ



© ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးရေးနိုင်ငံတကာအဖွဲ့အစည်း

ယခုမြေပုံသည် ၂၀၁၂ ဖေဖော်ဝါရီလအထိ စုဆောင်းရရှိသမျှသော အချက်အလက်များအပေါ်တွင်အခြေခံထားပါသည်။

ဒေတာဘေ့စ်တွင်မြေပုံများကို အစဉ်အမြဲ ပြန်လည်ပြုပြင်မွမ်းမံထားပါသည်။

<http://www.idea.int/political-finance/question.cfm?field=288&region=-1>

### ခြုံငုံသုံးသပ်ချက်

ယခုမေးခွန်းများသည် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်း၏ အရေးကြီးဆုံးအခန်း တစ်ခုဖြစ်သည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ က တင်သွင်းသည့် ယင်းတို့၏ အသုံးစရိတ်ရှင်းတမ်းနှင့် သက်ဆိုင်ပါသည်။ ယင်းစည်းမျဉ်းသာမရှိလျှင် အခြားသောစည်းမျဉ်းများဖြစ်သည့် လှူဒါန်းမှုနှင့် သုံးစွဲမှုအတွက် ကန့်သတ်ချက်များသည် လိုက်နာမှုရှိ/မရှိ မသိနိုင်သဖြင့် ထိရောက်မှုအနည်းငယ်သာ ရှိပေသည်။

အချက်အလက်ရရှိသမျှသော နိုင်ငံများ၏ ၈၈ ရာခိုင်နှုန်းတွင်အစီရင်ခံစာ ပုံစံတစ်မျိုးတော့ အနည်းဆုံးရှိကြပေသည်။ ပွင့်လင်းမြင်သာမှုကို အားပေးရာကျသော်လည်း အခြားသော စိုးရိမ်ဖွယ်လက္ခဏာများလည်း ရှိပေသည်။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းအနေဖြင့် ဘဏ္ဍာရေးအစီရင်ခံစာ တင်သွင်းမှုမပြုကြရလျှင် အစီရင်ခံစာတင် သွင်းရန်မလိုသည့် Stakeholder များမှတစ်ဆင့် ရန်ပုံငွေစီးဆင်းသည့်

ထွက်ပေါက်တစ်ခုဖြစ်ပေါ်လာနိုင်သည်ဟူ၍လည်းပြောဆိုမှုများကိုလည်း မကြာခဏ ဆိုသလိုတွေ့ရပါသည်။
ထိုကိစ္စနှင့်စပ်လျဉ်း၍ ၄၇ ရာခိုင်နှုန်းသောနိုင်ငံများတွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက အစီရင်ခံစာတင်သွင်းရန်မလိုပေ။ အချို့သောကိစ္စများတွင် ကိုယ်စားလှယ်လောင်းများ၏ ငွေကြေးကိစ္စရပ်များကို နိုင်ငံရေးပါတီများ၏ ဘဏ္ဍာရေးအစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြလေ့ရှိသော်လည်း အဆိုပါအလေ့အထသည် ဘဏ္ဍာရေးစာရင်းဇယားတိကျစွာမထားသည့်၊ ပါတီတွင်းချိတ်ဆက်ဆောင်ရွက်မှုမရှိသည့် သို့မဟုတ် ကိုယ်စားလှယ်လောင်းအရေအတွက် များပြားလွန်းသည့်နိုင်ငံများအတွက် ပြဿနာဖြစ်ပွားစေသည့်နည်းလမ်းတစ်ခုသာဖြစ်သည်။

**ဇယား ၁၆။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများတင်သွင်းရန်လိုအပ်သည့်အစီရင်ခံစာ**

| အစီရင်ခံစာတင်သွင်းရန်လိုအပ်ချက် | နိုင်ငံအရေအတွက် | သုံးသပ်ချက် |
|---|---|---|
| နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ | ၈၂ | နိုင်ငံရေးပါတီများရော ကိုယ်စားလှယ်လောင်းများပါ ဘဏ္ဍာရေးအစီရင်ခံစာတင်သွင်းကြရသည်။ ပုံမှန်ဖြစ်စေ၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ဖြစ်စေ အခြေအနေနှစ်မျိုးစလုံး၌ဖြစ်စေ တင်သွင်းကြရသည်။ |
| နိုင်ငံရေးပါတီများသာ | ၄၄ | နိုင်ငံရေးပါတီများ (ကိုယ်စာလှယ်လောင်းများမပါ) အစီရင်ခံစာတင်သွင်းကြရသည်။ ပုံမှန်ဖြစ်စေ၊ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ဖြစ်စေ အခြေအနေနှစ်မျိုးစလုံး၌ဖြစ်စေ တင်သွင်းကြရသည်။ |
| ကိုယ်စားလှယ်လောင်းများသာ | ၁၀ | ကိုယ်စားလှယ်လောင်းများ ဘဏ္ဍာရေးအစီရင်ခံစာတင်သွင်းကြရသည်။ |
| နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများတင်သွင်းရန်မလို | ၁၉ | နိုင်ငံရေးပါတီများရော ကိုယ်စားလှယ်လောင်းများပါ ဘဏ္ဍာရေးအစီရင်ခံစာတင်သွင်းရန်မလိုပါ။ |

ဘဏ္ဍာရေးအစီရင်ခံစာများ တင်သွင်းရာတွင် ထိုအစီရင်ခံစာများ၌ ပြည်သူလူထုကိုအသိပေးတင်ပြရမည့် အဓိကအချက်အလက်များမပါဝင်သမျှ ပွင့်လင်းမြင်သာမှုအတွက် အထောက်အပံ့ပြုမည် မဟုတ်ပေ။ ထို့ကြောင့်ဒေတာဘေ့စ်တွင် ထိုအစီရင်ခံစာများအား ပြည်သူလူထုသို့ အသိပေးတင်ပြခြင်းရှိ/မရှိနှင့် အလှူရှင်များ၏ သတင်းအချက်အလက်များ ပါဝင်ခြင်းရှိ/မရှိစသည့် မေးခွန်းများကိုထည့်သွင်းထားပါသည်။

အစိုးရအဖွဲ့အစည်းက အစီရင်ခံစာများကိုလက်ခံပြီး စာရင်းဇယားတိကျမှုကိုစစ်ဆေးခြင်းဖြင့် ပြည့်စုံလုံလောက်ပြီဖြစ်ကာ လူထုသို့အသိပေးတင်ပြမှုပြုရန်မလိုအပ်ဟူ၍ အချို့က ငြင်းဆန်ကြပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် မီဒီယာတို့ကဲ့သို့သော Stakeholder များ၏ သွက်လက်သော စစ်ဆေးချက်များ မရှိသမျှ သမားရိုးကျ ဘဏ္ဍာရေးရှင်းတမ်းသည် ပွင့်လင်းမြင်သာမှုကိုဖြစ်ပေါ်စေမည်မဟုတ် ဟူ၍လည်း အချို့က ငြင်းဆိုကြပါသည် (အိုမန်နှင့်ဇာအင်ဘူဟိုင် ၂၀၀၉:၂၀ကို ကြည့်ပါ)။

ကုလသမဂ္ဂ လာဘ်ပေးလာဘ်ယူမှုတိုက်ဖျက်ရေးညီလာခံ ကလည်း <http://www.unodc.org/unodc/en/treaties/CAC/> ရွေးကောက်ခံ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများ၏ ရန်ပုံငွေနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုကိုဖြစ်စေမည့် ဥပဒေများချမှတ်ရန် နိုင်ငံများကို တောင်းဆိုထားပါသည် (အခန်း ၇.၃)။ ထိုသို့ချမှတ်ထားသော်လည်း အစီရင်ခံစာတင်သွင်းရန်သတ်မှတ်ထားသည့် နိုင်ငံပေါင်းလေးပုံတစ်ပုံ ကျော်တွင်တွင် အစီရင်ခံစာတင်သွင်းရမည့်ပုဂ္ဂိုလ်များ သို့မဟုတ် အစီရင်ခံစာကိုလက်ခံမည့်အဖွဲ့အစည်းသည် သတင်းအချက် အလက်များကို လူထုသို့ချပြရမည်ဟူသည့် စည်းမျဉ်းများ ချမှတ်ထားခြင်း မရှိပေ။

လူထုအနေဖြင့် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှု များတွင် မည်ကဲ့သို့ ငွေကြေးလည်ပတ်နေသည်ကို သိရှိရန်မှာ လူထု၏ အခွင့်အရေးဖြစ်သည့်အတွက် အလှူရှင်နှင့်ပတ်သက်သော သတင်း အချက်အလက်များသည်အရေးကြီးပေသည်။ သို့ရာတွင် အချို့နိုင်ငံ များ၌ အလှူရှင်များအမည် ဖော်ပြခြင်းခြင်းဖြင့် သီးခြားလှူဒါန်းသည့် အလှူရှင်များ သို့မဟုတ် အဖွဲ့အစည်းများ၊ အထူးသဖြင့် အစိုးရပိုင်းမှ အလှူရှင်များအား စိတ်အနှောင့်အယှက် ဖြစ်စေနိုင်ကြောင်း ဝေဖန်ရေး သမားများက ငြင်းဆိုကြပါသည်။ အချို့သောနိုင်ငံများ၌ အလှူရှင်နှင့် ပတ်သက်သော မည်သူမည်ဝါဖြစ်သည်ဟူသည့်အချက်ကို အခြေအနေ အချို့၌သာ ဖော်ပြရန်၊ အများအားဖြင့် ပမာဏအချို့ထက် ကျော်လွန် လှူဒါန်းသည့်အခါများ၌ဖော်ပြရန် စသည်ဖြင့် ညှိနှိုင်းမှုများပြုလုပ်ထား ကြရသည်။ ဇယား--၁၇ တွင်ဖော်ပြထားသည်မှာ ဘဏ္ဍာရေးအစီရင် ခံစာတွင် အလှူရှင်မည်သူမည်ဝါဖြစ်သည်ကို ဖော်ပြရန်လိုအပ်သည့် နိုင်ငံပေါင်း တစ်ဝက်ကျော်ရှိပြီး ငါးပုံတစ်ပုံတွင် ထိုသတ်မှတ်ချက် မရှိပေ။ အချို့သောအခြေအနေများ၌သာ အလှူရှင်မည်သူမည်ဝါဖြစ် ကြောင်း အစီရင်ခံစာများတွင်ထည့်သွင်းဖော်ပြရမည်ဟု ၂၈ ရာခိုင်နှုန်း သော နိုင်ငံများတွင်သတ်မှတ်ထားပါသည်။

**ဇယား ၁၇။ ဘဏ္ဍာရေးရှင်းတမ်းသတ်မှတ်ချက်၏ အကျိုးရလဒ်**

| စဥ် | မေးခွန်း | ရှိ | မရှိ | ရုံဖန်ရံခါ | ဒေတာဘေ့စ် အပေါင်း တွင်းရှိ | နှုန်း |
|---|---|---|---|---|---|---|
| ၃၅ | နိုင်ငံရေးပါတီများသည် ၎င်းတို့၏ဘဏ္ဍာရေးနှင့်ပတ်သက်၍ အစီရင်ခံစာ ပုံမှန်တင်သွင်း ကြရပါသလား? | ၇၄% | ၂၆% | N/A | ၂၄% | ၉၃% |
| ၃၆ | နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေး အစီရင်ခံစာ တင်သွင်းကြရပါသလား? | ၅၂% | ၄၈% | N/A | N/A | ၉၂% |
| ၃၇ | ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေး အစီရင်ခံစာ တင်သွင်းကြရပါသလား? | ၆၀% | ၄၀% | N/A | N/A | ၉၂% |
| ၃၈ | နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင်ခံစာများတွင် ပါဝင်သော သတင်းအချက်အလက်များကို ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာမှုပြုပါသလား? | ၇၂% | ၂၈% | N/A | N/A | ၉၂% |
| ၃၉ | နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင် ခံစာများတွင် အလှူရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်မှု ပြုကြရပါသလား? | ၅၁% | ၂၁% | ၂၈% | N/A | ၈၈% |

မှတ်ချက်: ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသောနိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

### *ဒေသအလိုက်လေ့လာခြင်း*

ဒေသအလိုက်လေ့လာရာတွင် သမုဒ္ဒရာပိုင်းနိုင်ငံများသည် ယခုအခန်းအတွက်မေးမြန်းထားသော မေးခွန်းများအားလုံး၏ ၅၀ ရာခိုင်နှုန်းအောက်သာ အမှတ်ရခဲ့သဖြင့် စာရင်းအင်းပညာ၏တွက်ချက်မှုနှင့်သွေဖီနေပြန်သည်။ အလှူရှင်အကြောင်းဖော်ပြရန်နှင့် အစီရင်ခံစာပါသတင်းအချက်အလက်များကို လူထုသို့အသိပေးချပြရန်ပြဋ္ဌာန်းချက်များထုတ်ပြန်ထားသည့်အတွက် အစီရင်ခံစာတင်သွင်းရန်လိုအပ်သည့် နိုင်ငံများမှာ အထူးသဖြင့် ဥရောပတွင်ပိုမိုများပြားပါသည်။ ဥရောပနိုင်ငံများအားလုံးလိုလိုတွင် အစီရင်ခံစာများထုတ်ပြန်ရန် လိုအပ်သော်လည်း အာဖရိ၊ အမေရိကနှင့် အာရှတိုက်တွင်မူ နိုင်ငံများ၏ ၆၀-၇၀ ရာခိုင်နှုန်းသာ အစီရင်စာတင်သွင်းရန်လိုပါသည်။

### ဇယား ၁၈။ ဘဏ္ဍာရေးရှင်းတမ်းသတ်မှတ်ချက်အား ဒေသအလိုက်လေ့လာခြင်း

| စဉ် | မေးခွန်း | အာဖရိက | အမေရိက | အာရှ | ဥရောပ | သမုဒ္ဒရာ |
|---|---|---|---|---|---|---|
| ၃၅ | နိုင်ငံရေးပါတီများသည် ၎င်းတို့၏ ဘဏ္ဍာရေးနှင့်ပတ်သက်၍ အစီရင်ခံစာ ပုံမှန်တင်သွင်းကြရပါသလား? | ၆၉% | ၆၄% | ၈၆% | ၈၉% | ၂၅% |
| ၃၆ | နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေး အစီရင်ခံစာ တင်သွင်းကြရပါသလား? | ၄၉% | ၆၄% | ၄၃% | ၆၆% | ၁၇% |
| ၃၇ | ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေး အစီရင်ခံစာ တင်သွင်းကြရပါသလား? | ၄၉% | ၅၇% | ၇၁% | ၆၈% | ၅၀% |
| ၃၈ | နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင်ခံစာများတွင် ပါဝင်သော သတင်းအချက်အလက်များကို ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာမှုပြုပါသလား? | ၅၉% | ၇၂% | ၇၁% | ၉၀% | ၄၃% |
| ၃၉ | နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင်ခံစာများတွင် အလှူရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်မှု ပြုကြရပါသလား? | ၆၈% | ၈၀% | ၈၆% | ၈၈% | ၅၀% |

မှတ်ချက်: ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် ဒေသတွင်းရှိနိုင်ငံတစ်ခုချင်းစီအလိုက်ရရှိခဲ့သော အဖြေမှန်များကိုသာ မှတ်တမ်းပြုထားခြင်းဖြစ်သည်။ အဆိုပါ ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

## ဇ) အရေးယူခြင်းနှင့်အကျိုးသက်ရောက်စေခြင်း

**ကိန်းဂဏန်းအချက်အလက်များနှင့်ပတ်သက်သောမှတ်ချက်**

- အလွန်မြင့်မားသော တုန့်ပြန်ချက်ဖြစ်သည် : ပျမ်းမျှ ၈၉ % ရှိပြီး အနည်းဆုံး တုန့်ပြန်ချက်ဖြစ်သော မေးခွန်းနံပါတ် ၄၂ သည် ၈၇ % ရှိသည်။
- မေးခွန်းအားလုံးကိုဖြေကြားခဲ့သောနိုင်ငံပေါင်း ၁၄၂ နိုင်ငံ(၇၉%)ရှိပြီး မေးခွန်းများအတွက် အချက်အလက် လုံးဝမရခဲ့သော နိုင်ငံပေါင်း၈ နိုင်ငံ(၄%) ရှိသည်။
- မေးခွန်းနံပါတ် ၄၂ နှင့် ၄၃ အတွက် စည်းမျဉ်းဥပဒေများအားလုံးသည် ဥပဒေစာအုပ်အမျိုးမျိုးတွင် ပျံ့နှံ့နေနိုင်သည့်အတွက် ဖြစ်နိုင်သမျှသော ကိန်းဂဏန်းသတ်မှတ်ချက်များ အားလုံးကိုထည့်သွင်းတွက်ချက်ထားသဖြင့် အာမခံမှုမပြုနိုင်ပါချေ။

### *ခြုံငုံသုံးသပ်ချက်*

နောက်ဆုံးမေးခွန်းအုပ်စုသည် ပုံစံအမျိုးမျိုးဖြင့်ရှိနေသော စည်းမျဉ်းများနှင့် တိုက်ရိုက်မသက်ဆိုင်ဘဲ တည်ဆဲစည်းမျဉ်းများအား အားကောင်းခိုင်မာစေရန် လုပ်ဆောင်သည့်အဖွဲ့အစည်းများနှင့် ထိုစည်းမျဉ်းများအား ချိုးဖောက်မှုများရှိပါက အရေးယူဆောင်ရွက်မှုများရှိ/မရှိဆိုသည့် အချက်များနှင့် သက်ဆိုင်ပါသည်။

အထင်ရှားဆုံးရလဒ်မှာ နိုင်ငံပေါင်း ၄၀ (သတင်းအချက်အလက် ရရှိခဲ့သော နိုင်ငံများ၏ ၂၅ ရာခိုင်နှုန်း) တွင် မည်သည့်အဖွဲ့အစည်းက ဘဏ္ဍာရေး အစီရင်ခံစာများကိုစစ်ဆေးရမည် သို့မဟုတ် ဖြစ်ပေါ်လာနိုင်သော နိုင်ငံရေး ဘဏ္ဍာငွေစည်းမျဉ်း ချိုးဖောက်မှုများကိုစစ်ဆေးရမည် ဆိုသည့်အချက်များ မပါဝင်ခြင်းပင်ဖြစ်သည်။ နိုင်ငံရေးတွင် ငွေကြေး၏ လွှမ်းမိုးအကျိုးသက်ရောက်မှုကို ထိန်းချုပ်ပြီး ပွင့်လင်းမြင်သာမှုကို တိုးတက်ဖြစ်ပေါ်လာအောင် ရည်ရွယ်လုပ်ဆောင်သည့် မည်သည့် လုပ်ငန်းစဉ်တွင်မဆို အဆိုပါအချက်သည် အဓိကကျသည့် အားနည်းချက်တစ်ရပ်ဖြစ်ကြောင်း ညွှန်းဆိုနေပေသည်။

အဖွဲ့အစည်းနှင့် ပတ်သက်၍ပြောရလျှင် အဆိုပါကိစ္စကို သီးခြားလုပ်ဆောင်ရမည့် အဖွဲ့အစည်းကို သတ်မှတ်ရန်မှာ ခက်ခဲမှုရှိနိုင်ပေသည်။ ဥပမာ- လိုအပ်သော ပညာရှင်များနှင့် ကျွမ်းကျင်မှုများ အစိုးရဝန်ကြီးဌာနများတွင် ရှိနိုင်သော်လည်း အများယုံကြည် လက်ခံသော ကြီးကြပ်မှုများပြုလုပ်နိုင်ရန်အတွက် လိုအပ်ချက်တစ်ရပ်ဖြစ်သော အမှီအခိုကင်းမှု မရှိနိုင်သကဲ့သို့ ရွေးကောက်ပွဲကော်မရှင်များအနေဖြင့် နိုင်ငံရေးပါတီများနှင့် ကောင်းမွန်သောဆက်ဆံရေးရှိနိုင်သော်လည်း ၎င်းတို့၏ ပင်မတာဝန်ဝတ္တရားတွင်မပါသော အလုပ်တစ်ခုကို လက်ခံ လုပ်ဆောင်ရန် ဆန္ဒရှိမည်မဟုတ်ပေ။

ဇယား ၁၉ တွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ဘဏ္ဍာရေးအစီရင်ခံစာများကို လက်ခံရယူစစ်ဆေးရန် တာဝန်ယူထားသောအဖွဲ့အစည်းပုံစံများနှင့် သမားရိုးကျတာဝန်ယူထားသည့် အခြားသော အဖွဲ့အစည်းများ (ဥပမာ ပြစ်ဒဏ်ချအရေးယူခြင်းများ သို့မဟုတ် အယူခံလွှာကြားနာစစ်ဆေးမှုများ) ကို နှိုင်းယှဉ်ဖော်ပြထားပါသည်။ မူလလက်ဟောင်းဒေတာဘေ့စ်မှ အချက်အလက်များကိုပါ တင်ပြထားသော်လည်း ၎င်းသည် မည်သည့်အဖွဲ့အစည်းက စည်းမျဉ်းများအား ပြဋ္ဌာန်းပြီးစီမံခန့်ခွဲရန် တာဝန်ရှိသည်ကို ရေးရေးမျှသာဖော်ပြထားသဖြင့် တိတိကျကျ နှိုင်းယှဉ်လေ့လာမှုမပြုနိုင်ပေ။ မေးခွန်းတစ်ခုစီအတွက် အနည်းဆုံးအားဖြင့် အဖွဲ့အစည်းတစ်ခုကို မှတ်တမ်းတင်ထားနိုင်ခဲ့သော နိုင်ငံများကိုသာ ယခုဇယားတွင် ထည့်သွင်းထားကြောင်းကိုလည်း သတိပြုစေလိုပါသည်။

## ဇယား ၁၉။ နိုင်ငံရေးဘဏ္ဍာငွေကြီးကြပ်မှုအဖွဲ့တွင်ပါဝင်သော အဖွဲ့အစည်းများ

| အဖွဲ့အစည်း | အစီရင်ခံစာရရှိမှု | အစီရင်ခံစာများအား စစ်ဆေးခြင်း/စည်းမျဉ်းချိုး ဖောက်မှုများအားစုံစမ်း စစ်ဆေးခြင်း | အခြားသော သမားရိုးကျအဖွဲ့ အစည်းများ | ဒေတာဘေ့စ် အယောင်း |
|---|---|---|---|---|
| ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အစည်း | ၄၂% | ၃၄% | ၄% | ၄၈% |
| ဝန်ကြီးဌာန * | ၁၅% | ၁၀% | ၁၅% | ၂၂% |
| စာရင်းစစ်အဖွဲ့ | ၁၀% | ၁၄% | ၁၀% | N/A |
| ယခုကိစ္စအတွက်သီးခြားအဖွဲ့အစည်း | ၈% | ၁၀% | ၀% | ၁၀% |
| တရားရုံး | ၇% | ၁၃% | ၃၂% | N/A |
| အခြား | ၁၆% | ၁၉% | ၃၉% | ၁၉% |

* မူလလက်ဟောင်း ဒေတာဘေ့စ်တွင် 'အစိုးရအဖွဲ့အစည်းများ' ဟု သုံးနှုန်းထားပါသည်။

ရွေးကောက်ပွဲစီမံခန့်ခွဲသည့်အဖွဲ့အစည်းသည် ဘဏ္ဍာရေးအစီရင်ခံစာကို အများဆုံးလက်ခံလေ့ရှိကြောင်း အထက်ပါဇယားတွင် ဖော်ပြထားပါသည်။ သို့ရာတွင် အစီရင်ခံစာများအား သုံးသပ်ခြင်းနှင့် စစ်ဆေးခြင်းတို့ကိုမူ စာရင်းစစ်အဖွဲ့သို့မဟုတ် တရားရုံးများက ဆောင်ရွက်လေ့ရှိကြပါသည်။ တရားရုံးများက အစီရင်ခံစာများကို လက်ခံခြင်း သို့မဟုတ် သုံးသပ်ခြင်း မပြုသည့်အခြေအနေများတွင်လည်း အခြားသော နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်လေ့ရှိပါသည်။ အများအားဖြင့် အရေးယူပြစ်ဒဏ်ချမှတ်ရာတွင် ပါဝင်လေ့ရှိပါသည်။

ဒေတာဘေ့စ်၏ နောက်ဆုံးမေးခွန်းသည် နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများ ချိုးဖောက်သည့်အခါတွင် အရေးယူပြစ်ဒဏ်ချမှတ်မှုနှင့် သက်ဆိုင်ပါသည်။ သတင်းအချက်အလက် ရရှိခဲ့သော နိုင်ငံများ၏ ၉၆ ရာခိုင်နှုန်းတွင် အရေးယူမှုပုံစံအချို့ရှိခဲ့ပြီး အချို့နိုင်ငံများတွင် မဲဝယ်မှုနှင့်စပ်လျဉ်း၍သာ အရေးယူမှုပြုလုပ်ကြသည်ကိုလည်း တွေ့ရှိရပါသည်။ ဇယား ၂၀ တွင် နိုင်ငံအသီးသီးတို့၏ဥပဒေများတွင် အရေးယူပြစ်ဒဏ်ချမှတ်မှုအမျိုးမျိုး၏ ကြိမ်နှုန်းကို အကျဉ်းမျှဖော်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံအများတွင် အရေးယူမှုပုံစံအမျိုးမျိုးကို ပြုလုပ်ကြပြီး ဇယား ၁၈ တွင် ဖော်ပြထားသည့်အတိုင်း စုစုပေါင်း အရေအတွက်သည် ၁၀၀ ရာခိုင်နှုန်း ထက်ကျော်လွန်နေ၍ဖြစ်ပါသည်။

## ဇယား ၂၀။ နိုင်ငံအသီးသီးအလိုက် ကျင့်သုံးသော အရေးယူမှုများ

| အရေးယူပြစ်ဒဏ် | နိုင်ငံစုစုပေါင်း၏ပမာဏ | သုံးသပ်ချက် |
|---|---|---|
| ဒဏ်ငွေ | ၇၅% | ငွေဒဏ်ချမှတ်ခြင်းဖြစ်သည်။ |
| လူထုထည့်ဝင်ငွေမရရှိခြင်း | ၃၀% | နိုင်ငံရေးပါတီသည် လူထုထည့်ဝင်ငွေ(အချို့) ကိုရရှိခွင့်မရှိပေ။ |
| သိမ်းဆည်းခြင်း | ၂၉% | စည်းမျဉ်းများနှင့်မညီသော ရန်ပုံငွေကိုရယူခဲ့ပါက ထိုငွေများကို အဖွဲ့အစည်းတစ်ခုခုကိုလွှဲပြောင်းပေးအပ်ရခြင်း သို့မဟုတ် ပြန်လည်ပေးအပ်ရခြင်း။ |
| နိုင်ငံရေးပါတီဆိုင်းငံ့ခြင်း | ၉% | ယာယီအားဖြင့် ပါတီလုပ်ငန်းများဆောင်ရွက်ခွင့် မရှိခြင်း။ |
| နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားမှုအား ပယ်ဖျက်ခြင်း | ၂၀% | ပါတီလုပ်ငန်းများအား ဆောင်ရွက်ခွင့်မရှိတော့ခြင်း။ |
| ထောင်ဒဏ် | ၅၂% | ကြီးလေးသော စည်းမျဉ်းချိုးဖောက်မှုအားအတွက် ထောင်ဒဏ်။ |
| ကိုယ်စားလှယ်လောင်းတင်သွင်းခွင့်ဆုံးရှုံးခြင်း | ၁၃% | မှတ်ပုံတင်ထားပြီးသော ကိုယ်စားလှယ်လောင်းအား မဲလက်မှတ်ပေါ်မှ ပယ်ဖျက်ခြင်း။ |
| ရွေးကောက်ခံရခြင်းမှ ပယ်ဖျက်ခြင်း | ၆% | ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သော ကိုယ်စားလှယ်အား ယင်း၏အနိုင်ရရှိမှုကိုပယ်ဖျက်ခြင်း |
| နိုင်ငံရေးအခွင့်အရေးဆုံးရှုံးခြင်း | ၁၄% | လူပုဂ္ဂိုလ်တစ်ဦး၏ဆန္ဒမဲပေးခွင့်၊ ရွေးကောက်ခံပိုင်ခွင့်နှင့် အခြားသော နိုင်ငံရေးရာရပိုင်ခွင့်များ ပယ်ဖျက်ခြင်း။ |
| အခြား | ၂၈% | နိုင်ငံသားဖြစ်မှုအတွက် သတိပေးခံရခြင်းနှင့် နိုင်ငံသားဖြစ်မှုဆုံးရှုံးခြင်း အပါအဝင် အခြားသော အရေးယူမှုပုံစံများ။ |

ငွေဒဏ်ချမှတ်ခြင်းသည် အရေးယူမှုပုံစံများအနက် အသုံးအများဆုံးဖြစ်သည်။ နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းဖောက်ဖျက်မှုအတွက် ၇၅ ရာခိုင်နှုန်းသောနိုင်ငံများတွင် အသုံးပြုကြသော ပြစ်ဒဏ်ဖြစ်ပြီး အမှန်တကယ် ဒဏ်တပ်ခဲ့ခြင်းဖြစ်သည်ဟု အကြွင်းမဲ့ဆိုလိုသည်တော့ မဟုတ်ပေ။ ဒုတိယ အသုံးအများဆုံးသော အရေးယူမှုမှာ ထောင်ဒဏ်ချမှတ်မှုများဖြစ်ပြီး နိုင်ငံအများစုတွင် ထိုပြစ်ဒဏ်များကို မဲဝယ်ခြင်း သို့မဟုတ် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည့် လိမ်လည်မှုကဲ့သို့သော ကြီးလေးသည့်ရာဇဝတ်မှုများကိုသာ ချမှတ်လေ့ရှိပါသည်။

သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ (ဆိုလိုသည်မှာ နိုင်ငံရေးပါတီများ သို့မဟုတ် ကိုယ်စားလှယ်လောင်းများအနေဖြင့် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျော်လွန်၍ ရရှိခဲ့သော ရန်ပုံငွေများကို ပြန်လည်ပေးအပ်ရခြင်း) နိုင်ငံအများစုတွင် စည်းမျဉ်းများ မရှိကြသည်ကိုလည်း သတိပြုနိုင်ပါသည်။ သိမ်းဆည်းမှုပြစ်ဒဏ်မရှိပါက Stakeholders များ အနေဖြင့် ယင်းတို့အား တရားမဝင်လှူဒါန်းမှုများကို လက်ခံခွင့်ရှိနေသမျှ ကြီးလေးသောပြစ်ဒဏ်များကို ကြိမ်ဖန်များစွာ ခံယူနေနိုင်ကြမည်သာ ဖြစ်သည်။

ပြင်သစ်တွင် ဖြစ်ပွားခဲ့သည်မှာ နမူနာယူဖွယ် ကောင်းလှပေသည်။ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေးဆိုင်ရာ ပြည်နယ်များအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်မှာ "ပြင်သစ်အာဏာပိုင်များက အတည်ပြုပြောဆိုသည်မှာ..........နိုင်ငံရေးပါတီများအား တရားမဝင် လှူဒါန်းငွေများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူရန် တည်ဆဲဥပဒေ များမရှိသည့်အတွက် ...." ဟူ၍ ဖြစ်ပါသည် (GRECO 2009a: 33)။

ဇယား ၂၁ နောက်ဆုံးမေးခွန်းများ၏ အဖြေရလဒ်များကို ဖော်ပြထား ပါသည် (မေးခွန်း ၄၀ မှ ၄၃)။

## ဇယား ၂၁။ အကျိုးသက်ရောက်စေခြင်းနှင့်အရေးယူခြင်း၏ အကျိုးရလဒ်

| စဥ် | မေးခွန်း | ရှိ | မရှိ | ဒေတာဘေ့စ် အတွင်းရှိ | နှုန်း |
|---|---|---|---|---|---|
| ၄၀ | မည်သည့်အဖွဲ့အစည်း (များ)သည် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများထံမှ အစီရင်ခံစာကို လက်ခံရယူပါသနည်း ? | N/A | N/A | N/A | ၉၂% |
| ၄၁ | ဘဏ္ဍာရေးအစီရင်ခံစာများကို စစ်ဆေးခြင်းနှင့်/သို့မဟုတ် စည်းမျဉ်းချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ရန်အတွက် သီးခြားအဖွဲ့အစည်းတစ်ခုကို သတ်မှတ်ထားပါသလား ? | ၇၅% | ၂၅% | N/A | ၈၉% |
| ၄၂ | နိုင်ငံရေးဘဏ္ဍာငွေ ကြီးကြပ်ကွပ်ကဲရန်အတွက် အခြားသော မည်သည့်အဖွဲ့အစည်းများတွင် တရားဝင်အခွင့်အာဏာ ရှိပါသနည်း? | ၄၉%* | ၅၁% | N/A | ၈၇% |
| ၄၃ | နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်း ချိုးဖောက်မှုအတွက် မည်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပါသနည်း ? | ၉၆%** | ၄% | N/A | ၉၀% |

* ၄၉% သောနိုင်ငံများတွင် ထိုမေးခွန်းအတွက် နောက်ထပ်အဖွဲ့အစည်းတစ်ခုကိုသတ်မှတ်ထားပြီး ၅၁% တွင် ဘဏ္ဍာရေးအစီရင်ခံစာကို လက်ခံရယူခြင်းမှတစ်ပါး အခြားသောနိုင်ငံရေးဘဏ္ဍာငွေကြီးကြပ်မှုကိုပြုလုပ်သည့်အဖွဲ့အစည်းရှိသည်ကို မတွေ့ရှိရပေ။

** ၉၆%သောနိုင်ငံများတွင် ထိုမေးခွန်းအတွက် စည်းမျဉ်းများပြဋ္ဌာန်းထားရာ၌အရေးယူမှုပြစ်ဒဏ်များကိုပါထည့်သွင်းထားပြီး ကျန်ရှိနေသော ၄% တွင် ထိုကဲ့သို့သော စည်းမျဉ်းများလုံးဝမရှိသည်ကိုတွေ့ရှိပါသည်။

မှတ်ချက်: ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာ ဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

## ၂။ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများ၊ အဓိကအကြောင်းအရာများနှင့် အခြားသောကိန်းရှင်များ

နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများ လေ့လာခြင်းလုပ်ငန်းစဉ်ကို စတင်လုပ်ဆောင်နိုင်ရန်အတွက် International IDEA ၏ဒေတာဘေ့စ်တွင် ပါဝင်သည့်ကိန်းရှင်အမျိုးမျိုးကို ယခုအခန်း၏ပထမပိုင်းတွင် စူးစမ်း လေ့လာကြမည်ဖြစ်ပါသည်။ ဆက်လက်ဖော်ပြမည့် ဆွေးနွေးချက်များသည် အဆိုပါကိစ္စများကို ပိုမို နက်နက်နဲနဲလေ့လာလိုသည့် ပုဂ္ဂိုလ်များအတွက် ကနဦး လေ့လာဆန်းဆစ်ချက်များအဖြစ် အသုံးဝင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်မိပါသည်။ နိုင်ငံရေးတွင် ငွေကြေး၏လွှမ်းမိုးမှုနှင့်ဆက်စပ်သော ကဏ္ဍနစ်ရပ်တွင် ထည့်သွင်းစဉ်းစားသည့် ကိန်းရှင်များမှာ ဒီမိုကရေစီရေချိန် (သို့မဟုတ်လွတ်လပ်မှု) နှင့် အကျင့်ပျက်ခြစားမှု အဆင့်အတန်းတို့ဖြစ်ပါသည်။ ဒုတိယပိုင်းတွင် နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများတွင် အဓိကအချက်နှစ်ချက်ဖြစ်သည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအကြား ဆက်ဆံရေးနှင့် နိုင်ငံရေးဘဏ္ဍာငွေ ပွင့်လင်းမြင်သာမှုတို့ကို ဆွေးနွေး တင်ပြထားပါသည်။

### က) လွတ်လပ်မှုအဆင့်အတန်းများနှင့် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်း

နိုင်ငံများအနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုနှင့် နိုင်ငံရေးနယ်ပယ်တွင် အကြိတ်အနယ် ယှဉ်ပြိုင်လေ့ရှိသည့် ယေဘုယျသဘောသဘာဝ တို့ကို သတ်မှတ်ခဲ့ခြား ပြီးမှသာ စတင်မိတ်ဆက်အသုံးပြုနိုင်သဖြင့် နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများသည် ပြုပြင်ပြောင်းလဲရေး၏ "ဒုတိယ မျိုးဆက်သစ်" ဖြစ်သည်ဟူ၍လည်း တစ်ခါတစ်ရံတွင် အငြင်းပွားကြလေ့ရှိပါသည်။ နိုင်ငံတစ်နိုင်ငံသည် နိုင်ငံရေးအရ ပိုမိုဖွံ့ဖြိုးတိုးတက်လာသောအခါ၌ နိုင်ငံရေးတွင် ငွေကြေး၏ပါဝင်ပတ်သက်မှုကို ပြောင်းလဲကိုင်တွယ် ဖြေရှင်းလာကြရပါတော့သည်။

အကယ်၍ ထိုအဆိုပြုချက်သာမှန်ကန်ခဲ့ပါက နိုင်ငံတစ်ခုချင်းစီအလိုက် စည်းမျဉ်းအမျိုးမျိုးတည်ရှိနေမှုနှင့် ဒီမိုကရေစီရေချိန် သို့မဟုတ် နိုင်ငံရေးတိုးတက်မှုတို့၏ အညမညသဘောဆက်စပ်မှုကို ရှာဖွေကြရ တော့မည်ဖြစ်ပါသည်။ ယခုဖြစ်ရပ်အတွက် Freedom House ([<http:// www.freedomhouse. org/ report-types/freedom- world>](http://www.freedomhouse.org/report-types/freedom-world)) ၏လွတ်လပ်မှု အဆင့်အတန်းသတ်မှတ်ချက်သည် တိကျသော တိုင်းတာမှုတစ်ရပ် မဖြစ်နိုင်ဘဲ ယင်း၏ ကိန်းဂဏန်းများသည် အသုံးဝင်သည့် ကိုယ်စားပြု ကိန်းရှင်အဖြစ် ပုံဖော်ဖန်တီးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ပထမဆုံးလုပ်ရမည်မှာ နိုင်ငံတစ်ခုချင်းစီ၏ လွတ်လပ်မှုအဆင့်အတန်းသည် ချမှတ်ထားသော စည်းမျဉ်းများနှင့် ဆက်စပ်မှုရှိ/မရှိ ဆိုသည့်အချက်ပင်ဖြစ်သည်။ ထိုကိစ္စအတွက် "လွတ်လပ်သည်" "တစ်စိတ်တစ်ပိုင်းအားဖြင့်လွတ်လပ်သည်" နှင့် "လွတ်လပ်မှုမရှိ" ဆိုသည့် Freedom House ၏ နိုင်ငံများအတွက် လွတ်လပ်မှုအမျိုးအစား သတ်မှတ်ချက်များကို အသုံးပြုမည်ဖြစ်ပါသည်။ ဒေတာဘေ့စ်ပါနိုင်ငံများအနက် ၈၇ နိုင်ငံသည် ပထမ အမျိုးအစားတွင် ပါဝင်ပြီး ဒုတိယ အမျိုးအစား အတွက် ၅၈ နိုင်ငံဖြစ်ပြီး ၃၄ နိုင်ငံသည် တတိယအမျိုးအစား တွင်ပါဝင်ပါသည်။ ဒေတာဘေ့စ်မှ ဖယ်ထုတ်ထားသော နိုင်ငံ ၁၃ နိုင်ငံသည် "လွတ်လပ်မှုမရှိ" ဆိုသော အတန်းအစားတွင် ပါဝင်ပါသည်။

ခြုံငုံတင်ပြရလျှင် လွတ်လပ်မှုအဆင့်အတန်းသတ်မှတ်ချက်သည် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများ တည်ရှိမှုနှင့်စပ်လျဉ်းပါက အားနည်းသော ညွှန်းကိန်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဒေတာဘေ့စ်ပါ စည်းမျဉ်းများ (တိတိကျကျပြောရလျှင် ယခုအခန်းတွင် လေ့လာမည့်စည်းမျဉ်း၃၀)သည် "လွတ်လပ်မှုမရှိ" ဟု သတ်မှတ်သော နိုင်ငံများထက် "လွတ်လပ်သည်"ဟု သတ်မှတ်ထားသော နိုင်ငံများတွင် ပိုမိုအတွေ့များပါသည်။ သို့ရာတွင် ကွာဟချက်သည်ကြီးမားမှုမရှိဘဲ လွတ်လပ်မှုရှိသော နိုင်ငံများတွင်၅၃ % နှင့် လွတ်လပ်မှုမရှိသောနိုင်ငံများတွင် ၄၂% ဖြစ်သည် (တစ်စိတ်တစ်ပိုင်းအားဖြင့် လွတ်လပ်သော နိုင်ငံများတွင် ၅၂ %)။ ထို့အပြင် လွတ်လပ်မှုအဆင့်အတန်းဆိုင်ရာ ယုတ္တိဗေဒကျသော သွေဖီချက်အချို့လည်း ရှိသည်ဟု ထင်မြင်ရပေသည်။ ယခုစာအုပ်တွင် ထိုကဲ့သို့သော သွေဖီချက် အမျိုးမျိုးအတွက် ဆန်းစစ်လေ့လာချက်များ ပြုလုပ်မည် မဟုတ်သော်လည်း အခြားသောကိန်းရှင်များ ထည့်သွင်း စဉ်းစားနိုင်ရန် အတွက် သုတေသနများပိုမိုလုပ်ဆောင်ရန်ရှိနေသေးသည် ဆိုသည့် အချက်က ထင်ရှားပေသည်။

လူထုထည့်ဝင်ငွေနှင့် လှူဒါန်းမှုအတွက် တားမြစ်ချက်များ၊ ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍တင်ပြရလျှင် ကွာဟချက်သည် အနည်းငယ်မျှသာဖြစ်သည်။ လွတ်လပ်မှုမရှိဟုသတ်မှတ်ထားသော နိုင်ငံများသည် နိုင်ငံခြားလှူဒါန်းငွေများကို ပိုမိုတားမြစ်ထားသည်မှာလည်း အကျိုးအကြောင်း ခိုင်လုံလှပေသည်။ ဆန့်ကျင်ဘက်အနေဖြင့် ယင်းနိုင်ငံတို့သည် နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများအား အစိုးရနှင့် ဆက်စပ်လုပ်ငန်းများမှ လှူဒါန်းမှုများကိုတားမြစ်ရာတွင် နည်းပါးမှုရှိပေမည်။

တင်ပြခဲ့ပြီးဖြစ်သည့်အတိုင်း နိုင်ငံတစ်ခု၏ လွတ်လပ်မှုအဆင့်အတန်း နှင့် ထိုနိုင်ငံတွင် နိုင်ငံရေးပါတီများသို့လူထုမှ တိုက်ရိုက်လှူဒါန်းမှုကို လက်ခံကျင့်သုံးနိုင်ခြေတို့အကြား ဆက်စပ်မှုမရှိပေ (အိုမန် ၂၀၁၁ : ၄)။ "တစ်စိတ်တစ်ပိုင်းအားဖြင့်လွတ်လပ်သည်" ဟု သတ်မှတ်ထားသော နိုင်ငံများနှင့် အထူးသဖြင့် "လွတ်လပ်မှုမရှိ" ဟု သတ်မှတ်ထားသော နိုင်ငံများသည် ကိုယ်စားလှယ်လောင်းများအား မီဒီယာအခမဲ့ အသုံးပြု ခွင့်ကို "လွတ်လပ်သည်"ဟု သတ်မှတ်ထားသောနိုင်ငံများထက် ပိုမို ခွင့်ပြုပေးထားနိုင်သော်လည်း နိုင်ငံရေးပါတီများအတွက် ခွင့်ပြုပေး ထားရာတွင်မှု များစွာကွာခြားသည်မဟုတ်ပေ။

"လွတ်လပ်မှုမရှိ"ဟုသတ်မှတ်ထားသော နိုင်ငံများသည် လှူဒါန်းမှု နှင့်အသုံးစရိတ်တို့အပေါ် ကန့်သတ်မှုများ အနည်းအကျဉ်း ရှိကောင်း ရှိနိုင်မည်ဖြစ်သော်လည်း ကွာဟချက်သည် ကြီးမားလှသည်တော့ မဟုတ်ပေ၊ အထူးသဖြင့် လှူဒါန်းမှုအတွက် ကန့်သတ်ချက်တွင် များစွာ ကွာခြားခြင်းမရှိပေ။ အချို့သော ဒီမိုကရေစီမကျင့်သုံးသည့် နိုင်ငံများ တွင် လူထုမှထည့်ဝင်ငွေအပေါ်ကန့်သတ်မှုများကို အစိုးရများအနေဖြင့် ပိုမိုနှစ်သက်မည်ဖြစ်သည်၊ အထူးသဖြင့် ၎င်းတို့ကိုယ်တိုင် နိုင်ငံတော်ပိုင် အရင်းအမြစ်များကို အလွဲသုံးစားပြုလုပ်ရာတွင် ပါဝင်ပတ်သက် နေသော အခြေအနေတွင်ဖြစ်သည်။

လွတ်လပ်မှုအဆင့်အတန်းနှင့် ဘဏ္ဍာရေးရှင်းတမ်း ထုတ်ပြန်မှုတို့ အကြားတွင် ဆက်စပ်မှုအနည်းငယ် ရှိနိုင်ပေသည်။ "လွတ်လပ်မှုမရှိ"ဟု သတ်မှတ်ထားသော နိုင်ငံများတွင် ပါတီအစီရင်ခံစာကို ပုံမှန်တင်သွင်း ရာတွင် ကွာခြားမှုမရှိသော်လည်း နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ် လောင်းများသည် ရွေးကောက်ပွဲဆိုင်ရာ ဘဏ္ဍာရေးအစီရင်ခံစာ တင်သွင်းရန်များစွာလိုအပ်သည်တော့မဟုတ်ပေ။ ဘဏ္ဍာရေးအစီရင်ခံစာ များကို လူထုသို့အသိပေးချပြရာတွင် "လွတ်လပ်သည်"ဟု သတ်မှတ် ထားသော နိုင်ငံများသည် "လွတ်လပ်မှုမရှိ" ဟုသတ်မှတ်ထားသော နိုင်ငံများ၏ နှစ်ဆဖြစ်သည်။ ထိုကဲ့သို့သောဆက်စပ်မှု၏ သဘော သဘာဝကို အတိအကျသိရှိရန်အတွက်မူ အခြားသောလေ့လာမှုများ ဆက်လက်ပြုလုပ်ရမည်ဖြစ်ပါသည်။

## ဇယား ၂၂ ။ နိုင်ငံတစ်ခုချင်းစီ၏ လွတ်လပ်ခွင့်အပေါ် မူတည်၍ အကျိုးရလဒ်ပျက်ပြားမှု အနေအထား

| စဉ် | မေးခွန်း | အခမဲ့ | Partly Free | အခပေး |
|---|---|---|---|---|
| **လျှုဒါန်းမှုအတွက် တားမြစ်ချက်များ** | | | | |
| ၁ | နိုင်ငံရေးပါတီများအား နိုင်ငံခြားအရင်းအမြစ်များမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၆၁% | ၇၁% | ၈၁% |
| ၂ | ကိုယ်စားလှယ်လောင်းများအား နိုင်ငံခြားအရင်းအမြစ်များမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၅၂% | ၅၁% | ၅၀% |
| ၃ | နိုင်ငံရေးပါတီများအား အသင်းအဖွဲ့များမှ လှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၂၂% | ၂၃% | ၂၀% |
| ၄ | ကိုယ်စားလှယ်လောင်းများအား အသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၂၆% | ၂၂% | ၁၃% |
| ၅ | နိုင်ငံရေးပါတီများအား အစိုးရနှင့်ဖက်စပ်လုပ်ကိုင်နေသော သို့မဟုတ် အစိုးရနှင့် စာချုပ်ချုပ်ဆိုထားသော အသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၅၇% | ၄၂% | ၂၇% |
| ၆ | ကိုယ်စားလှယ်လောင်းများအား အစိုးရနှင့်ဖက်စပ်လုပ်ကိုင်နေသော သို့မဟုတ် အစိုးရနှင့် စာချုပ်ချုပ်ဆိုထားသော အသင်းအဖွဲ့များမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၄၄% | ၃၇% | ၂၇% |
| ၇ | နိုင်ငံရေးပါတီများအား ကုန်သွယ်မှုသမဂ္ဂများမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၃၂% | ၂၂% | ၁၆% |
| ၈ | ကိုယ်စားလှယ်လောင်းများအား ကုန်သွယ်မှုသမဂ္ဂများမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၃၂% | ၂၂% | ၁၀% |
| ၉ | နိုင်ငံရေးပါတီများအား အမည်မဲ့လှူဒါန်းခြင်းများကို တားမြစ်ချက်ရှိပါ သလား? | ၆၃% | ၇၂% | ၆၄% |
| ၁၀ | ကိုယ်စားလှယ်လောင်းများအား အမည်မဲ့လှူဒါန်းခြင်းများကို တားမြစ်ချက်ရှိပါသလား? | ၆၁% | ၆၁% | ၃၉% |
| ၁၁ | နိုင်ငံရေးပါတီများသို့မဟုတ် ကိုယ်စားလှယ်လောင်းများအား နိုင်ငံတော်ပိုင် အရင်း အမြစ်များပေးထားခြင်း၊ သို့မဟုတ် ပါတီများမှ ရယူခြင်း (စည်းမျဉ်းများနှင့်အညီ လူထုမှထည့်ဝင်ခြင်း မပါဝင်ပါ)ကို တားမြစ်ချက်ရှိပါသလား? | ၈၅% | ၈၉% | ၇၉% |
| ၁၂ | လှူဒါန်းမှုများနှင့်ပတ်သက်သော အခြားတားမြစ်ချက်များရှိပါသလား ? | ၅၃% | ၅၀% | ၄၀% |
| **လှူဒါန်းမှုအတွက် ကန့်သတ်ချက်များ** | | | | |
| ၁၃ | အလှူရှင်တစ်ဦးမှ အချိန်ကာလတစ်ခုအတွင်း နိုင်ငံရေးပါတီတစ်ခုကို အများဆုံး လှူဒါန်းမှုပြုနိုင်သည့် ပမာဏကို ကန့်သတ်ချက်ရှိပါသလား (ရွေးကောက်ပွဲတစ်ခုတည်း အတွက်သာမဟုတ်)? | ၃၆% | ၂၆% | ၂၅% |
| ၁၄ | ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အလှူရှင်တစ်ဦးမှ နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့်ပမာဏကို ကန့်သတ်ချက်ရှိပါသလား? | ၂၁% | ၃၄% | ၁၉% |
| ၁၅ | အလှူရှင်တစ်ဦးမှ ကိုယ်စားလှယ်လောင်းတစ်ဦးကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့် ပမာဏကို ကန့်သတ်ချက်ရှိပါသလား? | ၃၃% | ၂၅% | ၂၆% |
| **လူထုထည့်ဝင်ငွေ** | | | | |
| ၁၆ | နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ် ပြဌာန်းချက်များ ရှိပါသလား? | ၇၃% | ၅၉% | ၆၈% |

| | | | | |
|---|---|---|---|---|
| ၂၄ | နိုင်ငံရေးပါတီများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများ အပေါ် ပြဋ္ဌာန်းချက်များရှိပါသလား? | ၆၉% | ၇၁% | ၆၅% |
| ၂၅ | ကိုယ်စားလှယ်လောင်းများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများအပေါ် ပြဋ္ဌာန်းချက်များ ရှိပါသလား? | ၃၈% | ၅၈% | ၆၇% |
| ၂၆ | လူထုမှ သွယ်ဝိုက်ထည့်ဝင်ငွေအတွက် အခြားသောပြဋ္ဌာန်းချက်များ ရှိပါ သလား? | ၇၉% | ၆၂% | ၅၂% |
| ၂၇ | နိုင်ငံရေးပါတီများသို့လူထုမှ တိုက်ရိုက်ထည့်ဝင်ငွေဆိုင်ရာ ပြဋ္ဌာန်းချက်သည် ကိုယ်စားလှယ်လောင်းများ၏ ကျား/မ အချိုးညီမျှမှုနှင့် ဆက်စပ်မှုရှိပါ သလား? | ၁၃% | ၁၈% | ၄% |
| ၂၈ | နိုင်ငံရေးပါတီများအတွင်း ကျား/မအချိုးညီမျှမှုကို တွန်းအားပေးသော ဘဏ္ဍာရေးဆိုင်ရာ အခြားသော ပြဋ္ဌာန်းချက်များရှိပါသလား? | ၉% | ၈% | ၀% |
| ၁၉ | | | | |
| ၂၄ | နိုင်ငံရေးပါတီများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများ အပေါ် ပြဋ္ဌာန်းချက်များရှိပါသလား? | ၉၅% | ၉၆% | ၈၈% |
| ၂၅ | ကိုယ်စားလှယ်လောင်းများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများအပေါ် ပြဋ္ဌာန်းချက်များ ရှိပါသလား? | ၈၅% | ၁၀၀% | ၉၂% |
| **အသုံးစရိတ်အပေါ် ကန့်သတ်ချက်များ** | | | | |
| ၃၀ | နိုင်ငံရေးပါတီတစ်ခုသုံးစွဲနိုင်သည့်ပမာဏအပေါ်ကန့်သတ်ချက်ရှိပါသလား? | ၃၇% | ၃၄% | ၃% |
| ၃၃ | ကိုယ်စားလှယ်လောင်းတစ်ဦး သုံးစွဲနိုင်သည့်ပမာဏအပေါ် ကန့်သတ်ချက် ရှိပါ သလား? | ၄၈% | ၅၀% | ၂၆% |
| **ဘဏ္ဍာရေးရှင်းတမ်း** | | | | |
| ၃၅ | နိုင်ငံရေးပါတီများသည် ၎င်းတို့၏ဘဏ္ဍာရေးနှင့်ပတ်သက်၍ အစီရင်ခံစာ ပုံမှန်တင်သွင်းကြရပါသလား? | ၇၄% | ၇၅% | ၇၄% |
| ၃၆ | နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေး အစီရင်ခံစာ တင်သွင်းကြရပါသလား? | ၅၇% | ၆၁% | ၂၃% |
| ၃၇ | ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေးအစီရင်ခံစာ တင်သွင်းကြရပါသလား? | ၆၆% | ၆၄% | ၃၇% |
| ၃၈ | နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင်ခံစာများတွင် ပါဝင်သော သတင်းအချက်အလက်များကို ပြည်သူလူထုသို့ | ၈၅% | ၆၉% | ၄၀% |
| ၃၉ | နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင်ခံစာများတွင် အလှူရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်မှု | ၈၁% | ၇၅% | ၈၂% |

* ယခုမေးခွန်းအတွက် "ရှိ"ဟု ဖော်ပြထားသော ကိန်းဂဏန်းများတွင် "ကန့်သတ်ချက်ကို ပုံမှန်ကျင့်သုံးသည်"သည်ဟု သတ်မှတ်ထားသောနိုင်ငံများပါဝင်ပါသည်။

** ယခုမေးခွန်းအတွက် ရာခိုင်နှုန်းများသည် ဒေသတစ်ခုစီရှိ "ပုံမှန်ရန်ပုံငွေထောက်ပံ့ထားသည်"ဟုဖြေကြားသောနိုင်ငံများ နှင့်/သို့မဟုတ် "မဲဆွယ်လှုပ်ရှားမှုအတွက်ရန်ပုံငွေထောက်ပံ့ထားသည်ဟု ဖြေကြားသောနိုင်ငံများ ပါဝင်ပါသည်။

မှတ်ချက်။ ရာခိုင်နှုန်းများသည် အပေါင်းလက္ခဏာပြသောအဖြေ(မှန်) ကိုသာရည်ညွှန်းပါသည်။ ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

## ခ) နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းနှင့် အကျင့်ပျက်ခြစားမှုအယူအဆ

နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများနှင့် အကျင့်ပျက်ခြစားမှုတို့ အကြားဆက်စပ်မှုနှင့်စပ်လျဉ်း၍ သီအိုရီအများအပြားကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။ အကျင့်ပျက်ခြစားမှု ဆိုးရွားစွာဖြစ်ပေါ်နေသော နိုင်ငံများတွင် နိုင်ငံရေး၌ ငွေကြေးပါဝင်ပတ်သက်မှုအတွက် စည်းမျဉ်းများ ပိုမိုတည်ရှိနေနိုင်ပါသည်။ အကျင့်ပျက်ခြစားမှု လွန်စွာဖြစ်ပေါ်နေသော လူမှုအဖွဲ့အစည်းများတွင် နိုင်ငံရေးသမားများသည် ၎င်းတို့ရရှိနေသော ငွေကြေးကိုထိန်းညှိပေးနိုင်မည့် စည်းမျဉ်းများ ချမှတ်ခြင်းကိုခွင့်ပြုရန် လိုလားမှု ရှိမည်မဟုတ်ပေ။

တစ်ဖက်တွင်လည်း နိုင်ငံတစ်နိုင်ငံက ကြုံတွေ့နေရသည့် နိုင်ငံရေးစနစ်တွင် ငွေကြေး၏လွှမ်းမိုးမှုဆိုင်ရာ ပြဿနာများနှင့် ဥပဒေပြဋ္ဌာန်းခြင်းအားဖြင့် ထိုပြဿနာများကို ပြန်လည်ပြင်ဆင်ရန်ကြိုးပမ်းမှုကို ဖော်ပြသည့် ညွှန်းကိန်းများအဖြစ် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများက တည်ရှိနေမည်ဖြစ်ပါသည်။ အကျင့်ပျက်ခြစားမှုအဆင့်မြင့်မားနေသည့်အချိန်အခါများတွင် အဆင့်မြင့်နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများကို ယာယီအဖြစ်အသုံးပြုနိုင်မည် ဖြစ်ပါသည်။

နိုင်ငံအသီးသီးတို့၏ အကျင့်ပျက်ခြစားမှုကိုဖော်ပြသော ညွှန်းကိန်းများ မရှိသည့်အတွက် အကျင့်ပျက်ခြစားမှု၏ ဥပဒေနှင့်မညီသော သဘောသဘာဝကိုပင် ခက်ခက်ခဲခဲတင်ပြနေရခြင်းဖြစ်ရာ ယခုစာအုပ်တွင် ထိုပြဿနာများအကြောင်းကို အပေါ်ယံမျှသာဖော်ပြနိုင်ပါသည်။ အကျင့်ပျက်ခြစားမှုအဆင့်အတန်းကို ဖော်ပြနိုင်သည့် အနီးစပ်ဆုံးညွှန်းကိန်းတစ်ခုမှာ "ပြည်သူ့ရေးရာကဏ္ဍအကျင့်ပျက်ခြစားမှုများ "ကိုတိုင်းတာသိရှိနိုင်သည့် နိုင်ငံတကာပွင့်လင်းမြင်သာမှု (Transparency International) ၏အကျင့်ပျက် ခြစားမှုမှန်းဆညွှန်းကိန်းပင်ဖြစ်ပါသည်။

၎င်းတို့၏ညွှန်းကိန်းနှင့် International IDEA ၏ဒေတာဘေ့စ်တွင် ဖော်ပြထားသည့် ကိန်းရှင်များသည် ထပ်တူကျနေခြင်းမရှိကြောင်းကို နိုင်ငံတကာပွင့်လင်းမြင်သာမှု၏ နည်းစဉ်သုံးသပ်ချက်တစ်စောင်က ဖော်ပြထားပါသည်။ ခြွင်းချက်တစ်ခုအနေဖြင့် ၎င်းအဖွဲ့၏ညွှန်းကိန်းအတွက် စီးပွားရေးပညာရှင်များသတင်းအဖွဲ့မှ မေးခွန်းများမေးမြန်းထားချက်တွင် "လူထုရန်ပုံငွေများခွဲဝေချထားပေးခြင်းနှင့် အသုံးပြုခြင်းတို့တွင်တာဝန်ခံနိုင်မှုနှင့် ရှင်းလင်းသောလုပ်ငန်းစဉ်များ" ဆိုင်ရာမေးခွန်းများပါဝင်နေခြင်းပင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ယခုကိစ္စနှင့်စပ်လျဉ်း၍ မေးခွန်း ၁၁ နှင့် ၃၀ တို့ကို သတိကြီးစွာထား၍ အဓိပ္ပာယ်ဖွင့်ဆိုရန်ဖြစ်ပါသည်။

အကျင့်ပျက်ခြစားမှုညွှန်းကိန်းတွင် အဆင့်တစ်(အကျင့်ပျက်ခြစားမှုအမြင့်မားဆုံးနိုင်ငံ) မှ အဆင့်တစ်ဆယ် (အသန့်ရှင်းဆုံးနိုင်ငံ) အထိအသုံးပြုထားပါသည်။ နှိုင်းယှဉ်လေ့လာရာတွင်လွယ်ကူစေရန်အတွက် ဒေတာဘေ့စ်ထဲရှိ အဆင့်များကို အဆင့် ၁ မှ ၃ (အကျင့်ပျက်ခြစားမှုအမြင့်ဆုံး)၊ အဆင့် ၃.၁ မှ ၆ (အကျင့်ပျက်ခြစားမှုအလယ်အလတ်အဆင့်)နှင့် ၆.၁ မှ ၁၀ (အကျင့်ပျက်ခြစားမှုအနိမ့်ဆုံးအဆင့်) ဟူ၍ အုပ်စုသုံးခုခွဲထားပါသည်။ နိုင်ငံတကာပွင့်လင်းမြင်သာမှု (Transparency International) သည် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများဆိုင်ရာ ဒေတာဘေ့စ်တွင်ပါဝင်သည့် နိုင်ငံများအားလုံးအတွက် အဆင့်ခွဲခြားသတ်မှတ်မထားသဖြင့် ကျွန်ုပ်တို့အတွက် ၁၆၁ နိုင်ငံချန်ထားခဲ့ပါသည်။ သို့ရာတွင် ကျန်ရှိနေသည့် နိုင်ငံများမှာ အဓိကအားဖြင့် ကျွန်းနိုင်ငံငယ်လေးများဖြစ်ကြသည်။

ခြုံငုံသုံးသပ်ရလျှင် စည်းမျဉ်းများပေါ်ပေါက်လာရသည့်အကြောင်းရင်းတွင် အကျင့်ပျက်ခြစားမှုဆိုင်ရာ အယူအဆသည် လွတ်လပ်မှုအဆင့်အတန်းသတ်မှတ်ချက်ထက်စာလျှင် ပိုကောင်းသည့်ခန့်မှန်းချက်ဖြစ်သည်ဟု ထင်မြင်ယူဆနိုင်ဖွယ်မရှိပေ။ "လွတ်လပ်သည်" ဟု သတ်မှတ်ထားသောနိုင်ငံများနှင့် "လွတ်လပ်မှုမရှိ" ဟုသတ်မှတ်ထားသော နိုင်ငံများ၏ ပျမ်းမျှကွာခြားချက် သည် ၁၅ ရာခိုင်နှုန်းရှိပြီး အကျင့်ပျက်ခြစားမှု အနိမ့်ဆုံးနှင့် အမြင့်ဆုံးနိုင်ငံများ၏ ပျမ်းမျှကွာခြားချက်သည် ၁၂ ရာခိုင်နှုန်း ရှိသည်။

အများစုသော သီးခြားမှုကွဲများကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ခက်ခဲမှုရှိပေသည်။ အကျင့်ပျက်ခြစားမှုမြင့်မားသော နိုင်ငံများတွင် နိုင်ငံခြားမှ လှူဒါန်းငွေများကို ပိုမိုတားမြစ်ထားနိုင်ဖွယ်ရှိပြီး ကုန်သွယ်ရေးသမဂ္ဂများမှလှူဒါန်းမှုများအား တားမြစ်ရာတွင် သိသိသာသာ လျော့နည်းနိုင်ပေသည်။ ထိုနိုင်ငံများတွင် လှူဒါန်းမှုများအတွက် ကန့်သတ်ချက်နှင့် နိုင်ငံရေးပါတီများသို့လူထုမှ တိုက်ရိုက်ထည့်ဝင်ငွေကို ခွင့်ပြုပေးခြင်းတွင် ပိုမိုလျော့နည်းဖွယ်ရှိသော်လည်း လူထုတိုက်ရိုက်ထည့်ဝင်ငွေနှင့် ကျား/မအချိုးညီမျှမှုတို့သည် ပိုမိုဆက်စပ်နေဖွယ်ရှိသည်။ အချို့သောအကြောင်းများကြောင့် အကျင့်ပျက်ချစားမှုနည်းပါးသောနိုင်ငံများတွင် ကိုယ်စားလှယ်လောင်းများအား အခမဲ့မီဒီယာ အသုံးပြုခွင့်မပေးထားခြင်း ဖြစ်နိုင်ပေသည် (နိုင်ငံရေးပါတီများမပါ)။

အခန်း ၂(က)တွင် ဖော်ပြထားသည့် လွတ်လပ်မှုအဆင့်အတန်းများအား လေ့လာချက်အရ ဘဏ္ဍာရေးအစီရင်ခံစာနှင့် ပတ်သက်သော ပုံစံတစ်ခုရှိနိုင်သည်ကို အရိပ်အမြွက်မျှတွေ့မြင် ရပေသည်။ ရွေးကောက်ပွဲအတွက် နိုင်ငံရေးပါတီများ အစီရင်ခံစာ တင်သွင်းရခြင်းမှတစ်ပါး အကျင့်ပျက်ခြစားမှုများပြားသော နိုင်ငံများတွင် ဘဏ္ဍာရေးအစီရင်ခံစာ တောင်းခံမှုနည်းပါးခြင်း သို့မဟုတ် ထိုအစီရင်ခံစာများတွင် အလှူရှင်ဆိုင်ရာသတင်းအချက်အလက် ထည့်သွင်းရန်၊ ထိုအစီရင်ခံစာများအား လူထုသို့ အသိပေးချပြမှုပြုရန် အစရှိသည့် လိုအပ်ချက်များ နည်းပါး နိုင်ဖွယ်ရှိသည်။ ထိုဖြစ်ရပ်များ၏ အကြောင်းအကျိုးဆက်စပ်မှု များအား မည်သို့မျှတင်ပြနိုင်ခြင်းမရှိနိုင်သော်လည်း အကျင့်ပျက် ခြစားမှု နည်းပါးခြင်း (သို့မဟုတ် နည်းပါးသည်ဟု ယူဆနိုင်သော) နှင့် ပိုမိုတင်းကျပ်သည့် စာရင်းရှင်းတမ်း စည်းမျဉ်းများ အကြားဆက်စပ်မှုတစ်ခုရှိသည်ဟူ၍ ထင်မြင်ရပေသည်။

နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများတည်ရှိမှုနှင့် လွတ်လပ်မှုအဆင့်အတန်း၊ အကျင့်ပျက်ခြစားမှု အယူအဆတို့ကို အပြန်အလှန်နှိုင်းယှဉ်လေ့လာခြင်းအားဖြင့် သိသာထင်ရှားသော ဆက်စပ်မှုအချို့ကို တွေ့မြင်ရပေမည်။ သို့ရာတွင် ယခုအကျဉ်းချုံး လေ့လာမှုနှစ်ရပ်သည် ပိုမိုအသေးစိတ်သည့် လေ့လာမှုပေါင်းများစွာအတွက် လိုအပ်သော အဖြေများထုတ်ပေးနိုင်မည့် မေးခွန်းများအတွက် အထောက်အကူဖြစ်လိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ထားကြပြီး ဒေတာဘေ့စ်မှ သတင်းအချက်အလက်များကို အသုံးပြုနိုင်မည့် နည်းလမ်းများဖော်ထုတ်နိုင်မည်ဟုလည်း မျှော်လင့်ပါသည်။

ဇယား ၂၃။ နိုင်ငံတစ်ခုချင်းစီ၏ အကျင့်ပျက်ခြစားမှုအယူအဆ အဆင့်အတန်း အပေါ်မူတည်၍ အကျိုးရလဒ်ပျက်ပြားမှုအနေအထား

| စဉ် | မေးခွန်း | အဆင့်နိမ့် | အလယ်အလတ်အဆင့် | အဆင့်မြင့် |
|---|---|---|---|---|
| **လျှုဒါန်းမှုအတွက် တားမြစ်ချက်များ** | | | | |
| ၁ | နိုင်ငံရေးပါတီများအား နိုင်ငံခြားအရင်းအမြစ်များမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၅၄% | ၆၇% | ၇၃% |
| ၂ | ကိုယ်စားလှယ်လောင်းများအား နိုင်ငံခြားအရင်းအမြစ်များမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၄၂% | ၅၂% | ၅၄% |
| ၃ | နိုင်ငံရေးပါတီများအား အသင်းအဖွဲ့များမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၂၃% | ၂၄% | ၂၀% |
| ၄ | ကိုယ်စားလှယ်လောင်းများအား အသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၂၄% | ၂၇% | ၁၈% |

| | | | | |
|---|---|---|---|---|
| ၅ | နိုင်ငံရေးပါတီများအား အစိုးရနှင့်ဖက်စပ်လုပ်ကိုင်နေသော သို့မဟုတ် အစိုးရနှင့် စာချုပ်ချုပ်ဆိုထားသော အသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား? | ၅၂% | ၆၀% | ၃၆% |
| ၆ | ကိုယ်စားလှယ်လောင်းများအား အစိုးရနှင့်ဖက်စပ်လုပ်ကိုင်နေသော သို့မဟုတ် အစိုးရနှင့် စာချုပ်ချုပ်ဆိုထားသော အသင်းအဖွဲ့များမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၃၆% | ၄၇% | ၃၃% |
| ၇ | နိုင်ငံရေးပါတီများအား ကုန်သွယ်မှုသမဂ္ဂများမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၃၃% | ၃၅% | ၁၈% |
| ၈ | ကိုယ်စားလှယ်လောင်းများအား ကုန်သွယ်မှုသမဂ္ဂများမှ လှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား? | ၃၃% | ၃၃% | ၁၆% |
| ၉ | နိုင်ငံရေးပါတီများအား အမည်မဲ့လှူဒါန်းခြင်းများကို တားမြစ်ချက်ရှိပါသလား? | ၇၅% | ၆၉% | ၆၅% |
| ၁၀ | ကိုယ်စားလှယ်လောင်းများအား အမည်မဲ့လှူဒါန်းခြင်းများကို တားမြစ်ချက်ရှိပါသလား? | ၆၅% | ၅၇% | ၅၃% |
| ၁၁ | နိုင်ငံရေးပါတီများသို့မဟုတ် ကိုယ်စားလှယ်လောင်းများအား နိုင်ငံတော်ပိုင်အရင်း အမြစ်များပေးထားခြင်း၊ သို့မဟုတ် ပါတီများမှ ရယူခြင်း (စည်းမျဉ်းများနှင့်အညီ လူထုမှထည့်ဝင်ခြင်း မပါဝင်ပါ)ကို တားမြစ်ချက်ရှိပါသလား? | ၈၅% | ၈၀% | ၉၀% |
| ၁၂ | လှူဒါန်းမှုများနှင့်ပတ်သက်သော အခြားတားမြစ်ချက်များရှိပါသလား ? | ၅၂% | ၅၀% | ၄၈% |
| **လှူဒါန်းမှုအတွက် ကန့်သတ်ချက်များ** | | | | |
| ၁၃ | အလှူရှင်တစ်ဦးမှ အချိန်ကာလတစ်ခုအတွင်း နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့် ပမာဏကို ကန့်သတ်ချက်ရှိပါသလား (ရွေးကောက်ပွဲတစ်ခုတည်း အတွက်သာမဟုတ်)? | ၄၁% | ၃၃% | ၂၆% |
| ၁၅ | ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အလှူရှင်တစ်ဦးမှ နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့်ပမာဏကို ကန့်သတ်ချက်ရှိပါသလား? | ၃၇% | ၃၃% | ၂၇% |
| ၁၇ | အလှူရှင်တစ်ဦးမှ ကိုယ်စားလှယ်လောင်းတစ်ဦးကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့် ပမာဏကို ကန့်သတ်ချက်ရှိပါသလား? | ၃၃% | ၃၂% | ၂၆% |
| **လူထုထည့်ဝင်ငွေ** | | | | |
| ၁၉ | နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ် ပြဋ္ဌာန်းချက်များရှိပါသလား? | ၈၅% | ၇၄% | ၅၉% |
| ၂၃ | နိုင်ငံရေးပါတီများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများအပေါ် ပြဋ္ဌာန်းချက်များရှိပါသလား? | ၆၂% | ၈၂% | ၆၃% |
| ၂၅ | ကိုယ်စားလှယ်လောင်းများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများအပေါ် ပြဋ္ဌာန်းချက်များ ရှိပါသလား? | ၁၉% | ၅၀% | ၆၀% |
| ၂၆ | လူထုမှ သွယ်ဝိုက်ထည့်ဝင်ငွေအတွက် အခြားသောပြဋ္ဌာန်းချက်များ ရှိပါသလား? | ၈၈% | ၆၇% | ၆၃% |
| ၂၇ | နိုင်ငံရေးပါတီများသို့လူထုမှ တိုက်ရိုက်ထည့်ဝင်ငွေဆိုင်ရာ ပြဋ္ဌာန်းချက်သည် ကိုယ်စားလှယ်လောင်းများ၏ ကျား/မ အချိုးညီမျှမှုနှင့် ဆက်စပ်မှုရှိပါသလား? | ၄% | ၂၀% | ၁၁% |
| ၂၈ | နိုင်ငံရေးပါတီများအတွင်း ကျား/မအချိုးညီမျှမှုကို တွန်းအားပေးသော ဘဏ္ဍာရေးဆိုင်ရာ အခြားသော ပြဋ္ဌာန်းချက်များရှိပါသလား? | ၈% | ၁၄% | ၂% |
| **အသုံးစရိတ်အပေါ် တားမြစ်ချက်များ** | | | | |
| ၂၉ | မဲဝယ်ခြင်းအတွက် တားမြစ်ချက်ရှိပါသလား? | ၁၀၀% | ၉၃% | ၉၃% |

| | | | | |
|---|---|---|---|---|
| ၃၀ | နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးအား အကျိုးဖြစ်ထွန်းစေရန် နိုင်ငံတော်ပိုင်အရင်း အမြစ်များအားအသုံးပြုခြင်းအပေါ် တားမြစ်မှု ရှိပါသလား? | ၈၀% | ၉၂% | ၉၅% |
| **အသုံးစရိတ်အပေါ် ကန့်သတ်ချက်များ** | | | | |
| ၃၁ | နိုင်ငံရေးပါတီတစ်ခုသုံးစွဲနိုင်သည့်ပမာဏအပေါ် ကန့်သတ်ချက်ရှိပါသလား? | ၂၂% | ၄၂% | ၂၄% |
| ၃၃ | ကိုယ်စားလှယ်လောင်းတစ်ဦး သုံးစွဲနိုင်သည့်ပမာဏအပေါ် ကန့်သတ်ချက်ရှိပါသလား? | ၄၁% | ၅၆% | ၃၈% |
| **ဘဏ္ဍာရေးရှင်းတမ်း** | | | | |
| ၃၅ | နိုင်ငံရေးပါတီများသည် ၎င်းတို့၏ဘဏ္ဍာရေးနှင့်ပတ်သက်၍ အစီရင်ခံစာပုံမှန်တင်သွင်းကြရပါသလား? | ၉၂% | ၆၉% | ၇၂% |
| ၃၆ | နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေးအစီရင်ခံစာ တင်သွင်းကြရပါသလား? | ၅၀% | ၅၇% | ၅၀% |
| ၃၇ | ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေးအစီရင်ခံစာ တင်သွင်းကြရပါသလား? | ၆၈% | ၆၇% | ၅၄% |
| ၃၈ | နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင်ခံစာများတွင် ပါဝင်သော သတင်းအချက်အလက်များကို ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာမှုပြုပါသလား? | ၈၈% | ၈၀% | ၆၁% |
| ၃၉ | နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင် ခံစာများတွင် အလှူရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း | ၈၈% | ၈၃% | ၇၂% |

* ယခုမေးခွန်းအတွက် "ရှိ"ဟု ဖော်ပြထားသောကိန်းဂဏန်းများတွင် "ကန့်သတ်ချက်ကို ပုံမှန်ကျင့်သုံးသည်"သည်ဟု သတ်မှတ်ထားသော နိုင်ငံများပါဝင်ပါသည်။

** ယခုမေးခွန်းအတွက် ရာခိုင်နှုန်းများသည် ဒေသတစ်ခုစီရှိ "ပုံမှန်ရန်ပုံငွေထောက်ပံ့ထားသည်"ဟုဖော်ပြသောနိုင်ငံများနှင့် /သို့မဟုတ် "မဲဆွယ်လှုပ်ရှားမှုအတွက်ရန်ပုံငွေထောက်ပံ့ထားသည်ဟု ဖော်ပြသောနိုင်ငံများပါဝင်ပါသည်။

မှတ်ချက်။ ရာခိုင်နှုန်းများသည် အပေါင်းလက္ခဏာပြသောအဖြေ(မှန်) ကိုသာရည်ညွှန်းပါသည်။ ဇယားတွင်ဖော်ပြထားသည့် ရာခိုင်နှုန်းများသည် မေးခွန်းတစ်ခုစီအတွက်ဖြေကြားခဲ့သော အဖြေစုစုပေါင်း အပေါ်တွင် တွက်ချက်ထားခြင်းသာဖြစ်ပြီး ဒေတာဘေ့စ်တွင်ပါသော နိုင်ငံစုစုပေါင်းအပေါ်တွင် တွက်ချက်ထားခြင်း မဟုတ်ပါ။

## ဂ) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ

ယခုအစီရင်ခံစာတွင် အထူးအရေးကြီးသည်ဟု ဒေတာဘေ့စ်တွင် အမှတ်အသားပြုထားရသည့် အကြောင်းအရာနှစ်ခုနှင့် စပ်လျဉ်းသော ဆွေးနွေးချက်ကိုလည်း အကျဉ်းချုံး တင်ပြထားပါသည်။

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ ဆက်ဆံရေးနှင့် ပတ်သက်သောမေးခွန်းသည် အရေးကြီး လှပေသည်။ နိုင်ငံရေးပါတီများနှင့် ယင်းတို့၏ကိုယ်စားလှယ်လောင်း များသည် ဘဏ္ဍာရေး အစီရင်ခံစာ တင်သွင်းကြရခြင်းမရှိပါက အစီရင်ခံစာတင်သွင်းရန် မလိုသည့် Stakeholder မှတစ်ဆင့် ရန်ပုံငွေများစီးဆင်းမှုလမ်းကြောင်းတစ်ခု ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည်။ ပါတီများနှင့်ကိုယ်စားလှယ် လောင်းများထံမှ

ဘဏ္ဍာရေးအစီရင်ခံစာ ရယူရန်မလိုအပ်သည့် အကျပ်အတည်းကို ၄၇ ရာခိုင်နှုန်းသော နိုင်ငံများတွင် ရင်ဆိုင် နေကြရပါသည်။ ဒေတာဘေ့စ်အရလည်း အချို့သောလှူဒါန်းမှုနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များသည် ကိုယ်စားလှယ်လောင်းများထက် နိုင်ငံရေးပါတီများအတွက် ပိုမိုများပြားပြီး နိုင်ငံအတော်များများတွင် နိုင်ငံရေးပါတီများအတွက် မဟုတ်ဘဲကိုယ်စားလှယ်လောင်းများ အတွက် အသုံးစရိတ် ကန့်သတ်ချက်များကို ချမှတ်ထားကြပါသည်။

ထိုတွေ့ရှိချက်များကြောင့် လက်တင်အမေရိကနှင့်ပတ်သက်၍ ကာတာစင်တာနှင့် နိုင်ငံတကာ ပွင့်လင်းမြင်သာမှု (TI)တို့၏ လေ့လာမှုများတွင်….

"…….ရွေးကောက်ပွဲ စီမံခန့်ခွဲသည့်အဖွဲ့အစည်းများထံ တင်သွင်းသည့် အစီရင်ခံစာများတွင် ကိုယ်စားလှယ်လောင်းများက အသုံးပြုသည့် အရင်းအမြစ်များကို စာရင်းမဖော်ပြဘဲ ရှောင်လွှဲထားကြသည်။ အကျိုးဆက်အားဖြင့် ကိုယ်စားလှယ်လောင်းများ သုံးစွဲသည့် အရင်းအမြစ်များသည် ပါတီများကသုံးစွဲသည့်စာရင်းများလောက် လူထုထံသို့ချပြခြင်း မခံရပေ………အစီရင်ခံစာတင်သွင်းမှု၏ အတိမ်အနက်နှင့် ကျယ်ပြန့်နက်ရှိုင်းမှုတို့သည်လည်း မေးမိုန်နေခဲ့ရသည်……ကိုယ်စားလှယ်လောင်းများက သုံးစွဲသည့် အရင်းအမြစ်များနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှု မရှိခြင်းသည် ဒေသတွင်းနိုင်ငံရေးဘဏ္ဍာငွေစနစ်များ၏ အဓိကအားနည်းချက်ဖြစ်သည်…ပါတီများက ပြုလုပ်သည့် ရန်ပုံငွေကောက်ခံမှုထက် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီက ရန်ပုံငွေ ကောက်ခံရာတွင် အလှူရှင်၏ ဆန္ဒထက်ပိုမို တောင်းခံခြင်းများလည်း ဖြစ်ပေါ်နိုင်သည့်အတွက်ကြောင့် အကျပ်အတည်းများ ပိုမို ဖြစ်ပေါ်လာရသည်………… ထိုဖြစ်စဉ်ကြောင့် လူထုအရေးတွင် ပုဂ္ဂလိကအကျိုးစီးပွား လွှမ်းမိုးမှု အန္တရာယ် ဖြစ်ပေါ်လာရသည်"(ကာတာစင်တာနှင့် နိုင်ငံတကာပွင့်လင်းမြင်သာမှု (TI) ၂၀၀၇: ၁၂)

ထိုပြဿနာသည် လက်တင်အမေရိကတွင်သာ ဖြစ်ပေါ်သည် မဟုတ်ပေ။ အာဖရိကနိုင်ငံများတွင် ရွေးကောက်ပွဲ ငွေကြေးသည် ပါတီများမှစီးဆင်းသည်ထက် ထိုပါတီ၏ ကိုယ်စားလှယ်လောင်းများထံမှစီးဆင်းသည်က ပိုမိုများပြားသည်။ အာဖရိကနိုင်ငံရေးပါတီများအတွက် လှူဒါန်းမှုတားမြစ်ချက်တွင် ကိုယ်စား

လှယ်လောင်းအတွက် တားမြစ်မှုမပါဝင်သဖြင့် အာဖရိက ရွေးကောက်ပွဲနိုင်ငံရေးတွင် ပြဿနာဖြစ်ပွားစေသည့်အချက် တစ်ချက်ဖြစ်သည်။ ရှေးကျသော ဒီမိုကရေစီနိုင်ငံများတွင်လည်း အလားတူပြဿနာကို တွေ့ရသည်။ အကျင့်ပျက်ခြစားမှုကို ဆန့်ကျင်သော နိုင်ငံများအဖွဲ့၏ အစီရင်ခံစာတွင် ဂျာမနီနိုင်ငံနှင့်ပတ်သက်၍ဖော်ပြထားသည်မှာ ….

> ဂျာမနီနိုင်ငံ၏စနစ်သည် နိုင်ငံရေးပါတီများအား အဓိက ထားသည့်အတွက် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲလှုပ်ရှားမှုများတွင် ပါဝင်နိုင်ရန် အခွင့်အရေးအနည်းငယ်သာရှိသည်။ သို့သော် မည်သည့်ဖြစ်ရပ်တွင်မဆို နိုင်ငံရေးပါတီ ကိုယ်စားပြု ကိုယ်စားလှယ်လောင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်အား ပုဂ္ဂလိကအလှူရှင်များမှ ဘဏ္ဍာငွေထောက်ပံ့ခြင်းကို တားဆီးနိုင်ခြင်းမရှိပေ။ နိုင်ငံရေးပါတီများအက်ဥပဒေတွင် ဘန်ဒက်စ်တက်ပါတီဝင်မဟုတ်သော ကိုယ်စားလှယ်လောင်းများအား တိုက်ရိုက်လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ဖော်ပြထားခြင်း မရှိပေ … ထို့ကြောင့် နောက်ရွေးကောက်ပွဲတွင် ပါဝင်မည့် လွှတ်တော်အမတ်များနှင့်ကိုယ်စား လှယ်လောင်းအသစ်များအတွက် ဥပဒသည်လည်း မျှတမှုမရှိဖြစ်ရသည် … ၎င်း၏ပါတီက ရရှိသည့် လှူဒါန်းငွေများကို လွှဲပြောင်းပေးမည်/မပေးမည်ကို လွှတ်တော်အမတ်များက ဆုံးဖြတ်ရမည်သာဖြစ်သည်..ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုရှုထောင့်အရ နိုင်ငံရေးပါတီများ အက်ဥပဒေပါ စည်းမျဉ်းများနှင့် ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ခံအမတ်များအား ချမှတ်ထားသည့် စည်းမျဉ်းများအကြားတွင် မျှတမှုမရှိဟု ထင်မြင်ယူဆရပြီး ထိုအချက်သည် နိုင်ငံရေးပါတီများအက်ဥပဒေ၏ စွမ်းဆောင်ရည်အပေါ် အကျိုးသက် ရောက်မှုရှိနိုင်ပါသည် (GRECO 2009b: 22f)။

ဥပဒေရေးဆွဲသူများအနေဖြင့် ၎င်းတို့၏နိုင်ငံရေးစနစ်တွင် ငွေကြေး၏အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ပြည့်စုံကျယ်ပြန့်သည့် အမြင်များရှိရန် လိုအပ်ပါသည်။ ဟာကွက၊ လွတ်ကွက်မရှိသည့် စည်းမျဉ်းဥပဒေများကို ဖန်တီးရေးဆွဲရန်မဖြစ်နိုင်သော်လည်း ယင်းသို့ကြိုးပမ်း ဆောင်ရွက်ခြင်းကပင် နိုင်ငံရေးလွတ်လပ်ခွင့်ကို ထိခိုက်နိုင်သည့် အန္တရာယ်ကိုဖြစ်ပေါ်စေသည့်အတွက် အဓိက Stakeholders များနှင့် နိုင်ငံရေးစနစ်တွင်၎င်းတို့၏အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။

## ဃ) နိုင်ငံရေး ဘဏ္ဍာငွေဆိုင်ရာပွင့်လင်းမြင်သာမှု

နိုင်ငံရေးတွင်ငွေကြေးပါဝင်မှု အခန်းကဏ္ဍကို ထိရောက်စွာ ကြီးကြပ်ကိုင်တွယ်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်လိုသည်။ ၈၈ ရာခိုင်နှုန်းသောနိုင်ငံများတွင် အနည်းဆုံးအားဖြင့် အစီရင်ခံစာ တင်သွင်းရန်သတ်မှတ်ချက်များ ထားရှိကြသဖြင့် ထိုကိစ္စနှင့် ပတ်သက်၍ အဓိကတွန်းအားပေးထားသည်ကို တွေ့ရှိရပေသည်။ ယခင်ဒေတာဘေ့စ်အဟောင်းနှင့်အသစ်တို့အား နှိုင်းယှဉ်လေ့လာမှုများအရ အချိန်ကာလပြောင်းလဲလာသည်နှင့်အမျှ ဘဏ္ဍာရေး အစီရင်ခံစာတင်သွင်းရန်စည်းမျဉ်းများကို နိုင်ငံအသီးသီးက လက်ခံကျင့်သုံးလာကြပါသည်။

သို့ရာတွင် အခြားသော အရေးကြီးသည့် ထည့်သွင်းစဉ်းစားစရာ အကြောင်းအရာများစွာရှိပေသည်။ အစီရင်ခံစာတင်သွင်းရာတွင် တိကျခိုင်မာမှုကိုစစ်ဆေးပြီး အရေးယူဆောင်ရွက်ခြင်း မရှိသည် ကိုသိရှိထားပါက နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်း များအနေဖြင့် ဘဏ္ဍာရေးအစီရင်ခံစာတွင် တိကျသော သတင်း အချက်အလက်များ ထည့်သွင်းမည် မဟုတ်တော့ပေ။ International IDEA ၏ ဒေတာဘေ့စ်ကိုသုံးသပ်လေ့လာရာမှ အဓိ ကတွေ့ရှိရသောအချက်မှာ နိုင်ငံပေါင်း ၄၈(ဒေတာဘေ့စ်ပါ နိုင်ငံ များ၏ လေးပုံတစ်ပုံ)နှင့် ဘဏ္ဍာရေးအစီရင်ခံစာ တင်သွင်းရန် ပြဋ္ဌာန်းထားသောနိုင်ငံများ၏ ၂၉ ရာခိုင်နှုန်းတွင် စည်းမျဉ်း ချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးခြင်းသို့မဟုတ် ဘဏ္ဍာရေး အစီရင်ခံစာ စစ်ဆေးရမည့်အဖွဲ့အစည်းကို သတ်မှတ်ပြဋ္ဌာန်း ထားမှုမရှိကြပေ။

ထိုနိုင်ငံများသည် ကုလသမဂ္ဂလာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး ညီလာခံ၏ ကြေညာချက်ဖြစ်သည့် "နိုင်ငံအားလုံးသည် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများအား ရန်ပုံငွေထောက်ပံ့ရာတွင်ပွင့်လင်းမြင်သာမှုရှိအောင်ကြိုးပမ်းသင့် သည်" ဟူသောအချက်နှင့်ကွာလှမ်းလျက်ရှိသည်ကို တွေ့ရပေ သည်။(အပိုဒ် ၇.၃)

အချို့သောအခြေအနေများတွင် နိုးကြားတက်ကြွမှု ရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများက ကြီးကြပ်မှု အားနည်းခြင်းကြောင့် ဖြစ်ပေါ်လာရသော ပြဿနာများကို လျော့ပါးသွားအောင် စွမ်းဆောင်မှုပြုနိုင်ကြသည်။ သို့ရာတွင် အဆိုပါ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများကတင်သွင်းသည့် ဘဏ္ဍာရေးမှတ်တမ်း

များကိုလေ့လာခွင့်မရပါက ထိရောက်စွာ စောင့်ကြည့်လေ့လာနိုင်မည်မဟုတ်ပေ။ ၂၁ ရာခိုင်နှုန်းသောနိုင်ငံများတွင် အစီရင်ခံစာတင်သွင်းရာ၌ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲမဲဆွယ်လှုပ်ရှားမှုများ၏ ဝင်ငွေရရှိမှုနည်းလမ်းကို ဖော်ပြရန်မလိုပေ။ ထို့ထက်ပို၍ဆိုးဝါးသည်မှာ ၂၈ ရာခိုင်နှုန်းသောနိုင်ငံများတွင် ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ နိုင်ငံရေးပါတီကဖြစ်စေ၊ အစီရင်ခံစာလက်ခံသည့် အဖွဲ့အစည်းကဖြစ်စေ ဘဏ္ဍာရေး အစီရင်ခံစာကို လူထုသို့အသိပေးချပြရန်မလိုခြင်းပင် ဖြစ်သည်။ ထိုသို့သောဖြစ်ရပ်များတွင် နိုင်ငံရေးဘဏ္ဍာငွေဆိုင်ရာ ပွင့်လင်းမြင်သာမှုကို တွေ့မြင်နိုင်ရန်ခက်ခဲမည်ဖြစ်ပါသည်။

နိုင်ငံတစ်ခုချင်းစီအလိုက် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများကို ချမှတ်ကြရာတွင် အချက်လေးချက်ကိုပါဝင်အောင် ရေးဆွဲကြရမည်ဖြစ်ပါသည်-

၁) *ဘဏ္ဍာရေးဖော်ပြချက်* : နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက ဘဏ္ဍာရေးအစီရင်ခံစာများ တင်သွင်းသင့်ကြပြီး တင်သွင်းရမည့် သတ်မှတ်ချက်များသည် ထိုအရေးကြီးပုဂ္ဂိုလ်များ အတွက်ဝန်ထုတ်ဝန်ပိုးဖြစ်စေမည့် သတ်မှတ်ချက်မျိုး မဖြစ်စေရန် ပုံဖော်ရေးဆွဲကြရမည်ဖြစ်ပါသည်။

၂) *ငွေကြေးစီးဆင်းမှုကိုနားလည်ခြင်း* : အစီရင်ခံစာများတွင် နိုင်ငံရေးစနစ်၌ မည်ကဲ့သို့ငွေကြေး ဖြတ်သန်းစီးဆင်းသည်ကို ဖော်ပြသည့် လုံလောက်သော သတင်းအချက်အလက်များ ပါဝင်ရမည်ဖြစ်ပါသည်။ ဥပဒေနှင့်အညီ ထည့်ဝင်ခြင်းဖြစ်သော်လည်း အနည်းငယ်မျှသာလှူဒါန်းနိုင်သော အလှူရှင်များအနေဖြင့် ၎င်းတို့၏ ကိုယ်ရေးအချက်များအား ဖော်ထုတ်လိုသည့် ဆန္ဒမရှိကြသော်လည်း ပမာဏများပြားသောလှူဒါန်းမှုများကို ပြုလုပ်သည့် မဲဆန္ဒရှင်များ အနေဖြင့် အဆိုပါငွေများ မည်သည့်နေရာမှလာသည်ကိုသိရှိခွင့် ရှိသည့်အတွက် ထိုစဉ်းစားမှုက အလေးသာနေပေသည်။

၃) *လွတ်လပ်သောစစ်ဆေးမှု* : ဘဏ္ဍာရေးအစီရင်ခံစာများကို စစ်ဆေးခြင်းနှင့် စည်းမျဉ်းချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးမည့် အဖွဲ့အစည်းအတွက် အခွင့်အာဏာများ တိကျစွာသတ်မှတ်ပြဋ္ဌာန်းထားရန်လိုပြီး ထိုအဖွဲ့အစည်းသည် လွတ်လပ်မှုရှိပြီး အမှန်တကယ်စွမ်းဆောင်နိုင်စွမ်း ရှိသင့်ပါသည်။ အဓိကရည်မှန်းချက်မှာ ပွင့်လင်းမြင်သာမှုနှင့် စည်းကမ်းလိုက်နာမှုကို တွန်းအားပေးရန်ဖြစ်သင့်သော်လည်း တားမြစ်မှုများနှင့် ထိုက်သင့်သော အရေးယူမှုများရှိသင့်ပါသည်။

၄) *လူထုအားအသိပေးချပြခြင်း* : ဘဏ္ဍာရေးအစီရင်ခံစာတွင် ပါဝင်သည့် သတင်းအချက်အလက်များကို ပြည်သူလူထု အလွယ်တကူလက်လှမ်းမီနိုင်သည့်နည်းလမ်းဖြင့် အသိပေးချပြသင့်ပါသည်။ ထိုသို့မဟုတ်ပါက ပွင့်လင်းမြင်သာမှုကို ရရှိနိုင်မည်မဟုတ်ပေ။

အထက်ဖော်ပြပါအချက်လေးချက်ကို ပါဝင်အောင်ထည့်သွင်းထားခြင်းဖြင့် နိုင်ငံရေးစနစ်တွင်ငွေကြေးပါဝင်မှု၏ ပွင့်လင်းမြင်သာမှုကို ရရှိစေမည်ဟု အာမခံချက်မပြုနိုင်ပါချေ။ အဆိုပါ Stakeholders များအနေဖြင့် အချို့သောသတင်းများကို ဖုံးကွယ်ထားလိုမှုရှိကြပြီး မည်သည့်စနစ်တွင်မဆို ၎င်းတို့သည် လွတ်ကွက်ဟာကွက်များကိုသာ ရှာဖွေနေကြမည်သာ ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံရေးဘဏ္ဍာငွေကို ဒီမိုကရေစီနည်းကျ ထိန်းချုပ်ရာတွင် ကောင်းမွန်ကျနစွာရေးဆွဲထားသော အစီရင်ခံစာတင်သွင်း မှုစနစ်သည် မရှိမဖြစ်လိုအပ်သော အဆင့်ပင်ဖြစ်ပါသည်။

ယခုအစီရင်ခံကို International IDEA ၏ဒေတာဘေ့စ်တွင် ဖော်ပြထားသည့် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်ထားမှုများကို မိတ်ဆက်သဘောမျှဖော်ပြရန် ရည်ရွယ်ထားပါသည်။ ဒေတာဘေ့စ်ကဲ့သို့ပင် ယခုစာအုပ်သည် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများပေါ်ပေါက်လာရသည့်အကြောင်းများ၊ အသုံးပြုပုံများ၊ အကျိုးရလဒ်များနှင့်စပ်လျဉ်းသော သုတေသနများဆက်လက်လုပ်ဆောင်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ တစ်ကမ္ဘာလုံးမှ သတင်းအချက်အလက်များကို စုစည်းတင်ပြထားသည်ဖြစ်ရာ ယင်းတို့ကို ဒေသအဆင့်၊ နိုင်ငံအဆင့်သုတေသနများတွင် ထပ်တူထပ်မျှအသုံးချနိုင်မည်ဖြစ်ပါသည်။

အခန်း ၁ သည် ဒေတာဘေ့စ်တွင်ပါသော နိုင်ငံရေးဘဏ္ဍာငွေ စည်းမျဉ်းများဆိုင်ရာ မေးခွန်းများကို အမျိုးအစား ၇ မျိုးဖြင့်လေ့လာထားပြီး ဒေသအလိုက်နှိုင်းယှဉ်လေ့လာမှုကို အလေးထားဖော်ပြထားပါသည်။ လေ့လာရာတွင် ဒေတာဘေ့စ်တွင်ပါဝင်သည့် နိုင်ငံပေါင်း ၁၈၀ မှ အချက် အလက်ပေါင်း ၇,၀၀၀ ခန့်ကို အခြေခံလေ့လာထားပါသည်။ တူညီသောပြဿနာများကို နိုင်ငံအသီးသီးအလိုက် မတူညီသော ဖြေရှင်းပုံများကို ဆွေးနွေးတင်ပြထားပြီး အလေးထားဆောင်ရွက်ရမည့် အကြောင်းအရာများကို ဖော်ထုတ်တင်ပြထားပါသည်။

ထိုကဲ့သို့လေ့လာရာမှထွက်ပေါ်လာသော ရလဒ်များကို "အဓိကတွေ့ရှိချက်များ" ဟူသောကဏ္ဍဖြင့် ဖော်ပြထားပြီး တစ်ကမ္ဘာလုံးနှင့် ဒေသအလိုက်ပြောင်းလဲနေသော ဦးတည်ရာများကို ညွှန်ပြထားပါသည်။ အဆိုပါ ကနဦးလေ့လာဆန်းဆစ်ချက်များသည် သုတေသီများကို အခြားသော နှိုင်းယှဉ်လေ့လာမှုများပြုလုပ်ရာတွင် တွန်းအားတစ်ရပ်အဖြစ် အထောက်အပံ့ပြုလိမ့်မည်ဟု မျှော်လင့်မိပါသည်။

အခန်း ၂ တွင် နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများနှင့် လွတ်လပ်မှုအဆင့်အတန်း၊ အကျင့်ပျက်ခြစားမှုအယူအဆတို့၏ ရပ်တည်မှုအနေအထား အသီးသီးတို့ကို နှိုင်းယှဉ်ဖော်ပြထားပြီး ဒေတာဘေ့စ်နှင့် အခြားသော သတင်းအရင်းအမြစ်များကို ပေါင်းစည်းဆက်စပ်နိုင်မည့်နည်းလမ်းများကိုဖော်ပြထားခြင်းဖြင့်ဖြင့် ကျွန်ုပ်တို့၏ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများအကြောင်း နားလည်မှုအတိုင်းအတာကို တိုးမြှင့်သွားနိုင်မည်ဖြစ်ပါသည်။

နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများနှင့် နိုင်ငံရေးဖွံ့ဖြိုး တိုးတက်မှု တို့အကြား ဆက်စပ်မှုရှိ/မရှိကိုလေ့လာရန်၊ အခြားတစ်ဖက်တွင် လည်း စည်းမျဉ်းများနှင့်အကျင့်ပျက်ခြစားမှု အဆင့်အတန်း တို့အကြား ဆက်စပ်မှုရှိ/မရှိဆိုသည်ကို လေ့လာနိုင်ရန်အတွက် လွတ်လပ်မှုအဆင့်အတန်းနှင့် အကျင့်ပျက်ခြစားမှု အယူအဆ တို့ကို ရွေးချယ်ခဲ့ပါသည်။ ကနဦးဆန်းဆစ်လေ့လာချက်များအရ သိသာထင်ရှားသည့် ဆက်စပ်မှုအချို့ရှိသည်ကိုတွေ့ရပြီး နိုင်ငံရေးဘဏ္ဍာငွေတွင် စည်းမျဉ်းများ၏ ပါဝင်မှုအနေအထားကို သိရှိနားလည်နိုင်ရန်အတွက် သုတေသနများဆက်လက် လုပ်ဆောင်ရန်လိုအပ်ပါသည်။ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်း များနှင့် လူ့အဖွဲ့အစည်း၏ အခြားသောဖြစ်ရပ်များအကြား ဖြစ်နိုင်ခြေရှိသည့် အမှတ်မထင်ဆက်စပ်မှုများအတွက်လည်း အခြားသော နည်းလမ်းများကိုအသုံးပြု၍ လေ့လာရမည် ဖြစ် ပါသည်။

အခန်း ၂ ၏ဒုတိယပိုင်းသည် အဓိကအရေးကြီးသည့် အာဘော် ၂ ခုဖြစ်သည့် နိုင်ငံရေးပါတီဘဏ္ဍာရေးနှင့် ကိုယ်စားလှယ် လောင်း ဘဏ္ဍာရေးဆက်စပ်မှု၊ နိုင်ငံတိုင်းတွင် ငွေကြေးကဏ္ဍ၏ ပွင့်လင်းမြင်သာမှုအဆင့်အတန်းတို့ကိုအဓိကထားလေ့လာခဲ့ပါ သည်။ နိုင်ငံများအနေဖြင့် လှူဒါန်းမှုနှင့်သုံးစွဲမှုဆိုင်ရာ ကန့်သတ် ချက်များ၊ ဘဏ္ဍာရေးရှင်းတမ်းထုတ်ပြန်ရာတွင် ပါဝင်ရန်အချက် များကို ချမှတ်မည်ဆိုပါက နိုင်ငံရေးပါတီနှင့်ကိုယ်စားလှယ် လောင်းဘဏ္ဍာငွေကို တွဲဖက်စဉ်းစားသင့်ကြောင်း ကန့်ကွက် ပြောဆိုမှုများလည်းရှိခဲ့ပါသည်။

ထို့အပြင် နိုင်ငံရေးဘဏ္ဍာငွေကြီးကြပ်ကွပ်ကဲရာတွင် ပွင့်လင်း မြင်သာမှုရှိခြင်းသည် အခြေခံအချက်ဖြစ်ပြီး အလုံးစုံပွင့်လင်း မြင်သာမှုအတွက် အာမခံချက်မပြုနိုင်သော်လည်း အမျိုးသား နိုင်ငံရေးတွင်ငွေကြေးပါဝင်ပတ်သက်မှုအခန်းကဏ္ဍတွင်ပွင့်လင်း မြင်သာရှိစေရန်အတွက် ဖော်ပြခဲ့သည့်အတိုင်း အချက်လေးချက် လိုအပ်မည်ဖြစ်ပါသည်။

များစွာသောနိုင်ငံတို့တွင်ပြုလုပ်လျက်ရှိသည့် ပြုပြင်ပြောင်း လဲရေးလုပ်ငန်းများတွင် ကမ္ဘာ့နိုင်ငံအသီးသီးတို့၏ စည်းမျဉ်း များနှင့်ဆိုင်သော သတင်းအချက်အလက်များသည် အထောက် အကူ များစွာပေးနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် အခြား တစ်နေရာတွင်အသုံးပြုသည့် စည်းမျဉ်းများကို မည်သည့်နိုင်ငံ ကမျှ ချွင်းချက်မရှိလက်ခံရန်မသင့်ပါချေ။

စည်းမျဉ်းချမှတ်သူများအနေဖြင့် ၎င်းတို့၏နိုင်ငံရေးစနစ်တွင် ငွေကြေး ပါဝင်နေမှု အခန်းကဏ္ဍကိုကျယ်ကျယ်ပြန့်ပြန့်ရှုမြင်သုံးသပ်ရန်လိုအပ်ပြီး မိမိတို့နိုင်ငံနှင့်သင့်လျော်မည့်စည်းမျဉ်းများကိုသာ လက်ခံကျင့်သုံးကြရန် ဖြစ်ပါသည်။

ဒေတာဘေ့စ်နှစ်ခုကို တိုက်ရိုက်နှိုင်းယှဉ်ဖော်ပြမှုမပြုနိုင်သော်လည်း ကမ္ဘာ့ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများသည် ပိုမိုပျံ့နှံ့လာပြီး ပိုမိုနက်နဲရှုပ်ထွေး လာသည်ကို ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မူရင်းဒေတာဘေ့စ် နှင့် ဒေတာဘေ့စ်အသစ်တို့ကဖော်ပြလျက်ရှိပါသည်။ မူရင်းဒေတာဘေ့စ်ကို IDEA ၏အင်တာနက်စာမျက်နှာပေါ်တွင်လေ့လာနိုင်ပြီး စိတ်ဝင်စားသူများ အနေဖြင့် စည်းမျဉ်းများအကြားခြားနားမှု၊ အထူးသဖြင့် နိုင်ငံအဆင့် ခြားနားမှုများကို ကိုလေ့လာနိုင်ပါသည်။

ပိုမိုအသေးစိတ်သည့် လေ့လာမှုများမှတစ်ဆင့် ဆက်လက်ဖြေဆိုရန် လိုအပ် နေသေးသည့်မေးခွန်းများဖော်ထုတ်ရန်နှင့် ဒေတာဘေ့စ်ပါသတင်းအချက် အလက်များကို ထုတ်နှုတ်သုံးစွဲရမည့်နည်းလမ်းများကို အကျဉ်းချုံး မိတ်ဆက်ဖော်ပြထားသည့် ယခုစာအုပ်က ကူညီခဲ့ပြီးဖြစ်သည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ သတိပြုရန်တစ်ခုမှာ ဒေတာဘေ့စ်ပါမေးခွန်းတစ်ခုစီ၏ အဖြေများမှတစ်ပါး နောက်ထပ်သုတေသနများလုပ်ဆောင်ရာတွင် အသုံးဝင် မည့်အရင်းမြစ်များနှင့် သက်ဆိုင်ရာဥပဒေအကိုးအကားများကို နိုင်ငံ အသီးသီးအတွက် Coding ပြုလုပ်ထားခြင်းဖြစ်သဖြင့် ဒေတာဘေ့စ်ပါ သတင်းအချက်အလက်များကို အောက်ဖော်ပြပါ အင်တာနက်လိပ်စာ တွင်လည်း ဆက်လက်မွှေနှောက်ဖတ်ရှုသွားကြပါရန် စာရှုသူများကို တိုက်တွန်းမှုပြုအပ်ပါသည်။
<http://www.idea.int/political-finance>

## နောက်ဆက်တွဲ - ဒေတာဘေ့စ်ထဲတွင်ရှိသော မေးခွန်းများစာရင်း

International IDEA ၏ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းများ ဒေတာဘေ့စ်သည် နိုင်ငံပေါင်း ၁၈၀ တို့၏ မေးခွန်းပေါင်း ၄၃ ခုအပေါ်တွင် တုန့်ပြန်ဖြေကြားထားမှုများမှ ရရှိခဲ့သော သတင်းအချက်အလက်များကိုအခြေခံထားပါသည်။ ၂၀၁၁ တွင်ဒေတာဘေ့စ်ကို အသစ်ပြန်လည်မွမ်းမံစဉ်က အသုံးပြုခဲ့သော မေးခွန်းများကို နောက်ဆက်တွဲစာရင်းတွင် ဖော်ပြထားပါသည်။ မေးခွန်းအမျိုးအစားသတ်မှတ်ချက်များ၊ သီးခြားမေးခွန်းများနှင့် သုတေသီများအသုံးပြုခဲ့သည့် Coding instructions များကို http://www.idea.int/political-finance တွင်လေ့လာနိုင်ပါသည်။

### လှူဒါန်းမှုအတွက်တားမြစ်ချက်များ

၁။ နိုင်ငံရေးပါတီများအား နိုင်ငံခြားအရင်းအမြစ်များမှလှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား?

၂။ ကိုယ်စားလှယ်လောင်းများအား နိုင်ငံခြားအရင်းအမြစ်များမှလှူဒါန်းခြင်းကို တားမြစ်ချက် ရှိပါသလား?

၃။ နိုင်ငံရေးပါတီများအား အသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား?

၄။ ကိုယ်စားလှယ်လောင်းများအား အသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား?

၅။ နိုင်ငံရေးပါတီများအား အစိုးရနှင့်ဖက်စပ်လုပ်ကိုင်နေသောသို့မဟုတ် အစိုးရနှင့်စာချုပ်ချုပ်ဆိုထားသော အသင်းအဖွဲ့များမှလှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား?

၆။ ကိုယ်စားလှယ်လောင်းများအား အစိုးရနှင့်ဖက်စပ်လုပ်ကိုင်နေသောသို့မဟုတ် အစိုးရနှင့်စာချုပ်ချုပ်ဆိုထားသော အသင်းအဖွဲ့များမှ လှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား?

၇။ နိုင်ငံရေးပါတီများအား ကုန်သွယ်မှုသမဂ္ဂများမှ လှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား?

၈။ ကိုယ်စားလှယ်လောင်းများအား ကုန်သွယ်မှုသမဂ္ဂများမှလှူဒါန်းခြင်းကို တားမြစ်ချက်ရှိပါသလား?

၉။ နိုင်ငံရေးပါတီများအား အမည်မဲ့လှူဒါန်းခြင်းများကို တားမြစ်ချက်ရှိပါသလား?

၁၀။ ကိုယ်စားလှယ်လောင်းများအား အမည်မဲ့လှူဒါန်းခြင်းများကို တားမြစ်ချက်ရှိပါသလား?

၁၁။ နိုင်ငံရေးပါတီများသို့မဟုတ် ကိုယ်စားလှယ်လောင်းများအား နိုင်ငံတော်ပိုင်အရင်းအမြစ်များပေးထားခြင်း၊ သို့မဟုတ် ပါတီများမှရယူခြင်း (စည်းမျဉ်းများနှင့်အညီ လူထုမှထည့်ဝင်ခြင်း မပါဝင်ပါ) ကို တားမြစ်ချက်ရှိပါသလား?

၁၂။ လှူဒါန်းမှုများနှင့်ပတ်သက်သော အခြားတားမြစ်ချက်များရှိပါသလား ?

## လှူဒါန်းမှုအတွက် ကန့်သတ်ချက်များ

၁၃။ အလှူရှင်တစ်ဦးမှ အချိန်ကာလတစ်ခုအတွင်း နိုင်ငံရေးပါတီတစ်ခုကို အများဆုံး လှူဒါန်းမှုပြုနိုင်သည့် ပမာဏကို ကန့်သတ်ချက်ရှိပါသလား (ရွေးကောက်ပွဲတစ်ခုတည်း အတွက်သာမဟုတ်)?

၁၄။ အလှူရှင်တစ်ဦးမှ အချိန်ကာလတစ်ခုအတွင်း နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့် ပမာဏကန့်သတ်ချက်ရှိလျှင် ထိုကန့်သတ်ချက်သည် မည်မျှဖြစ်သနည်း?

၁၅။ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အလှူရှင်တစ်ဦးမှ နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့်ပမာဏကို ကန့်သတ်ချက်ရှိပါသလား?

၁၆။ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အလှူရှင်တစ်ဦးမှ နိုင်ငံရေးပါတီတစ်ခုကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့်ပမာဏကန့်သတ်ချက်ရှိလျှင် ထိုကန့်သတ်ချက်သည် မည်မျှဖြစ်သနည်း?

၁၇။ အလှူရှင်တစ်ဦးမှ ကိုယ်စားလှယ်လောင်းတစ်ဦးကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့် ပမာဏကို ကန့်သတ်ချက်ရှိပါသလား?

၁၈။ အလှူရှင်တစ်ဦးမှ ကိုယ်စားလှယ်လောင်းတစ်ဦးကို အများဆုံးလှူဒါန်းမှုပြုနိုင်သည့် ပမာဏကိုကန့်သတ်ချက်ရှိလျှင် ထိုကန့်သတ်ချက်သည် မည်မျှဖြစ်သနည်း?

## လူထုထည့်ဝင်ငွေ

၁၉။ နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ် ပြဋ္ဌာန်းချက်များ ရှိပါသလား?

၂၀။ နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ် ပြဋ္ဌာန်းချက်များ ရှိလျှင် အရည်အချင်းသတ်မှတ်ချက်များကား အဘယ်နည်း?

၂၁။ နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ် ပြဋ္ဌာန်းချက်များ ရှိလျှင် တွက်ချက်ခွဲဝေချထားမှုများကား အဘယ်နည်း?

၂၂။ နိုင်ငံရေးပါတီများသို့ လူထုမှတိုက်ရိုက်ထည့်ဝင်ငွေအပေါ် ပြဋ္ဌာန်းချက်များ ရှိလျှင် ထိုငွေများအား မည်ကဲ့သို့သုံးစွဲရမည်ကို (ကြိုတင်လျာထားချက်များ) ပြဋ္ဌာန်းချက်များရှိပါသလား?

၂၃။ နိုင်ငံရေးပါတီများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများအပေါ် ပြဋ္ဌာန်းချက်များရှိပါသလား?

၂၄။ နိုင်ငံရေးပါတီများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှုများအပေါ် ပြဋ္ဌာန်းချက်များရှိလျှင် မည်သည့်သတ်မှတ်ချက်များဖြင့် ထိုထောက်ပံ့မှုများကို ရယူနိုင်ပါသနည်း?

၂၅။ ကိုယ်စားလှယ်လောင်းများအား အခမဲ့မီဒီယာ သို့မဟုတ် မီဒီယာထောက်ပံ့မှု များအပေါ် ပြဋ္ဌာန်းချက်များရှိပါသလား?

၂၆။ လူထုမှသွယ်ဝိုက်ထည့်ဝင်ငွေအတွက် အခြားသောပြဌာန်းချက်များရှိပါသလား?

၂၇။ နိုင်ငံရေးပါတီများသို့လူထုမှတိုက်ရိုက်ထည့်ဝင်ငွေဆိုင်ရာ ပြဌာန်းချက်သည် ကိုယ်စားလှယ်လောင်းများ၏ ကျား/မ အချိုးညီမျှမှုနှင့် ဆက်စပ်မှုရှိပါသလား?

၂၈။ နိုင်ငံရေးပါတီများအတွင်း ကျား/မအချိုးညီမျှမှုကို တွန်းအားပေးသော ဘဏ္ဍာရေးဆိုင်ရာ အခြားသောပြဌာန်းချက်များရှိပါသလား?

## အသုံးစရိတ်အပေါ် တားမြစ်ချက်များ

၂၉။ မဲဝယ်ခြင်းအတွက် တားမြစ်ချက်ရှိပါသလား?

၃၀။ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးအား အကျိုးဖြစ်ထွန်းစေရန် နိုင်ငံတော်ပိုင်အရင်း အမြစ်များအားအသုံးပြုခြင်းအပေါ် တားမြစ်မှုရှိပါသလား?

## အသုံးစရိတ်အပေါ် ကန့်သတ်ချက်များ

၃၁။ နိုင်ငံရေးပါတီတစ်ခုသုံးစွဲနိုင်သည့်ပမာဏအပေါ်ကန့်သတ်ချက်ရှိပါသလား?

၃၂။ နိုင်ငံရေးပါတီတစ်ခုသုံးစွဲနိုင်သည့်ပမာဏအပေါ်ကန့်သတ်ချက်များရှိလျှင် ထိုကန့်သတ် ချက်သည် မည်မျှဖြစ်သနည်း?

၃၃။ ကိုယ်စားလှယ်လောင်းတစ်ဦး သုံးစွဲနိုင်သည့်ပမာဏအပေါ် ကန့်သတ်ချက်ရှိပါသလား?

၃၄။ ကိုယ်စားလှယ်လောင်းတစ်ဦး သုံးစွဲနိုင်သည့်ပမာဏအပေါ် ကန့်သတ်ချက်များရှိလျှင် ထိုကန့်သတ် ချက်သည် မည်မျှဖြစ်သနည်း?

## ဘဏ္ဍာရေးရှင်းတမ်း

၃၅။ နိုင်ငံရေးပါတီများသည် ၎င်းတို့၏ဘဏ္ဍာရေးနှင့်ပတ်သက်၍ အစီရင်ခံစာ ပုံမှန်တင်သွင်းကြရပါသလား?

၃၆။ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေး အစီရင်ခံစာတင်သွင်းကြရပါသလား?

၃၇။ ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခြင်းအတွက် ဘဏ္ဍာရေးအစီရင်ခံစာတင်သွင်းကြရပါသလား?

၃၈။ နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင်ခံစာများတွင်ပါဝင်သော သတင်းအချက်အလက်များကို ပြည်သူလူထုသို့ ထုတ်ပြန်ကြေညာမှုပြုပါသလား?

၃၉။ နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများက တင်သွင်းသည့် အစီရင်ခံစာများတွင် အလှူရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်မှု ပြုကြရပါသလား?

## အရေးယူခြင်းနှင့် အကျိုးသက်ရောက်စေခြင်း

၄၀။ မည်သည့်အဖွဲ့အစည်း(များ)သည် နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများထံမှ အစီရင်ခံစာကို လက်ခံရယူပါသနည်း?

၄၁။ ဘဏ္ဍာရေးအစီရင်ခံစာများကို စစ်ဆေးခြင်း နှင့်/သို့မဟုတ် စည်းမျဉ်းချိုးဖောက်မှုများအား စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ရန်အတွက် သီးခြားအဖွဲ့အစည်းတစ်ခုကို သတ်မှတ်ထားပါသလား?

၄၂။ နိုင်ငံရေးဘဏ္ဍာငွေကြီးကြပ်ကွပ်ကဲရန်အတွက် အခြားသော မည်သည့်အဖွဲ့အစည်းများတွင် တရားဝင်အခွင့်အာဏာရှိပါသနည်း?

၄၃။ နိုင်ငံရေးဘဏ္ဍာငွေစည်းမျဉ်းချိုးဖောက်မှုအတွက် မည်သည့်အရေးယူဆောင်ရွက်မှုများ ပြုလုပ်ပါသနည်း?

Groupe d' Etats contre la corruption (Group of States against Corruption, GRECO), *Evaluation Report on France, Transparency of Party Funding (Theme II)* (GRECO: Strasbourg, 2009).

Groupe d' Etats contre la corruption (Group of States against Corruption, GRECO), *Evaluation Report on Germany, Transparency of Party Funding (Theme II)* (GRECO: Strasbourg, 2009).

Ohman, M., 'Global trends in the regulation of political finance', paper presented at the IPSA–ECPR Joint Conference 'Whatever Happened to North–South?', University of Sao Paulo, Brazil, February 16–19, 2011.

Ohman, M. and Zainbulhai, Hani. (eds), *Regulating Political Finance: the Global Experience* (International Foundation for Electoral Systems: Washington, DC, 2009).

Speck, B and Fontana, A, '"Milking the system": fighting the abuse of public resources for re-election', U4 Issue Paper no. 7, August 2011, U4 Anti-Corruption Resource Centre, <http://www.u4.no/publications/milking-the-system-fighting-the-abuse-of-public-resources-for-re-election/>.

Transparency International (TI) and the Carter Center (TCC), The CRINIS *Project: Money in Politics, Everyone's Concern* (TI/TCC: Berlin/Atlanta, 2007).

## International IDEA ဆိုသည်မှာ?

ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာ ပံ့ပိုးရေးနိုင်ငံတကာအဖွဲ့အစည်း (IDEA) သည် ကမ္ဘာတစ်လွှားတွင် ဒီမိုကရေစီရှင်သန်အောင် မြင့်လာအောင် အထောက်အပံ့ပေးသည့် အစိုးရများအကြားချိတ်ဆက်ထားသော အဖွဲ့အစည်းဖြစ်ပါသည်။

အဖွဲ့အစည်း၏ ရည်ရွယ်ချက်များမှာ ဒီမိုကရေစီအဖွဲ့အစည်းများနှင့် လုပ်ငန်းစဉ် များအား ပိုမိုအားကောင်းခိုင်မာအောင် ပံ့ပိုးပေးခြင်းဖြစ်ပြီး ဥပဒေနှင့်ညီသော စွမ်းဆောင်ရည် ပြည့်ဝသည့် ဒီမိုကရေစီ အဖွဲ့အစည်းများ ပေါ်ထွက်လာစေရန် ဖြစ်ပါသည်။

International IDEA သည် ဒီမိုကရေစီကို ကူညီပံ့ပိုးပေးရန်အတွက် ကမ္ဘာ့နိုင်ငံများရှိ အစိုးရများအကြားချိတ်ဆက်ထားသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပါသည်။ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် နိူင်းရဗဟုသုတများနှင့် ကျွမ်းကျင်မှုများကို ဝေမျှပေးသည့် ကမ္ဘာ့ဒီမိုကရေစီ ဖတ်ကောင်တစ်ခုအဖြစ်ပါဝင်နိုင်ရန်ဖြစ်ပါသည်။

## International IDEA ဘာလုပ်သလဲ?

International IDEA သည်၎င်းအထူးကျွမ်းကျင်တတ်မြောက်သည့် လုပ်ငန်းများဖြစ်ကြသော ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း၊ နိုင်ငံရေးတွင်ပါဝင်ခြင်းနှင့် ကိုယ်စားပြုခြင်း၊ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်မှု စသည်တို့အပါအဝင် ကျား/မကဏ္ဍ၊ မတူကွဲပြားမှုကဏ္ဍနှင့် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာများအတွက် နှိုင်းရသုတများစွာကို ထုတ်လုပ်ပေးသည့်အဖွဲ့အစည်းဖြစ်ပါသည်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် အမျိုးသားအဆင့်နှင့် ဒေသအဆင့်တွင်ပါဝင်လုပ်ဆောင်နေကြ သူများအား ထိုဗဟုသုတများကို International IDEA ကသယ်ဆောင် ယူလာပေးပြီး ဒီမိုကရေစီနည်းကျ ပြုပြင်ပြောင်းလဲမှုများပေါ်ပေါက်လာစေရေးအတွက် တွေ့ဆုံဆွေးနွေးမှုများကိုလည်း စီစဉ်ပံ့ပိုးပေးပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် International IDEA အနေဖြင့်အောက်ပါတို့ကို ရည်မှန်းချက်ထားရှိပါသည်။

- စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ ဒီမိုကရေစီ ယုံကြည် စိတ်ချမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ဥပဒေနှင့်ညီညွတ်စေခြင်း

- အားလုံးပါဝင်နိုင်စေခြင်းနှင့် တာဝန်ခံမှုရှိသော ကိုယ်စားပြုမှု ဖြစ်ပေါ်စေခြင်း
- ပိုမိုစွမ်းဆောင်ရည်ပြည့်ဝပြီး ဥပဒေနှင့်ညီသော ပူးပေါင်းဆောင်ရွက်မှုကို ဖြစ်ပေါ်စေခြင်း

## International IDEA ဘယ်လိုလုပ်သလဲ?

ဒီမိုကရေစီသည် ပြည်သူများမှပေါက်ဖွား လာသည်ဖြစ်သည့်အတွက် ပုံမှန်ဖွံ့ဖြိုးတိုးတက် ပြောင်းလဲနေပါသည်။ တစ်ကမ္ဘာလုံးတွင် အသုံးချနိုင်မည့် တစ်ခုတည်းသောဒီမိုကရေစီပုံစံမရှိချေ။ လူထုကသာ ရွေးချယ်ပြီး လူထုကသာ စံနှုန်းသတ်မှတ်သည်သာ ဖြစ်ပါသည်။ IDEA ၏လုပ်ဆောင်မှုသည် ထိုနည်းအတိုင်းဖြစ်ပါသည်။ လူထုကို အပြောင်းအလဲများ၏ မောင်းနှင်အားအဖြစ်မှတ်ယူပြီး ကမ္ဘာလုံးဆိုင်ရာအလိုက်၊ ဒေသအလိုက်၊ နိုင်ငံအလိုက်လုပ်ဆောင်ပါသည်။

IDEA ၏လုပ်ငန်းကို သတ်မှတ်ဘောင်ခတ်ထားခြင်းမရှိပါ။ IDEA သည် ဘက်လိုက်မှုကင်းမဲ့သော၊ ပူးပေါင်းလုပ်ဆောင်သော နည်းလမ်းများဖြင့် ဒီမိုကရေစီလုပ်ငန်းစဉ်တွင် ကွဲပြားခြားနားမှုများရှိသည်ကို လက်ခံပြီး နိုင်ငံရေးအရ တန်းတူပါဝင်ခွင့်ရှိခြင်း၊ နိုင်ငံရေးနှင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများနှင့်အမျိုးသားများပါ ကိုယ်စားပြုနိုင်ခြင်း ဦးတည်လုပ်ဆောင်ပြီး အပြောင်းအလဲအတွက် လိုအပ်နေသည့်နိုင်ငံရေးရာဆန္ဒကိုအားပေးတိုက်တွန်းကူညီပေးပါသည်။

IDEA သည် နိုင်ငံရေးအဖွဲ့အစည်းများနှင့် ခေါင်းဆောင်များကို အတူတကွလုပ်ဆောင်နိုင်အောင်ကူညီပေးပါသည်။
အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများကျင်းပပေးခြင်းဖြင့် နိုင်ငံတကာအတွေ့အကြုံများ၊ ဒေသတွင်းအတွေ့အကြုံများကိုရရှိစေပြီး ဗဟုသုတ အပြန်အလှန်ဖလှယ်နိုင်အောင် စီစဉ်ဆောင်ရွက် ပေးပါသည်။

## IDEA ဘယ်မှာအလုပ်လုပ်သလဲ ?

International IDEA သည် တစ်ကမ္ဘာလုံးတွင်အလုပ်လုပ်ပါသည်။ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် အခြေစိုက်ပြီး အာဖရိက၊ အာရှပစိဖိတ်၊ လက်တင်အမေရိက၊ ကရစ်ဗီယန်ကျွန်းစုနိုင်ငံများ၊ အနောက်အာရှနှင့် အာဖရိကမြောက်ပိုင်းတို့တွင် ရုံးခွဲများဖွင့်လှစ်ထားပါသည်။ IDEA သည် ကုလသမဂ္ဂတွင်အမြဲတမ်း တက်ရောက်လေ့လာသူ အဖွဲ့အစည်းဖြစ်ပါသည်။